ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံ ချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 12 April 2018 ၉၂၅၇

# တရားသူကြီးများအနေဖြင့် တရားခွင်များတွင် ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမြန်ဆန်စွာ ဆင်ခြင်တုံတရားနှင့်ယှဉ်၍ ဆုံးဖြတ်ကြရန် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မှာကြား

## ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများအား နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၁

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် မည်သို့ကြပ်မတ်သွားမည်ကို စဉ်းစားဆောင်ရွက်သွားစေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များအထိ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်များဖြင့် ဆင့်ကဲဆင့်ကဲကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာကိုဆုံးရှုံးစေသည့် သက်သေခံပစ္စည်း ပျက်စီးမှုများကို ပြုပြင်ကြပ်မတ်ပေးရမည်ဖြစ်ပါကြောင်း၊ တရားခွင်များတွင် တရားသူကြီးများအနေဖြင့် ဥပဒေများ၊ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျမြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဆင်ခြင်တုံတရားနှင့်ယှဉ်၍ ဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ကာ တိုင်းပြည်၏ စီးပွားရေးမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

တရားရေးဆိုင်ရာဝန်ထမ်းများ၏ ရွှေ့ပြောင်းခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အမှန်တကယ်အရည်အချင်းရှိသူများနှင့် တရားရေးမဏ္ဍိုင်ကို မှန်ကန်စွာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ မျက်နှာကြီးငယ်မလိုက်၊ ဆုကြေးနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန်လိုအပ်ဟု မှာကြား

စာမျက်နှာ » ၃

### သင်္ကြန်ကို အခက်အခဲတွေကြားမှ မုဒိတာဖြင့် ကြိုဆိုကြပါစို့

စာမျက်နှာ » ၆

### တရားရေးမဏ္ဍိုင် ကြံ့ခိုင်ရေးသို့

စာမျက်နှာ » ၇



ကြေးမုံ

# ကိုယ်စီကိုယ်စီ တာဝန်သိစိတ်ရှိကြရမည်

"မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး တစ်ဦးချင်း တစ်ဦးချင်းဟာ တာဝန်သိစိတ် အပြည့်အဝရှိစေချင်ပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည့် ဒေသခံပြည်သူများ စကားဝိုင်း(PEACE TALK)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများထားရှိရမည့်ခံယူချက်ကို အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်တိုးတက်ရေးအတွက် ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ တစ်ဦးချင်း တစ်ဦးချင်းစီ၏ ထားရှိရမည့် စိတ်ထားများ မှန်ကန်ကောင်းမွန်ရေးသည် အထူးအရေးကြီးသည်။ ယင်းနှင့်ပတ်သက်၍ မြန်မာပြည် မီးရထားအခြေအနေနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုး ပြောကြားသွားခဲ့သေးသည်။ ယင်းမှာ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားနှင့် ထင်ဟပ်နေပေသည်။

မြန်မာပြည် မီးရထားများမှာ နှေးလည်း နှေးသည်။ ရထားတွဲများမှာလည်း သက်သောင့်သက်သာမရှိချေ။ ထို့အပြင် ရထားခေါင်းတွဲများမှာလည်း ကောင်းသင့်သလောက် မကောင်းချေ။ ယင်းအခြေအနေမှာ နှစ်ပေါင်းများစွာ ဖြစ်ပေါ်နေသော အနေအထားဖြစ်သည်။ ကျွန်ုပ်တို့အားလုံးမှာ ကောင်းမွန်ချောမွေ့သည့် အမြန်ရထားဖြင့် သွားလိုကြသည်။ နောက်ဆုံးပေါ် ကျည်ဆန်ရထားမျိုးဖြင့် သွားမည်ဆိုလျှင် ယခုရထားလမ်းဟောင်းပေါ်တွင် မောင်း၍ရမည်မဟုတ်ချေ။ ရထားတွဲ၊ ခေါင်း၊ လမ်းများနှင့် စနစ်ကိုပါ ပြုပြင်ရမည်ဖြစ်သည်။ ထို့မျှသာမက ထိုစနစ်ကိုအသုံးပြုနိုင်ရန် အသုံးပြုသူအားလုံးကိုလည်း လေ့ကျင့်ပေးရဦးမည်ဖြစ်သည်။

စနစ်တစ်ခုကို ပြောင်းလဲရာတွင် နေ့ချင်း၊ ညချင်း မဖြစ်နိုင်ချေ။ အချိန်ယူကာ အမြဲတမ်း ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်စေရန် ပြောင်းလဲဆောင်ရွက်ရာ၌ ထိုသဘောတရားအတိုင်းဖြစ်သည်ကို ကျွန်ုပ်တို့ မှတ်သားလိုက်နာရမည်ဖြစ်သည်။ လက်ရှိတွင် မပြောင်းလဲနိုင်သေးသော ရထားစနစ်ဟောင်းတွင် တာဝန်မသိ၊ တာဝန်မရှိသလို လိုက်ပါနေကြသူများအပြင် ကဖျက်ယဖျက် လုပ်ကိုင်နေကြသူများလည်း ရှိနေသေးသည်။ နိုင်ငံတော်က ရုပ်ဝတ္ထုပစ္စည်းများနှင့် စနစ်ကိုပြောင်းလဲပေးနိုင်လျှင်ပင် လိုက်ပါအသုံးပြု စီးနင်းကြသူများ ကိုယ်တိုင် တာဝန်ရှိမှု၊ တာဝန်သိမှု၊ စည်းကမ်းလိုက်နာမှု မရှိပါက တိုးတက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ချေ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတိုးတက်ရေးအတွက် ပြည်သူများအားလုံး လိုက်ပါဆောင်ရွက်ရမည့် ဥပမာများမှာ မှတ်သားဖွယ်ရာများသာမက အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည့် အချက်များဖြစ်သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသားအများစုမှာ တာဝန်ကို အလေးမထားဘဲ အခွင့်အရေးများကိုသာ ဦးစားပေးနေဆဲဖြစ်သည်ကို သတိပေးပြောကြားထားသည်။ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စီကိုယ်စီ တာဝန်သိမှု၊ တာဝန်ကျေမှု၊ တာဝန်ကိုအလေးထားမှုရှိမည်ဆိုလျှင် မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို ကျော်လွှားနိုင်ပြီး နိုင်ငံကို တိုးတက်အောင် ပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတိုးတက်ရေး၊ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြားချက်များကို အလေးအနက်ထား အားလုံးလိုက်နာကာ ကိုယ်စီကိုယ်စီ တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်များ ထားရှိကြပြီး ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

## မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၁**

လယ်ယာကဏ္ဍ မူဝါဒ(၁၀)ချက်မှ သုတေသန ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာ ဖြန့်ဖြူးခြင်းဆိုင်ရာ မူဝါဒအရ ကဏ္ဍအလိုက် သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီ နည်းပညာများ ပြန့်ပွားရေးကို ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာစေရေး၊ မျိုးဗီဇထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြလာသည့် သီးနှံမျိုးသစ်များအတွက် မျိုးသစ်အသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးနိုင်ရေးတို့အတွက် ကျင်းပသည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌက အမျိုးသားစားနပ်ရိက္ခာဖူလုံစေရန် အနည်းဆုံးကုန်ကျစရိတ်ဖြင့် အစိုးရကဏ္ဍ ဆောင်ရွက်မှုများကို ရေရှည် အကျိုးဖြစ်ထွန်းစေရန်၊ ပြောင်းလဲလာသော မျိုးစေ့ဈေးကွက်နှင့်အညီ ယှဉ်ပြိုင်နိုင်ရန် နည်းပညာအပါအဝင် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီမှုရှိရေး၊ တန်ဖိုးမြင့် အရည်အသွေးကောင်း မျိုးစေ့များ ဖြစ်ရေး၊ တောင်သူလယ်သမား များ ဝင်ငွေတိုးတက်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးကောင်း မျိုးသန့်များ အလုံအလောက်ရရှိရေး၊ ပြည်တွင်း မျိုးစေ့လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းရုံသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် Seed Export Country ဖြစ်လာစေရေး မျိုးစေ့ထုတ်လုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒေါက်တာရဲတင့်ထွန်းက သီးနှံမျိုးသစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မျိုးစေ့အရည်အသွေး မှန်ကန်ရေးနှင့် အတုအပကင်းစင်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၈)တွင် ဆွေးနွေးခဲ့သော လုပ်ငန်းစဉ်များ၊ သီးနှံမျိုးသစ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်တုန်းမြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး

**ညောင်တုန်း မေ ၁၁**

ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ (၄၁) ယူနစ်အပေါ် မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြထူးချွန်ဆုရရှိခဲ့သော ကပ္ပလီကျွန်း၊ စာဖြူစုနှင့် မြန်မာ ကရင်စုကျေးရွာ သုံးရွာကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်ထွန်းအောင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စီမံကိန်းကျေးရွာများ၏ အားနည်းချက်၊ အားသာချက်များနှင့် စီမံကိန်းကျေးရွာများထဲမှ စံပြထူးချွန်မှုအဆင့် ရွေးချယ်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော စီမံကိန်းကျေးရွာများရှိ ကော်မတီဝင်များက မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစိမ်းရောင်စီမံကိန်းကျေးရွာ ယူနစ်အားလုံးမှ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၄၁.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၄၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၀.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၆၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄ -၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

## မျက်နှာကြီးငယ်မလိုက်၊ ဆုကြုံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန်လိုအပ်ဟု မှာကြား

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးအဖြစ် တည်ဆောက်ရာတွင် အဂတိတရားကင်းရှင်းမှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အဂတိတရားကင်းရှင်းမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ အဂတိလိုက်စားမှုများ လျော့ပါးသွားပါက ပြည်သူများ၏အကျိုးစီးပွားကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း။

ကော်မရှင်အနေဖြင့် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့် အာဏာအရှိန်အဝါရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုများ၊ စွပ်စွဲခံရသူဘက်မှ အကာအကွယ်ပေးမှုများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း၊ ကော်မရှင်အား ဖွဲ့စည်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မရှင်အဖွဲ့ခွဲများ ထားရှိခြင်း သို့မဟုတ် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ် သတ်မှတ်ထားရှိခြင်း စသည်ဖြင့် ဖြစ်နိုင်ခြေရှိသည့် အနေအထားကို သုံးသပ်၍ တိုးချဲ့ဆောင်ရွက်သွားစေလိုပါကြောင်း။



ကော်မရှင်အနေဖြင့် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက်၊ ဆုကြုံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ လက်ရှိပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အတူ အတွင်းရေးမှူး ဦးစန်းဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုးတင့်၊ ဦးအောင်လွင်၊ ဦးဟန်ညွန့်၊ ဦးအောင်သန်းမြင့်၊ ဦးခင်မောင်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်းနှင့် ဒေါ်လွဲလွဲသွင်တို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

အထောက်အပံ့ပြု တည့်မတ်ပေးနိုင်မည့်သူများကိုသာ ဦးစားပေး ခန့်အပ်တာဝန်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်အနေဖြင့် တစ်နိုင်ငံလုံး၏ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တာဝန်ရှိသူများအား ထပ်မံချပြရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၊ တရားဥပဒေစိုးမိုးရေး စင်တာများ၏ ထောက်ပံ့ကူညီမှုများဖြင့် တရားစီရင်ရေးမဏ္ဍိုင် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်သေခံပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရားရုံးများ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ ရုံးထိုင်ကြားနာပေးခဲ့သည့် အမှုအမျိုးအစားအလိုက် အရေအတွက်များ၊ ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်မှု အခြေအနေများစပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသာဋ္ဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်နှင့် ဦးခင်မောင်ကြည်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကိုရီးယားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီမှုဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System) တည်ထောင်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း စတင်ထုတ်လွှင့်နိုင်ရေးအတွက် ကြိုးပမ်း



ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေးအတွက် ဥပဒေအသိပညာပေးလုပ်ငန်း၏ အရေးပါမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများတွင် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အခြားဥပဒေရေးရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး စသည်တို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းဆွေတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဆီးရီးယားဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချ



**ကုလသမဂ္ဂ ဧပြီ ၁၁**
ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်အသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်ကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဧပြီ ၁၀ရက်က ဆွေးနွေးခဲ့ကြရာတွင် ရုရှားနှင့်အမေရိကန်ပြည်ထောင်စုတို့ ထိပ်တိုက်တွေ့ခဲ့ကြပြီး ထောက်ခံသူ အပြည့်အဝမရရှိကြကြောင်း၊ အမေရိကန်က ဆီးရီးယားနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ရေးဆွဲခဲ့ပြီး အဆိုတင်သွင်းရာတွင် ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း နိုင်ငံတကာဓာတုလက်နက်လေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းမှ စစ်ဆေးရေးမှူးများသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်လျက်ရှိသည်ဟု မီဒီယာသတင်းများတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ၌ သူပုန်တို့ထိန်းချုပ်ထားသော ဒိုအူမာမြို့၌ ဓာတုလက်နက်အသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ပြီးနောက် ဓာတုလက်နက်အသုံးပြုခဲ့မှုတွင် ပူးပေါင်းကြံစည်သူများကို ဖော်ထုတ်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပေးရန် အမေရိကန်က ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ရေးဆွဲကာ အဆိုတင်သွင်းခဲ့သော်လည်း ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

**အေအက်ဖ်ပီ**

# စစ်သည် ၁၀၀ နီးပါးလိုက်ပါလာသည့် အယ်လ်ဂျီးရီးယား စစ်ဘက်ဆိုင်ရာ လေယာဉ်တစ်စင်းပျက်ကျ

**အယ်လ်ဂျီးယားစ် ဧပြီ ၁၁**
အယ်လ်ဂျီးရီးယားနိုင်ငံ၌ တပ်ဖွဲ့ဝင် ၁၀၀ နီးပါးတင်ဆောင်လာသည့် စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် မြို့တော်အယ်လ်ဂျီးယားစ် ဆင်ခြေဖုံးရှိ လေတပ်အခြေစိုက်စခန်းတစ်ခုမှ ဧပြီ ၁၁ ရက်တွင် ပျံတက်ခဲ့ပြီး မကြာခင်မှာပင် ပျက်ကျခဲ့ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။



မြို့တော်အယ်လ်ဂျီးယားစ်၏ ဆင်ခြေဖုံးရှိ ဘူဖာရစ်လေတပ် အခြေစိုက်စခန်းမှ ပျံတက်ပြီးနောက် မကြာမီမှာပင် လေယာဉ်ပျက်ကျခဲ့ပြီး အဆိုပါလေယာဉ်ပေါ်လိုက်ပါလာသူများ၏ ကံကြမ္မာ အတိအကျကို လတ်တလောတွင် မသိရသေးပေ။

လေတပ်အခြေစိုက်စခန်းအနီးရှိ ကွင်းပြင်တစ်ခုပေါ်သို့ ပျက်ကျခဲ့သောလေယာဉ်၏ အပျက်အစီးအစိတ်အပိုင်းများမှ မည်းနက်ထူထပ်သော မီးခိုးလုံးများ တလိမ့်လိမ့်တက်လာသည်ကို တွေ့မြင်ရကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် အေအက်ဖ်ပီ သတင်းဌာန၏ ဓာတ်ပုံသတင်းထောက်က ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ ရာနှင့်ချီသော လူနာတင်ယာဉ်များနှင့် ဒါဇင်များစွာသော မီးသတ်ကားများက အချက်ပေးဥဩများဆွဲကာ အလျင်အမြန် သွားရောက်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ပျက်ကျခဲ့သည့် လေယာဉ်သည် အီလူးရှင်း အိုင်အယ်လ်-၇၆ အမျိုးအစားလေယာဉ်ဖြစ်ကြောင်း အမည်မဖော်သူ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အယ်လ်ဂျီးရီးယားတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို တင်ဆောင်ပျံသန်းလာသည့် စစ်လေယာဉ်တစ်စင်းသည် နိုင်ငံတောင်ပိုင်း တာမန်ရာဆက်စ်နှင့် အရှေ့ပိုင်းရှိ ကွန်စတင်တိုင်းမြို့အကြားတွင် ပျက်ကျခဲ့ရာ လူ ၇၇ ဦး သေဆုံးခဲ့သည်။

ယင်းလေယာဉ်မှာ စီ-၁၃၀ ဟာကျူလီ အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်ပြီး အယ်လ်ဂျီးရီးယားနိုင်ငံ၏ တောင်ကုန်းတောင်တန်းထူထပ်သည့် အွမ်အယ်လ်ဘိုဟ္ဂါဂီဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် ဇူလိုင်လ အတွင်းက ဘူကီနာဖာဆိုနိုင်ငံမှ အယ်လ်ဂျီးရီးယားသို့ ပျံသန်းလာသည့် အဲအယ်လ်ဂျီးရီးယားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် မာလီနိုင်ငံမြောက်ပိုင်းတွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါ ခရီးသည် ၁၁၆ ဦး သေဆုံးခဲ့ပြီး သေဆုံးခဲ့ရသူများထဲတွင် ပြင်သစ်လူမျိုး ၅၄ ဦး ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းထောင်၌ ထောင်ဖောက်ထွက်ပြေးရန် ကြိုးပမ်း၊ ၂၁ ဦးသေဆုံး



**ဘရာဇီလီယာ ဧပြီ ၁၁**
ဘရာဇီးနိုင်ငံမြောက်ပိုင်း ဘီလမ်မြို့ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားအများအပြားက အစုလိုက်အပြုံလိုက် ထောင်ဖောက် ထွက်ပြေးနိုင်ရန် ကြိုးပမ်းကြရာမှ လူပေါင်း ၂၁ ဦးထက်မနည်းသေဆုံးခဲ့ရကြောင်း၊ ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အကျဉ်းသားများသည် အကျဉ်းထောင်အပြင်ဘက်ရှိ လက်နက်ကိုင်အုပ်စုတစ်ခု၏အကူအညီဖြင့် ထောင်ဖောက်ထွက်ပြေးနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ အကျဉ်းထောင်၏ နံရံကို အပြင်ဘက်မှ ဖောက်ခွဲဖျက်ဆီးကာ အကျဉ်းသမားများ ထွက်ပြေးလွတ်မြောက်နိုင်စေရေးအတွက် လက်နက်ကိုင်အုပ်စုတစ်စုက အားပေးကူညီခဲ့သည်။

ဘရာဇီးနိုင်ငံ ပါရာပြည်နယ် ဘီလမ်မြို့ရှိ ဘန်တာအစ္စဘဲလ် ပင်နီတန်ရှယ်ရီ အကျဉ်းထောင်၌ ထောင်ဖောက်ရန် ကြိုးပမ်းစဉ် လုံခြုံရေးတပ်ဖွဲ့များနှင့် အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အကျဉ်းထောင်အစောင့်တစ်ဦး၊ အကျဉ်းသားများနှင့် အကျဉ်းထောင်ပြင်ပမှ ပူးပေါင်းကြံစည်သူလက်နက်ကိုင်များဖြစ်သည့် လူပေါင်း ၂၀ ထက်မနည်း သေဆုံးခဲ့ရသည်။

အမေဇုန်မိုးသစ်တောဒေသရှိ ဘီလမ်မြို့၌ အကျဉ်းထောင်မှ အကျဉ်းသားများထွက်ပြေးလွတ်မြောက်နိုင်ရေးအတွက် လက်နက်ကိုင်အုပ်စုက ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြု၍ တံတိုင်းနံရံကို ဖျက်ဆီးရန် လုပ်ဆောင်ခဲ့ကြောင်း ပါရာပြည်နယ် လုံခြုံရေးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အကျဉ်းထောင်ပြင်ပမှ အကူအညီပေးသော လက်နက်ကိုင်အုပ်စုမှာ လက်နက်များကို အပြည့်အစုံတပ်ဆင်ထားသူများဖြစ်ပြီး အကျဉ်းထောင်အတွင်းရှိ အကျဉ်းသားများမှာလည်း လက်နက်များကို ကိုင်ဆောင်ထားကြကြောင်း လုံခြုံရေးဌာန၏ ပဏာမထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အကျဉ်းထောင်လုံခြုံရေးအစောင့်များနှင့် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကျဉ်းသားများနှင့်အကျဉ်းထောင်ပြင်ပရှိ လက်နက်ကိုင်များဖြစ်သည့် လူပေါင်း ၂၀ သေဆုံးခဲ့ရကာ အကျဉ်းထောင်လုံခြုံရေးအစောင့်တစ်ဦးမှာလည်း သေဆုံးခဲ့ရကြောင်း၊ အကျဉ်းထောင်လုံခြုံရေး ငါးဦး ဒဏ်ရာရခဲ့ပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော် အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြုသော ဧည့်ပရိသတ်များသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမရှေ့ဉပစာ၌ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိဇိတာရုံဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၅၆ ပါးတို့အား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၅၂ ပါးတို့ကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် သံဃာတော် အရှင်သူမြတ်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျာသိရိမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ရေဆင်း ကန်ဦးကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)** ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မဟာဝိဇယစေတီတော်ကြီး၌ ဘာဏုရာဇာ နေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "မုစ္စလိန္ဒာ နဂါးမျိုးနွယ် နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်နှင်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစီဝရာ ပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်"ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက် (၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက်) (အင်္ဂါနေ့) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြပါက အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကြေးမုံ**

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဧပြီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၀ ပြည့်နှစ် နယုန် လဆန်း ၄ ရက် (၁၈-၅-၂၀၁၈) ရက် သောကြာနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆာထုတ်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊ ယခုနှစ်တွင် ပြန်ဆို၊ ဖြေဆိုအောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဒီဃဘာဏက ခြောက်ပါး၊ ဝိနယကောဝိဒ လေးပါး၊ ဝိနယဓရ ၁၃ ပါး၊ ဉဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဉဘတောဝိဘင်္ဂဓရ ၅၁ ပါးအားဖြင့် စာအောင်သံဃာ ၈၈ ပါးနှင့် ပင့်သံဃာ ၁၇၃ ပါး စုစုပေါင်း သံဃာတော် ၂၆၁ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ပွဲ လှူဒါန်းမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ ဖုန်း-၀၉-၂၆၄၄၃၆၅၄၅၊ ၀၁-၆၆၄၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ညနေ ၃ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr. Vikram Misri အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အကူအညီ အထောက်အပံ့ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဆေးရုံကြီးများတွင် ထိခိုက်ဒဏ်ရာရလူနာများအား ပြုစုကုသနိုင်ရေးကိစ္စ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ယနေ့မွန်းလွဲ ၁ နာရီက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဆေးရုံကြီးများတွင် ထိခိုက်ဒဏ်ရာရလူနာများအား ပြုစုကုသနိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အစည်းအဝေး ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။**(ယာပုံ)**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိ လူနာများအား အရေးပေါ်ပြုစုကုသပေးရေး၊ လိုအပ်သော ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ အရေးပေါ်လူနာများ ပို့ဆောင်ရာတွင် လူနာတင်ယာဉ်များ အသင့်ရှိစေရေးနှင့် တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်များအနေဖြင့် စိတ်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်စေရန် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကိစ္စရပ်များအား မှာကြားသည်။ ယင်းနောက် ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများက လိုအပ်ချက်များ တင်ပြရာ အမြဲတမ်းအတွင်းဝန်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သင်္ကြန်ကို အခက်အခဲတွေကြားမှ မုဒိတာဖြင့် ကြိုဆိုကြပါစို့

အောက်စဖို့ဒ်ဆရာတော်
ပါမောက္ခ ဒေါက်တာအရှင်ဓမ္မသာမိ



တို့များ ကြိုဆိုဖို့ အဆင်သင့်ဖြစ်ဖြစ်၊ မဖြစ်ဖြစ် အချိန်မှန်တဲ့ အတာသင်္ကြန် မြန်မာနှစ်သစ်ကူးကတော့ ပုံမှန်အတိုင်း ရောက်လာပြန်ပြီ။ ရက်တွေ၊ လတွေကတော့ မည်သူ့ကိုမှ မဆိုင်းဘဲ သူ့ဟာသူ ခရီးသွားစရာရှိတာ သွားနေသည်၊ လူတွေကိုလည်း ဘဝရဲ့ အစဉ်အမြဲမတည်ရှိမှု၊ ထာဝရ ပြောင်းလဲနေမှု အကြောင်းတို့ကို မပြတ် သွန်သင်ပြသနေသည်။ တို့များ ပညာမျက်စိနှင့် ကြည့်ရှုဖို့သာ လိုလေသည်။

မြန်မာနိုင်ငံမှာ ရခိုင်ပြည်နယ် နယ်ခြားကိစ္စကြောင့် ဖြစ်ပေါ်လာသည့် အနောက်နိုင်ငံများ ဖိအားပေးမှုနှင့် ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းများသည် တစ်နိုင်ငံလုံးကို အကျိုးသက်ရောက်မှု ရှိစေခဲ့သည်။ နိုင်ငံခြားမှာ ဘာသာခြားတွေနှင့်ရော ဘာသာတူ လူမျိုးခြားတွေနှင့်ပါ ကွန်ဖရန့် အစည်းအဝေးများ၌ ဆုံတိုင်း အမေးအမြန်းခံရလို့ ဒီအကျိုးသက်ရောက်မှုကို မိမိကိုယ်တိုင်လည်း ခံစားနေရပါသည်။ ဒီအကြောင်းနှင့်ပတ်သက်ပြီး အီးမေးလ်တွေလည်း မကြာခဏဆိုသလို လက်ခံရတာလည်းရှိသလို မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာရှုထောင့်မှ ရှင်းပြရသည့်အကြိမ်လည်း မနည်းတော့ပါ။ ပြည်ပရောက် အချို့မြန်မာဗုဒ္ဓဘာသာ လူမျိုးများဆို နိုင်ငံခြားရုပ်မြင်သံကြားသတင်းများသည် ကိုယ့်မြန်မာပြည်ကို တစ်ဖက်သတ် တိုက်ခိုက်လွန်းလို့ ကြောက်ရွံ့ မုန်းတီးလာသလို ဖြစ်နေရပြီး မကြည့်ချင်တော့သည်အထိ ဖြစ်နေတာလည်း မနည်းပါ။

သို့သော် ဒီလိုပြဿနာမျိုးကို ရှောင်ပြေးလို့မရပါ။ မပြေလည်နိုင်ပါ။ မိမိတို့ မြန်မာနိုင်ငံသည်သာမက တစ်ကမ္ဘာလုံးလိုလို နိုင်ငံတိုင်း ပြဿနာကြီးကြီးမားမား ရှိကြသည်ချည်းသာ ဖြစ်သည်။ ဥပမာ၊ အမေရိကန်၏ မက္ကဆီကို နယ်ခြားပြဿနာ၊ အင်္ဂလန်၏ ဘရက်ဇက် (Brexit) ပြဿနာ၊ ဂျာမနီ တရားမဝင် လာရောက်နေထိုင်သူများ(Immigration)ပြဿနာ စသည်တို့ ဖြစ်သည်။ နိုင်ငံ၏ပြဿနာသည် အများပြဿနာမို့ မိမိတတ်နိုင်သမျှ မိမိအခန်းကဏ္ဍမှ ဝိုင်းဝန်းဖြေရှင်းခြင်းဖြင့် ပါရမီကိုယ်စီ ဖြည့်ကျင့်ကြရမည် ဖြစ်ပါသည်။ ပြဿနာဆိုသည့် သစ္စာ "ဒုက္ခသစ္စာကို ထွက်မပြေးဘဲ နားလည်အောင် လုပ်ရမည်" ဟု ဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည် မဟုတ်ပါလော။

၎င်းပြဿနာမျိုး ဝိုင်းဝန်းဖြေရှင်းနိုင်ရန် လိုအပ်သည့် အရာတစ်ခုမှာ တစ်ဦးချင်းအနေဖြင့်ရော နိုင်ငံတစ်ခုလုံး အနေဖြင့်ပါ ကြံ့ကြံ့ခံနိုင်စွမ်း resilience မြင့်မားအောင် မပြတ်ကြိုးစားဖို့ပင် ဖြစ်သည်။ ကြံ့ကြံ့ခံနိုင်ရည်နှင့် ပတ်သက်၍ ကမ္ဘာကျော် ဦးနှောက်နှင့် စိတ္တဗေဒ ကျွမ်းကျင်သူ သိပ္ပံပညာရှင်တစ်ယောက်က ရှာဖွေတွေ့ရှိထားသည်မှာ "ကြံ့ကြံ့ခံနိုင်မှုသည် ကျသွားသည် အင်အားကို ပြန်လည်ဖြည့်ဆည်းနိုင်ခြင်းကို ဆိုသည်။ တင်းခံနိုင်ခြင်းကို မဆိုလို- Resilience is how you recharge and not how you endure" ဟူ၍ ဖြစ်သည်။

တစ်နေ့တာ၊ တစ်လတာ၊ တစ်နှစ်တာ အသုံးပြုကုန်ခန်းသွားတဲ့ စိတ်ဓာတ်အင်အားကို မိမိတို့ ပြန်လည်ဖြည့်ဆည်းရာတွင် မုဒိတာသည် အဓိကကျပါသည်။ လူတစ်ဦးချင်းအနေဖြင့် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် မိမိ၏ ကြိုးစားမှု၊ မိမိရဲ့ အောင်မြင်မှုနှင့် မိမိလက်ထဲမှာရှိနေသည့် စွမ်းရည် (သို့) ပိုင်ဆိုင်မှုများကို အကောင်းဘက်ကနေတွေးပြီး ဝမ်းမြောက်နိုင်သည့်စိတ် မွေးပေးရပါမည်။ မိမိတို့ကျန်းမာရေးအတွက် မကြာခဏ ရေသောက်ဖို့ရာ အကျင့်လုပ်သလို မုဒိတာစိတ်ကိုလည်း မကြာခဏ အကျင့်လုပ်ပြီး မွေးပေးရပါမည်။ မုဒိတာဆိုသည်မှာ အခက်အခဲများကြားထဲမှ မိမိ၏ အားသာချက်ကို ပြန်သုံးသပ်၊ ပြန်ကြည့်ကာ အကောင်းဘက်တွေးပြီး စိတ်အားရှိအောင် ပြုလုပ်ခြင်းပါ။ တစ်ဦးချင်းအနေဖြင့် မြန်မာနိုင်ငံသားများအများစု ပြီးခဲ့သည့်နှစ်အတွင်းမှာ အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြသည်မှာ မိမိကိုယ်မိမိ အသိဆုံးပင်ဖြစ်ပါသည်။ ၎င်းအချက်များကို မိမိဘာသာ မိမိတွေး၍ ဂုဏ်ယူပီတိဖြစ်နိုင်ရမည်။

လူအများအနေဖြင့်လည်း အချင်းချင်း အခြားတစ်ဖက်မှ ကောင်းသည့်လုပ်ဆောင်ချက်ကို ကြည့်တတ်၊ အသိအမှတ်ပြုတတ်သည့် အကျင့်ကောင်းသည် လူကြီးလူကောင်းဆန်ရုံတင်မက တိုင်းပြည်တစ်ခုလုံး၏ စိတ်ကျန်းမာရေးအတွက်လည်း လွန်စွာအရေးကြီးပေသည်။ အမှန်ဆိုလျှင် ၎င်းကဲ့သို့သော မုဒိတာသည် အမြင့်ဆုံး မုဒိတာဟု ဆိုနိုင်သည်။ တင်းမာမှုဖြေလျှော့ရေး၊ ရင်ကြားစေ့ရေးနှင့် ညီညွတ်ရေးတို့ကို ဖြစ်စေတတ်သည့် အဆင့်မြင့် Emotion (စိတ်ခံစားမှု)ဖြစ်သည်။ ဥပမာ၊ အမေရိကန် နိုင်ငံ၏ လွှတ်တော်ကွန်ဂရက်နှင့် ဆီးနိတ်များတွင် ရီပတ်ဘလီကင်ပါတီဝင်များနှင့် ဒီမိုကရက်ပါတီဝင် အမတ်များ တစ်ဦး၏ ကောင်းသောလုပ်ဆောင်မှုကို တစ်ဦးက အသိအမှတ်ပြုလက်ခံပါက ပြည်သူများအနေဖြင့် ထိုအမတ်များသည် ကိုယ်ကျိုး၊ ပါတီကျိုးထက် နိုင်ငံအကျိုး ပြည်သူအကျိုးကို ပိုအလေးထားသည်ဟု ခံစားရကာ နိုင်ငံရေးသမားများကို ပို၍ယုံကြည်မှု၊ စိတ်ချမှုရှိမည်မှာ မလွဲပါ။ ကိုယ်ကျိုးရှေ့တန်းမထား တိုင်းပြည်ကို အလုပ်အကျွေးပြုခြင်းဖြင့် ပါရမီဖြည့်နေသူများဟု မြင်ကြလိမ့်မည်။

ထိုလူကြီးလူကောင်းများသည် အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကျောင်းသားများအတွက်လည်း အတုယူစရာ နမူနာကောင်း ဖြစ်ပါသည်။ ၎င်းအချက်သည် အနာဂတ်နိုင်ငံတော်အတွက် လွန်စွာအရေးပါသည်။ ၎င်းကဲ့သို့မဟုတ်ဘဲ အချင်းချင်းအပြစ်သာရှာနေပါက တိုင်းပြည်အရေးအတွက် နိစ္စဓူဝ တွေးတောဆောင်ရွက်နေသည့် နိုင်ငံရေးလောကကို ပြည်သူများက စိတ်ကုန်သည် ဆိုသည့် စိတ်ခံစားမှုမျိုး ပြည်သူ့အကြား ဖြစ်ပွားတတ်သည်။ အပြစ်ရှာမှုနှင့် စိတ်ကုန်မှုတို့နှစ်မျိုးစလုံးကို "ဒေါသအကုသိုလ်"ဟု ဗုဒ္ဓမြတ်စွာ မိန့်တော်မူပါသည်။ မိမိနိုင်ငံ၏အရေးကို စိတ်ကုန်၍ မျက်နှာတခြားလွှဲထားပါက တိုင်းပြည်အတွက် ပါဝင်လုပ်ဆောင်သူ တဖြည်းဖြည်း နည်းသွားမည်။ တိုင်းပြည်အတွက် လိုအပ်သော စိစစ်မှုနှင့် ချိန်ခွင်လျှာဆိုသည့် စနစ်လည်း အားနည်းသွားမည် ဖြစ်ပေသည်။

မိမိတိုင်းပြည်အကြောင်းတွေး၍ စိတ်ပျက်နေသည်ထက် ကောင်းတာတွေး၍ စိတ်ပျော်ရွှင် စိတ်အားတက်ကာ အခက်အခဲများကို တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ကူညီဖြေရှင်းပေးခြင်းသည်သာ မှန်မြတ်ပါသည်။ မြန်မာနိုင်ငံ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တစ်ဦးအပေါ်တစ်ဦး မုဒိတာဖြစ်နိုင်မှုသည် အခက်အခဲများကို ကြံ့ကြံ့ခံနိုင်ရန်နှင့် တိုးတက်ကြီးပွားရေးတို့အတွက် အဓိကတွန်းအားအင်ဂျင်ဟု ယူဆပါသည်။ အကျဉ်းအားဖြင့် ခြုံငုံဆိုလိုသည်မှာ ကိုယ်စီတာဝန်ယူ တည်ဆောက်ပါက မြန်မာနိုင်ငံ၏ ပြည်တွင်းကိုယ်ပိုင်အင်အားများလည်း ရှိပါသေးသည် ဟူ၍ ဖြစ်ပါသည်။

> "နိုင်ငံ၏ပြဿနာသည် အများပြဿနာမို့ မိမိတတ်နိုင်သမျှ မိမိအခန်းကဏ္ဍမှ ဝိုင်းဝန်းဖြေရှင်းခြင်းဖြင့် ပါရမီကိုယ်စီ ဖြည့်ကျင့်ကြရမည် ဖြစ်ပါသည်။ ပြဿနာဆိုသည့် သစ္စာ "ဒုက္ခသစ္စာကို ထွက်မပြေးဘဲ နားလည်အောင် လုပ်ရမည်" ဟု ဗုဒ္ဓရှင်တော်မြတ် မိန့်မှာတော်မူခဲ့သည် မဟုတ်ပါလော"

သည့်အပြင် ထိုကဲ့သို့ အများ၏ပြဿနာကို ဝိုင်းဝန်းဖြေရှင်းနိုင်ရန် လိုအပ်သည့် ကြံ့ကြံ့ခံနိုင်မှုကို တစ်ဦးချင်းနှင့် စုပေါင်းတည်ဆောက်ရာ၌ မုဒိတာအကောင်းကိုမြင်တတ်၍ စိတ်ဓာတ်အင်အား ဖြည့်ဆည်းခြင်းသည် အတာသင်္ကြန်ကဲ့သို့သော နှစ်သစ်ကို ပို၍ အဓိပ္ပာယ်ရှိစေမည်။ မုဒိတာတည်းဟူသော ဗြဟ္မဝိဟာရနှလုံးသားဖြင့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ကို ကြိုဆိုနိုင်ကြပါစေ။ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လောကဓမ္မ ကောင်းကျိုး နှစ်မျိုးအတွက် တိုး၍တိုး၍ သယ်ပိုးနိုင်သူများ ဖြစ်ကြပါစေ။ ။

## ပွဲကျင်းခြိမ့်သဲ တာသင်္ကြန်ပွဲ

❖ ကျီစားသန် ဘေးရန်များမို့
အသိတရားနဲ့ ဆင်ခြင်ပျော်
နှစ်ကူးပွဲတော်။
အချစ်ထူးတဲ့ မိဖုရားအပေါ်
ကျီစားသော် ထင်မြင်လွဲ။
"နရသီဟပတေ့ဘုရင်" နောင်တတရား
လွမ်းအားပိုကဲ။

❖ မိန့်ကြားအဘ် ပြင်ရန်ခက်
စောလုံအတွက် ပူမီးဖြာ
နောင်းခဲ့ချိန်ခါ။
ယောင်ယမ်းတမ်းတ မပြေသာ
"စောင့်ပါလှည့်စောလုံ" တဲ့။
ပုဂံရာဇဝင် ချစ်ဇာတ်လမ်း
တစ်ခန်းရပ်ခဲ့။

❖ သတိချပ်ကာ တူပျော်နွဲစို့
နှစ်သစ်ကူးပွဲ ဒီချိန်ခါ
တူးပိုသုံသာ။
မောင်နှမရင်းတမျှ ချစ်ခင်စွာ
လောင်းပက်ပျော်စရာ တာသင်္ကြန်ပွဲ။
ကျီစားမသန် ဘေးရန်ကင်းတယ်
ပွဲကျင်းခြိမ့်သဲ။ ။

အောင်မြင့်စိုး(ရေစကြို)

## သစ္စာဆုပန် ပန်းတို့မာန်

❖ ငှနှင့် ပိတောက် စည်းမဖောက်ပါ
နွေရောက်တိုင်းလေ အတာရေနှင့်
ပွင့်ဝေတူပြိုင် ပင်လုံးမြိုင်လျက်
လှိုင်လှိုင်ပွင့်ပါ့ လှမှလှ။

❖ နွေရင်ခွင်ထက် ရေးရေစက်ထင့်
မပျက်မေတ္တာ ထားသစ္စာနှင့်
ဝေဆာပွင့်ဖူး လတန်ခူးဝယ်
နှစ်ကူးသင်္ကြန် ပွဲတင်သံများ
နိုင်ငံတစ်ဝှမ်း ခြိမ့်ခြိမ့်လွှမ်းလျက်
ငြိမ်းချမ်းမင်္ဂလာ သိမ့်သိမ့်ဖြာ။ ။

ယဉ်နောင်ဦး

# တရားရေးမဏ္ဍိုင် ကြံ့ခိုင်ရေးသို့

**မေနွယ်အေး**

တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးသလို အမှန်တရားကိုချစ်မြတ်နိုးသည့် ပြည်သူ၊ ပြည်သားအားလုံး လိုလားတောင့်တသည့် အရာလည်း ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်၌ ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တစ်ခုမှာ တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း၊ ယိမ်းယိုင်နေသည့် တရားစီရင်ရေးကို တည့်မတ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "တရားမျှတမှုရရှိရေးအတွက် တရားစီရင်ရေးစနစ်နဲ့ တရားရုံးတွေဟာ အားကောင်းခိုင်မာဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မိမိအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို ကြံ့ခိုင်စေချင်ပါသည်။ ဒါမှသာ အေးချမ်းလုံခြုံသော လူမှုပတ်ဝန်းကျင်တွင် စိတ်ချလုံခြုံစွာနေထိုင်နိုင်မည် ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်၍ မျှတပြီး ဘက်မလိုက်သည့် မှန်မှန်နှင့် မြန်မြန် တရားစီရင်ရေးစနစ်ဖြစ်မှသာ ပြည်သူများအနေဖြင့် ယုံကြည်ကိုးစား စိတ်ချလာမည်ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကို ပြည်သူက အားကိုးလာသည်နှင့်အမျှ မတရားမှုများကို ဥပဒေပြင်ပကမရှင်းဘဲ တရားရုံးများကို အားကိုးအားထားပြု ဖြေရှင်းဆောင်ရွက်ကြမည် ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရန်အတွက် စဉ်းစားရာတွင် တရားရုံးရှေ့မှောက်၌ ဘာတွေဖြစ်နေလဲဟု သိရန်လိုသည်။ မည်သည့်ကိစ္စမဆို အနာသိလျှင် ဆေးရှိသည်။ ပထမဦးစွာ အနာသိအောင် ရှာရမည်ဖြစ်သည်။ အနာသိလျှင် ဆေးရှိပြီးသားဖြစ်က ထိုဆေးကို သုံးရမည်။ ဆေးမရှိသေးက ဖော်ရမည်ဖြစ်သည်။

ပြည်သူများသည် ရဲစခန်းနှင့် တရားရုံးများသို့သွားရန် ကြောက်ကြသည်။ အမှုအခင်းဖြစ်လျှင် အလုပ်ပျက်၊ ငွေကုန်၊ အချိန်ကုန်ကြသည့်အပြင် လူမှုရေးပြဿနာများလည်း ပေါ်ပေါက်ကြ၍ ရဲစခန်းနှင့် တရားရုံးသို့ မသွားလိုကြပေ။ မတတ်သာ၍သာ သွားကြသည်။ တရားရုံးသို့ ကြိမ်ဖန်များစွာသွားလျှင် မလိုလားအပ်သောပြဿနာ ပို၍ပေါ်ပေါက်ပြီး ပို၍ပျက်စီးရခြင်းမျိုးလည်း ရှိသည်။ ထို့ကြောင့် ပြည်သူများသည် မတတ်သာ၍ အမှုအခင်းဖြစ်ကြလျှင်လည်း အမှုများကို မှန်မှန်နှင့်မြန်မြန် ပြီးချင်ကြသည်။

တရားစီရင်ရေးတွင် လက်တွေ့လုပ်ဆောင်နေသည်များကို သိရှိနိုင်ရန် တရားရုံးများသို့ အခါအားလျော်စွာသွားရောက်လေ့လာခဲ့သည်။ ထိုသို့ လေ့လာရာ၌ မှန်ကန်မြန်ဆန်သည့် တရားစီရင်ရေးစနစ်ဖြစ်စေရန် ပါဝင်ပတ်သက်နေသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း လေ့လာမိသည်။ တရားစီရင်ရေးမဏ္ဍိုင်ဆိုသည်နှင့် တရားရုံးများနှင့် တရားရေးဝန်ထမ်းများကိုသာ မြင်မိ၍ မရပေ။ တရားစွဲအဖွဲ့အစည်းများဖြစ်သည့် ဥပဒေအရာရှိများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်သလို ပြင်ပရှေ့နေများလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အမှုသည်များနှင့် သက်သေများသည်လည်း တရားရုံးရှေ့မှောက်၌ မှန်မှန်ကန်ကန် ရိုးရိုးသားသား ထွက်ဆိုချက်ပေးကြလျှင် တရားရေးမဏ္ဍိုင် ကြံ့ခိုင်လာမည် ဖြစ်သည်။

တရားစီရင်ရာတွင် သက်သေထွက်ဆိုသူများသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်သည်။ သက်သေများတွင် တရားလိုပြသက်သေ၊ တရားခံပြသက်သေနှင့် အစိုးရသက်သေတို့ပါဝင်ပြီး အရည်အချင်းပြည့်ဝသည့် သက်သေဖြစ်ရန်လိုသလို အမှန်တရားကိုလည်း ထွက်ဆိုနိုင်ရမည်။ တရားရုံးက သက်သေများကို ဆင့်ခေါ်ရာ၌ မပျက်မကွက် မှန်မှန်ကန်ကန် လာရောက်ထွက်ဆိုခြင်းသည် တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် အထောက်အကူပြုခြင်းဖြစ်သည်။ အမှုများ မှန်မှန်နှင့် မြန်မြန်ပြီးမြောက်စေရန်အတွက် တရားရုံးက ချိန်းဆိုသည့်နေ့တွင် သက်သေများ လာရောက်ရန်လိုသည်။ ရုံးသို့မလာရောက်ခြင်းသည် တရားရုံးကို မလေးစားရာရောက်သည်။ သက်သေမလာ၍ တရားစီရင်ရာတွင် နှောင့်နှေးကြန့်ကြာပါက မျှော်မှန်း၍မရသည့် ဆုံးရှုံးမှုများပေါ်ပေါက်လာနိုင်သည်။

တရားရုံးများ၌ ဝန်ထမ်းသက်သေများကို ဆင့်ခေါ်ရာတွင် တစ်ခါတစ်ရံ၌ အခက်အခဲရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ အချို့သော ပြစ်မှုများတွင် ဝန်ထမ်းသက်သေများကို စစ်ဆေးရန် ပျက်ကွက်၍မရပေ။ ၎င်းတို့၏ထွက်ဆိုချက်သည် အမှုတွင် အရေးပါသည်။ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ မအားလပ်သည့်အတွက် လာရောက်နိုင်ခြင်းမရှိသည်မှာ မှန်သော်လည်း တရားရုံးဘက်မှကြည့်လျှင် အရေးကြီးသည့် သက်သေလာရောက်ခြင်းမရှိသည့်အတွက် ၎င်းတို့အားစောင့်ရသည့် အချိန်ကြာသည်ဟု ယူဆနိုင်သည်။ ယခုနောက်ပိုင်းတွင် ဝန်ထမ်းသက်သေများကို ဆင့်ခေါ်ရာ၌ လာရောက်ရန် ပျက်ကွက်လိုလျှင် သက်ဆိုင်ရာအထက်အဆင့်ဆင့်က တာဝန်ခံလက်မှတ်ရေးထိုးမှသာ တရားရုံးက ခွင့်ပြုကြောင်း သိရသည်။ ထို့ကြောင့် ဝန်ထမ်းသက်သေများကို ဆင့်ခေါ်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း တရားရုံးများက ဆန္ဒရှိသည်။

ထပ်မံလေ့လာခဲ့ရသည်မှာ ရှေ့နေများ၏ အခန်းကဏ္ဍဖြစ်သည်။ ရှေ့နေများအား ရှေ့နေပညာကို နည်းစနစ်ကျစွာ သင်ကြားပေးသည့် သင်တန်းများ မရှိခြင်းသည်လည်း တရားစီရင်ရေးလုပ်ငန်းစဉ်အတွက် အခက်အခဲတစ်ခုဖြစ်ကြောင်း သိရသည်။ နည်းစနစ်ကျသည့် ဥပဒေအကျိုးဆောင်များထံမှ သင်ကြားခဲ့သည့် ရှေ့နေများသည် ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည်ပြီး စနစ်တကျဆောင်ရွက်နိုင်ကြသည်။ သို့သော် ထိုသို့ သင်ကြားခြင်း မခံရပါက တရားစီရင်ရေးလုပ်ငန်းတွင် နည်းလမ်းမကျမှုများ ပေါ်ပေါက်တတ်ကြောင်း သိရသည်။ ယခုနောက်ပိုင်းတွင် ရှေ့နေပညာရပ်ကို စနစ်တကျ သင်ကြားပေးသည့် သင်တန်းများပေါ်ပေါက်လာပြီဟု သိရှိရသည့်အတွက် တရားရေးမဏ္ဍိုင်ကြံ့ခိုင်လာတော့မည့် နိဒါန်းပင်ဖြစ်သည်။

ထို့ပြင် တရားသူကြီးများ၊ တရားစီရင်ရေးနှင့် သက်ဆိုင်နေသည့် ဝန်ထမ်းများအနေဖြင့်လည်း အရည်အချင်းပြည့်ဝပြီး စိတ်စေတနာမှန်ကန်ရန် လိုအပ်သည်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးနှင့် ပါဝင်ပတ်သက်နေသူများအားလုံးသည် မိမိတို့လုပ်ဆောင်ရမည့်ကိစ္စရပ်များကို အဂတိကင်းစွာ ကြိုးစားလုပ်ဆောင်ကြပြီး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း အတူတကွပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က အထူးအလေးထားပြောကြားသလို လက်တွေ့တွင်လည်း တရားရုံးများ၊ တရားရုံးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပါဝင်ပတ်သက်သူအားလုံးက တစိုက်မတ်မတ် အရှိန်အဟုန်ဖြင့် လုပ်ဆောင်ကြလျှင်ဖြင့် တရားရေးမဏ္ဍိုင်ကြံ့ခိုင်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ ။

**"မိမိအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို ကြံ့ခိုင်စေချင်ပါသည်။ ဒါမှသာ အေးချမ်းလုံခြုံသော လူမှုပတ်ဝန်းကျင်တွင် စိတ်လုံခြုံစွာ နေထိုင်နိုင်မည်ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်၍ မျှတပြီး ဘက်မလိုက်သည့် မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးစနစ်ဖြစ်မှသာ ပြည်သူများအနေဖြင့် ယုံကြည်ကိုးစား စိတ်ချလာမည်ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကို ပြည်သူက အားကိုးလာသည်နှင့်အမျှ မတရားမှုများကို ဥပဒေပြင်ပက မရှင်းဘဲ တရားရုံးများကို အားကိုးအားထားပြု ဖြေရှင်းဆောင်ရွက်ကြမည်ဖြစ်"**

## ရေရှားပါးသည့် နေရာတွင် သောက်သုံးရေများ လှူဒါန်း

**မော်လမြိုင် မေ ၁၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်အကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ မြိုင်သာယာနယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းဦးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် သွေးသောက်ကျေးရွာရှိ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့သည် ယမန်နေ့ညနေ ၃ နာရီတွင် ၎င်းနယ်မြေအတွင်း ရေရှားပါးသည့် ရပ်မိရပ်ဖနေအိမ်များသို့ ၁၂ ဘီးယာဉ်ဖြင့် ရေဂါလန် ၂၀၀၀ ကို အိမ်ခြေ ၁၀၀ ကျော်တို့အား သောက်သုံးရေများ လှူဒါန်းခဲ့သည်။

အလားတူ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် မေ ၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေး ဦးဆောင်သည့် ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း ၁/၂၀၁၈ ကို အရာရှိအဆင့်နှင့် အခြားအဆင့် သင်တန်းသား ၃၀ တို့က လက်တွေ့ ကွင်းဆင်းသင်ကြားခဲ့သည်။ထို့နောက် မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေ ရဲစခန်းသို့ ရောက်ရှိရာ သင်တန်းနည်းပြဆရာ အရာရှိ ဒုတိယရဲမှူး မျိုးသန့်၊ ဒုတိယရဲမှူးစိုးမွန်၊ ရဲအုပ်စိုးမင်းထွဋ်နှင့်အဖွဲ့သည် (၅)ဘက်ခွဲ မြိုင်သာယာရပ်ကွက် ၅ လမ်း၊ ၆ လမ်း၊ ၇ လမ်း၊ ၈ လမ်း၊ ၉ လမ်းရှိ ပြည်သူများ၏နေအိမ်သို့ သွားရောက်ပြီး ရဲလုပ်ငန်းပိုင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းခြင်းနှင့် မှုခင်းအသိပညာပေးဆွေးနွေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၃၀၇**

## ညောင်လေးပင်မြို့၌ လူငယ်နှင့် လွှတ်တော်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**ညောင်လေးပင် မေ ၁၁**

ဒီမိုကရေစီစနစ်၏အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေး တိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်းများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ပဲခူးခရိုင် ညောင်လေးပင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်နှင့် လွှတ်တော် ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် ပြည်သူ့စကားဝိုင်းကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် မြို့မ-၁ ရပ်ကွက် သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက ပြည်ထောင်စုလွှတ်တော်နှင့်ဆိုင်သော အကြောင်းအရာများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်က အမျိုးသားလွှတ်တော်နှင့် ဆိုင်သော အကြောင်းအရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေးတို့က တိုင်းဒေသကြီးလွှတ်တော်နှင့် ဆိုင်သော အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းအိဖြူက တရားစီရင်ရေးနှင့် ဆိုင်သော သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ကမ္ဘာ့နိုင်ငံအကြီးအကဲများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

## ဆားဘီးယားသမ္မတနိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒြားဗူစစ်က သဝဏ်လွှာ ပေးပို့သည်။

အဆွေတော်နှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အဆင်သင့်ရှိသကဲ့သို့ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တိုးမြှင့်ရန်လည်း အဆင်သင့်ရှိပါသည်။ ကိုဆိုဗိုဒေသ၏ တစ်ဖက်သတ်လွတ်လပ်ရေး ကြေညာချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က အသိအမှတ်မပြုခဲ့သည့်အတွက် မိမိအနေဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။ နိုင်ငံတကာဥပဒေနှင့်အညီ တည်ရှိနေသည့် ဆားဘီးယားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို အဆွေတော်တို့ မြန်မာနိုင်ငံက ဆက်လက်ထောက်ခံနေမည်ဟု ယုံကြည်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

## ဟန်ဂေရီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်အား ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဂုဏ်ယူပါကြောင်း ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ယာနော့စ် အာဒါ က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

လွန်ခဲ့သည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံကြား နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေနပ်ပီတိဖြစ်ရပါသည်။ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆွေတော်အနေဖြင့် ကျန်းမာချမ်းသာစွာဖြင့် မြန်မာပြည်သူများ အကျိုးစီးပွားအတွက် အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

## အမေရိကန်ပြည်ထောင်စု

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် အမေရိကန်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဒေါ်နယ်ထရမ့်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံကြား မိတ်ဖက်နိုင်ငံများအဖြစ် ကာလကြာရှည်စွာတည်ရှိနေသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို အမေရိကန်ပြည်ထောင်စုက တန်ဖိုးထားပါသည်။ မြန်မာနိုင်ငံက ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အမေရိကန်နိုင်ငံက ဆက်လက်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

## ဆွစ်ဇာလန်နိုင်ငံ

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာ အလိန်းဘဲဆက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့ နှစ်နိုင်ငံကြား ကာလကြာရှည်စွာတည်ရှိနေသည့် ဆက်ဆံရေးနှင့် မကြာသေးမီက ကျင်းပခဲ့သည့် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် ၆၀ ပြည့် အခမ်းအနားများကြောင့် လာမည့်နှစ်များအတွင်း ဆက်ဆံရေးဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ဆွစ်ဇာလန်-အာဆီယံ မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံက ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်မှုများအတွက် ဆွစ်ဇာလန်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

## ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတရာထူးကို အဆွေတော်အား ပြည်သူများက ယုံကြည်စွာ အပ်နှင်းသည်ကို ကြားသိရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါသည်ဟု ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှဖ်ကတ်မီတဲလ်ရက်ဖ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံနှင့် ဥဇဘက်ကစ္စတန်နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေမည်ဟု ကျွန်ုပ်အနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။ နှစ်နိုင်ငံအကြား အပြုသဘောဆောင်သော နိုင်ငံရေးဆွေးနွေးပွဲ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပြန်အလှန်ကူညီပေးမှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်ရုံသာမက နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုလည်း တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးရာရောက်ပါသည်။ အဆွေတော် ကျန်းမာရေးကောင်းမွန်စွာဖြင့် မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားနှင့် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးရရှိရေးအတွက် သမ္မတရာထူးကို တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

## ဘယ်လ်ဂျီယံနိုင်ငံ

အဆွေတော်အား မြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်ခဲ့ခြင်းအတွက် အလွန်ပင်ဝမ်းမြောက်မိပါကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်ဖိလစ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့သည်။

အဆွေတော်အား ပြည်သူများက ယုံကြည်စွာ အပ်နှင်းသည့် သမ္မတရာထူးကို အဆွေတော်အနေဖြင့် တာဝန်ကျေပွန်စွာ ရွက်ဆောင်နိုင်မည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်။ မြန်မာနိုင်ငံပြည်သူများ ဒီမိုကရေစီစနစ်၏ အသီးအပွင့်များ ရရှိခံစားနိုင်ရန်သာမက နိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း ပြန်လည်သင့်မြတ်စေရန် ဘယ်လ်ဂျီယံနိုင်ငံက အစဉ်အမြဲ ထောက်ပံ့ကူညီပေးလျက်ရှိပါသည်။

နှစ်နိုင်ငံပြည်သူပြည်သားများ၏ အကျိုးစီးပွားကို ရှေ့တန်းတင်ကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆွေတော်ဦးဆောင်သော အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်လျက်ရှိပါသည်။ ထိုသို့ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ ကျင်းပမည့် အေဆမ်ထိပ်သီးအစည်းအဝေးပွဲသို့ အဆွေတော်အနေဖြင့် တက်ရောက်ချီးမြှင့်ပေးစေလိုသည်။ ဘယ်လ်ဂျီယံနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နိုင်ငံအဖြစ် ရွေးချယ်ခြင်းခံရရန် မြန်မာနိုင်ငံ၏ ကူညီထောက်ပံ့ပေးမှုအတွက် ကျေးဇူးအထူးတင်ရှိပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

## မွန်ဂိုလီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်အား မြန်မာပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် မွန်ဂိုလီးယားပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့်ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဟာ့ဂျ်မားဂင် ဘာတူလ်ဂါက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ သဝဏ်လွှာပေးပို့ပါသည်။

မွန်ဂိုလီးယားနှင့်မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ကောင်းမွန်သော ဆက်ဆံရေးများ ပိုမိုခိုင်မာတိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းသာမိပါသည်။ နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်မှုရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို နှစ်နိုင်ငံပြည်သူများ ခံစားစေရမည်ဟု ကတိပြုပါသည်။ အဆွေတော် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။ **ကြေးမုံ**

# AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ ရန်ကုန်အသင်း တက်ရောက်

**ရန်ကုန် မေ ၁၁**

၂၀၁၈ AFC Cup ပြိုင်ပွဲ အုပ်စု(G) ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ရန်ကုန်(မြန်မာ) အသင်းနှင့် ဘာလီ(အင်ဒိုနီးရှား) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်(မြန်မာ)အသင်းက ဘာလီ (အင်ဒိုနီးရှား)ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရန်ကုန်အသင်းသည် အိမ်ကွင်း၌ အမှတ်ပြည့်ရယူပြီး အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ အစောဆုံး တက်ရောက်သွားသည်။ ရန်ကုန်အသင်း အနိုင်ရခဲ့သော်လည်း ဘာလီအသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်အသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့သလို အိမ်ကွင်းသုံးပွဲစလုံး ရာနှုန်းပြည့်နိုင်ပွဲရယူနိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် အမာခံကစားသမားအများစု ဒဏ်ရာရနေခြင်း၊ ကြံ့ခိုင်မှု မပြည့်ဝခြင်းတို့ကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး လူငယ်ကစားသမားအများစုနှင့် နိုင်ငံခြားသား ကစားသမားများကို တွဲဖက်အသုံးပြုခဲ့သည်။ နောက်တစ်ဆင့်တက်ရေး မဖြစ်မနေ နိုင်ပွဲရရန် လိုအပ်နေသည့် ဘာလီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် ဆူပါဆိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း တိုက်စစ်၌ အချိတ်အဆက်လွဲချော်နေ၍ ရုန်းကန်ခဲ့ရပြီး ၃၆ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ ဘာလီယူနိုက်တက်အတွက် ဒုတိယဂိုးကို ဆူကာရာဂျာက သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးထပ်ရရန် အားထည့်လာသလို ဆယ်လာနှင့် အီမန်နျူရယ်တို့၏ တိုက်စစ်တွဲလုံးမှာလည်း ပထမပိုင်းထက် ရှန်းအားပိုကောင်းလာသောကြောင့် ဘာလီယူနိုက်တက် နောက်တန်း ပြုဆင်းလာသည်။ ၅၈ မိနစ်တွင် ရန်ကုန်အသင်းဒုတိယချေပဂိုးရခဲ့ပြီး အီမန်နျူရယ်က တစ်ကိုယ်တော်အစွမ်းဖြင့် ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။

သရေကျပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက ကစားအားရောစိတ်ဓာတ်ပါအသာရသွားပြီး အနိုင်ဂိုးရရန်ကြိုးပမ်းလာသည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို ၇၃ မိနစ်တွင် မောင်မောင်လွင်ဖန်တီးပေးသောဘောလုံးကို ဆယ်လာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီးတွင် အုပ်စု(G)၌ ရန်ကုန်အသင်းက ငါးပွဲကစား ၁၂ မှတ်ဖြင့် အုပ်စုပထမရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး ဘာလီယူနိုက်တက် အသင်းမှာမူ ငါးမှတ်ဖြင့် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ ယူ-၂၁ အသင်းနှင့် MNL All Star အသင်း ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် မေ ၁၁**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၁ အသင်းသည် တတိယမြောက်ခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက MNL All Star အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ခြေစမ်းရာတွင် နှစ်ပွဲဆက်အနိုင်ရထားသော်လည်း MNL All Star အသင်းနှင့် ခြေစမ်းရာတွင်မူ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည်။ နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်း ကိုင်တွယ်ပြီး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Star အသင်းသည် ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ဝင်းနိုင်ထွန်း၊ စိုးလွင်လွင်၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်လာပြီး MNL All Star အသင်းတွင်မူ ဇော်မင်းထွန်း၊ ကျော်ဇင်ဖြိုး(ဂိုး)နှင့် နန္ဒကျော်တို့ ဦးဆောင်၍ ပွဲထွက်ခဲ့သည်။ MNL All Star အသင်းသည် ပွဲကိုထိန်းကစားသွားပြီး မြန်မာယူ-၂၁ အသင်း တိုက်စစ်မှာလည်း ယခင်ပွဲများလောက် အတွဲမမိသောကြောင့် လွယ်လွယ်ကူကူ ထိန်းချုပ်နိုင်ခဲ့သည်။ မြတ်ကောင်းခန့်၏ အဝေးကန်ချက် ဘားထိထွက်ခဲ့၍ မြန်မာ ယူ-၂၁ အသင်း နစ်နာခဲ့ရသည်။ ၂၂ မိနစ်တွင် MNL All Star အသင်း အဖွင့်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှ တစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာယူ-၂၁ အသင်း ချေပဂိုးပြန်ရရန် တိုက်စစ်မြှင့်ခဲ့သော်လည်း MNL All Star အသင်းက ပွဲကိုထိန်းချုပ်သွားပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၆ မိနစ်တွင် တည်ငြိမ်မင်းက သွင်းယူခဲ့သည်။ **ရဲရင့်ရှိုင်း**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သမိုင်းအစဉ်အဆက်အရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံလွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဦးထွန်းအောင်(ခ) ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကန်တော့

**ရှောင် မေ ၁၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွှန့်မိသားစု၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ စေတနာရှင်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ရှောင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို ရှောင်မြို့ ဗထူးခန်းမ၌ မေ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီးပူဇော်ပွဲနှင့်ပတ်သက်၍ လှူဒါန်းမှုတို့အတွက် ဦးမြင့်ဦးက ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်ပရိသတ်အပေါင်းတို့က အဘိုးအဘွားများကို ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းကြရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးအောင်မင်းက ဆုတောင်းမေတ္တာပို့သခဲ့သည်။

လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်ပြီး ရှောင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၃၂၅ ဦးကို လှူဒါန်းပြီး ကြွရောက်လာကြသော ဘိုးဘွားများနှင့် ဧည့်ပရိသတ်များအား စတုဒိသာ ထမင်းဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှောင်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့က ပြန်လည်လက်ခံရန် ဆောင်ရွက်ထားရှိမှု၊ အသင့်ဖြစ်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UKhia စခန်းရှိ နေရပ်စွန့်ခွာသူ ကလေးငယ်အား တွေ့ဆုံအားပေးစဉ်။

**✱ မြန်မာနိုင်ငံမှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့က ခရီးစဉ်လာရောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ ပြန်လည်လက်ခံရန် ဆောင်ရွက်ထားရှိမှု၊ အသင့်ဖြစ်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် စခန်းအတွင်းရှိ စုဝေးခန်းမ၌ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အခြေခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင်ပြီးစီးမှု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD အစီအစဉ်ဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးနေမှုနှင့် NV Card ၏ အကျိုးရလဒ်များ၊ လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်မှု အခြေအနေ၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တည်ထောင်ပေးနေမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့အား လွယ်လင့်တကူရရှိအောင် စီစဉ်ထားမှု၊ ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့အဖွဲ့ လာရောက်ခြင်းသည် စခန်းအတွင်း ရောက်ရှိနေကြသူများအနေဖြင့် မိုးမကျမီ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရန် လိုအပ်သည့် ကူညီမှုများကို ဆောင်ရွက်ပေးရန်နှင့် အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ကြိုဆိုလက်ခံစိစစ်ရေးနှင့် နေရာချထားရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနှင့် လက်ခံရန်အသင့်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများက စခန်းအတွင်း နေထိုင်ကြသူများအား တွေ့ဆုံကာ ၎င်းတို့သိရှိလိုသည်များကို ရှင်းလင်းပြောကြား၍ လိုလားချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စခန်းအတွင်းရှိ နေရပ်စွန့်ခွာသူများအား နေရာချထားပေးမှုနှင့် စခန်း၏အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

**သူရဇော်**

**○ မန္တလေးမှ**

ယခုနှစ် မန္တလေးမြို့တော်သင်္ကြန်ပွဲတော်ကို အကြိုနေ့နံနက် ၆ နာရီခွဲတွင် သံဃာတော် ၁၀၈ ပါးကို ၇၁ လမ်းရှိ မြို့တော်ခန်းမရှေ့ ကုသိုလ်ပြု ဆွမ်းလောင်းလှူပွဲဖြင့် စတင်ကာ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နံနက် ၇ နာရီတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြို့မိ မြို့ဖ ငါးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြို့တော်စည်ပင်ယိမ်းအဖွဲ့နှင့် ကျောင်းသူ အင်အား၅၀၀ တို့က မြနန္ဒာသီချင်းဖြင့် သံပြိုင်သီဆိုကပြဖျော်ဖြေကြမည့်အပြင် လူငယ်များအဖွဲ့က ရတနာပုံခေတ်အသွင်ဝတ်ဆင်ကာ သင်္ကြန်စာကို ဖတ်ကြားပေးသွားမည်ဖြစ်ပြီး မြို့မငွေငန်း အလှပြယာဉ်မှဦးဆောင်၍ အလှပြယာဉ်များ၊ သံချပ်အဖွဲ့များက ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်အား ဂါရဝပြုထွက်ခွာ၍ အတာရေသဘင်ပွဲတော်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မန္တလေးတောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၈၀ ဖွင့်လှစ်ရောင်းချမည်

**မန္တလေး မေ ၁၁**

မန္တလေးမြို့တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ပေါင်း ၅၀ ကျော် ပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၈၀ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးတောင်ဘက် ၂၆ လမ်းတွင် ကျင်းပမည်ဖြစ်ပြီး ၆၉ လမ်းမှ ၇၈ လမ်းတစ်လျှောက်တွင် ပေ ၃၀၊ ပေ ၂၀ နှင့် ၁၀ ပေ အသီးသီးရှိ မဏ္ဍပ်များ ဆောက်လုပ်ထားပြီး တောသင်္ကြန်ညပိုင်းဈေးရောင်းပွဲတော်အတွက် ရိုးရာအစားအစာများနှင့် အမှတ်တရပစ္စည်းများရောင်းချနိုင်ရန် ၁၀ ပေ ပတ်လည်ရှိသော ဆိုင်ခန်းပေါင်း ၁၈၀ ကို အခမဲ့နေရာချထားပေးကာ ညပိုင်း ၆ နာရီ မှ ၁၁ နာရီအထိ ရောင်းချခွင့်ပြုထားသည်။ ထို့အပြင် သင်္ကြန်ကာလအတွင်း ကျုံးပတ်လည်တွင် လာရောက်လည်ပတ်ကြသည့် သင်္ကြန်ချစ်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူစားသောက်နိုင်စေရန်အတွက် နေ့ရောညပါ ဖွင့်လှစ်ရောင်းချသည့် ဆိုင်ခန်းပေါင်း ၄၁ ခန်းကိုလည်း ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းတွင် ၂၄ လမ်းမှ ၂၅ လမ်း အတွင်း တစ်ခန်းလျှင် ငါးသိန်းနှုန်းဖြင့် နေရာချထားပေးကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မုံရွာမြို့နယ် စာရေးဆရာအသင်းသို့ စာအုပ်၊ စာစောင်များ လှူဒါန်း

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့်နာယက ဒုတိယရဲမှူးကြီးထိန်ဝင်း (ငြိမ်း)တို့ကစာအုပ်၊ စာစောင်၊ ဂျာနယ်များ စုစုပေါင်းတန်ဖိုး နှစ်သိန်းဖိုးခန့်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် စာရေးဆရာအသင်းအတွက် မေ ၈ ရက် ည ၇ နာရီတွင် မုံရွာမြို့နယ် ကန်တော်မင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပေးအပ်လှူဒါန်းရာ မုံရွာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဖေသန်း (နေမင်းသန့်)၊ နာယကဦးကျော်သောင်း (ကျော်သောင်း- ဘုတလင်)၊ ဦးစိုးနိုင်(စိုးကြီး-မုံရွာ)၊ ဦးစိန်လွင် (မောင်စိန်လွင်-မင်းကင်း)၊ ဦးဇေယျာမိုး (ပျိုးကျဲလက်) နှင့် ဦးဝေဖြိုးတင့်(ထူးအောင်ဝင့်)တို့က လက်ခံရယူကြပြီး မုံရွာမြို့နယ် စာရေးဆရာအသင်းက ထုတ်ဝေသော အမှတ်(၁၀) ချင်းတွင်းဂုဏ်ရည်မဂ္ဂဇင်းစာအုပ်များကို လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မြို့တိုင်းရင်းသားအိမ်ထောင်စုများအား နေအိမ်သစ်နှင့် အသုံးအဆောင်ပစ္စည်းများ လွှဲပြောင်းပေးအပ်



**မောင်တော မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများ စုပေါင်းလှူဒါန်းသော အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက ယင်းအိမ်ရာတည်ရှိရာ မောင်တောမြို့ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု၌ ကျင်းပသည်။

အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများ အပ်နှံပွဲတွင် မောင်တောခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က အိမ်ရာရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိန်းသိမ်းရေးနှင့် နေပျော်စေရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးတို့က အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများကို အိမ်ထောင်စု တစ်စုချင်းအလိုက် ပေးအပ်သည်။

"ခုလို အိမ်သစ်လေးရတာ ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်၊သမီးအသက်(၂၅)နှစ်ရှိပါပြီ၊ ဘဝမှာ ခုလိုမကြုံဖူး၊ မတွေ့ဖူး၊ မနေနိုင်ခဲ့ဖူးပါဘူး၊ ခုလို အိမ်သစ်လေးနဲ့နေရလိမ့်မယ်လို့ မထင်ထားဘူး၊ ဒီလိုမျိုးစီစဉ်ပေးတာ ကျေးဇူးတင်ပါတယ်"ဟု နေအိမ်သစ်ရှိသူ မြို့တိုင်းရင်းသူ မနန့်ရွှေးက ပြောသည်။

အိမ်ရာသစ်နှင့် အိမ်ထောင်သုံးပစ္စည်းများ ပေးအပ်ပွဲတွင် စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီးအပါအဝင် တစ်အိမ်ထောင်လျှင်Family Kit တစ်စုံစီနှင့် ပန်းကန်ခွက်ယောက်များအား ပေးအပ်ခဲ့သည်။

"အရင်ကလို တောင်ပေါ်မှာနေရတာ မကြိုက်တော့ဘူး၊ ငြိမ်းချမ်းလာပြီ၊ ခုလိုမြေပြန့်မှာ အိမ်လေးနဲ့နေရတာ ကောင်းပါတယ်၊ သဘောလည်းကျတယ်၊ အရင်လို တောင်ယာမလုပ်တော့ဘူး၊ လောလောဆယ်တော့ နေစရာရလို့ ဝမ်းသာပါတယ်၊ ခုလို အိမ်သစ်လေးတွေဆောက်ပေးတဲ့ နိုင်ငံတော်နဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟု မိသားစုဝင်များနှင့်အတူ အိမ်ရာသစ်တက်ခွင့်ရသည့် မြို့တိုင်းရင်းသား ဦးအောင်ဖော်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများက လှူဒါန်းသော နေအိမ် ၈၆ လုံးကို သစ်တုံးနားခွဆုံကျေးရွာအုပ်စုအတွင်းရှိ ခရုချောင်းကျေးရွာ၊ မျက်ခေါင်းတောင်ကျေးရွာ၊ ပန်းချောင်းကျေးရွာနှင့် အင်းချောင်းအောက်ကျေးရွာတို့မှ မြို့တိုင်းရင်းသား အိမ်ထောင်စုဝင်များအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အကြမ်းဖက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မောင်တောမြို့ ခုံတိုင်ကျေးရွာရှိ မြို့တိုင်းရင်းသားများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော နေအိမ်အလုံး ၃၀ နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသော နေအိမ် ၁၈ လုံး၊ စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီးအပါအဝင် Family Kit တစ်စုံစီနှင့် ဆန်အိတ်၊ အိမ်ထောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အိမ်ရာသစ်ရရှိသူ မြို့တိုင်းရင်းသား မိသားစုဝင်များအား အိမ်တိုင်ရာရောက်နေရာချထားပေးခဲ့သည်။

အဆိုပါကျေးရွာများတွင် ကျေးရွာတစ်ရွာ၏ အင်္ဂါရပ်နှင့်အညီ လိုအပ်သော ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး**

# ရခိုင်ပြည်နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**စစ်တွေ မေ ၁၁**

"မြန်မာသက္ကရာဇ် ၁၃၇၉ ခု မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ရိုးရာအစဉ်အလာမပျက် စည်စည်ကားကားနဲ့ဆောင်ရွက်ဖို့အတွက် ကော်မတီအလိုက် အစည်းအဝေးတွေလုပ်ပြီးတော့ ဆောင်ရွက်ထားပါတယ်၊ အစီအစဉ်ငါးခုနဲ့ ကျင်းပသွားဖို့ ဆောင်ရွက်ထားပါတယ်၊ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၊ ပိတ်ပွဲ၊ နံ့သာသွေးပြိုင်ပွဲ၊ နံ့သာရည်နဲ့ ဘုရားရေသပ္ပာယ်ပွဲ ၊ နှစ်ဆန်း ၁ ရက်နေ့မှာ သက်ကြီးဘိုးဘွား ပူဇော်ပွဲနဲ့ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ပြောကြားသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ရခိုင်ပြည်နယ်အနေဖြင့် ခရိုင်၊ မြို့နယ် အသီးသီးတို့တွင် မဏ္ဍပ်ကြီးနှစ်ခု၊ မဏ္ဍပ်လတ် ၁၅ ခု၊ မဏ္ဍပ်သေး ၂၄ ခု စုစုပေါင်းမဏ္ဍပ် ၄၁ ခုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်းဗဟိုမဏ္ဍပ်ကို စစ်တွေမှာပဲ လုပ်ပါတယ်၊ ဒီမဏ္ဍပ်က အစိုးရအဖွဲ့က ကြီးမှူးပြီးလုပ်တာ၊ နောက်တစ်ခုက ရခိုင်ရိုးရာမဏ္ဍပ်ဆိုပြီး မိဇ္ဈရပ်ကွက်မှာ ဒေသခံပြည်သူတွေက လုပ်ပါတယ်၊ အဲဒါကိုလည်း ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရက ပံ့ပိုးကူညီပေးပါတယ်၊ စစ်တွေမှာတော့ မဏ္ဍပ်ကြီး နှစ်ခုရှိပါမယ်၊ ကျန်တာကတော့ ဌာနဆိုင်ရာတွေက မဏ္ဍပ်ပေါင်း ၁၅ ခုလောက် ဆောင်ရွက်ထားတာရှိပါတယ်၊ ရခိုင်မှာ အရင်နှစ်တွေထက်စာရင် ဒီနှစ်က ဌာနဆိုင်ရာမဏ္ဍပ်တွေပါ ပါဝင်လာလို့ ပိုစည်ကားမယ်လို့ထင်ပါတယ်၊ ဌာနဆိုင်ရာတွေကို မဏ္ဍပ်တွေ လုပ်တဲ့နေရာမှာ မလုပ်မနေရမဟုတ်ဘူး၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေလည်း သင်္ကြန်တွင်းပျော်ရွှင်မှုရအောင်ပါ၊ လုပ်တဲ့နေရာမှာ ငွေကြေးများအပြား ကုန်ကျတာမျိုးမဟုတ်ဘဲ တစ်နိုင်တစ်ပိုင် လုပ်ကြပါဆိုပြီး စည်စည်ကားကားဖြစ်အောင် လုပ်ကြတာဖြစ်ပါတယ်"ဟု ဒေါက်တာချမ်းသာက ဆက်လက်ပြောကြားသည်။

"သက်ဆိုင်ရာမဏ္ဍပ်တွေမှာတော့ အကအဖွဲ့တွေ၊ ယိမ်းအဖွဲ့တွေရှိမယ်၊ ရခိုင်ရိုးရာ လောင်းလှေတွေနဲ့ ရေလောင်းတာတွေရှိမယ်၊ စတုဒိသာ အကျွေးအမွေးတွေလည်း ရှိမှာဖြစ်ပါတယ်၊ လုံခြုံရေးအနေနဲ့ကလည်း ရဲတပ်ဖွဲ့က တာဝန်ယူထားတဲ့အတွက် စစ်တွေသင်္ကြန်ဟာ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်နဲ့ ဖြစ်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"နောက်တစ်ခုက ငပလီကို လူတွေပိုပြီးတော့ စိတ်ဝင်စားလာအောင်၊ ပြည်ပကလာတဲ့ နိုင်ငံခြားသားတွေနဲ့ ပြည်မကလာတဲ့သူတွေ ရခိုင်ယဉ်ကျေးမှုကို သိရှိထိတွေ့နိုင်အောင်ဆိုပြီး ငပလီမှာ ရခိုင်ရိုးရာ ရခိုင်မဏ္ဍပ်ကို ဒီနှစ်စတင်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ စစ်တွေမြို့ဟာ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်မှာကတော့ ပြည်နယ်အဆင့်နဲ့ လျော်ညီစွာ ကျင်းပသွားမှာ ဖြစ်ပါတယ်၊ ငပလီမှာလုပ်တဲ့အတွက်ကြောင့် နိုင်ငံခြားသားတွေအနေနဲ့လည်း ရခိုင်ရိုးရာယဉ်ကျေးမှုကို သိသွားနိုင်မယ်၊ နောက်တစ်ချက်က ရခိုင်ယဉ်ကျေးမှုဟာ သံတွဲ၊ တောင်ကုတ်တို့လို ရခိုင်တောင်ပိုင်းမြို့တွေထိကို ပျံ့နှံ့တယ်ဆိုတာလည်း ကျွန်တော်တို့ ပြချင်တာလည်းပါပါတယ်"ဟု ပြည်နယ်ဝန်ကြီးက ဆက်လက်ပြောကြားသည်။



**ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ**

"ကျွန်တော်တို့ငယ်ငယ်တုန်းကဆို လောင်းလှေတွေနဲ့ ရေလောင်းခဲ့ကြတယ်၊ နှစ်ကာလတွေ ကြာသွားတော့ တိမ်မြုပ်သွားတာလေးတွေရှိပါတယ်၊ ဒါလေးတွေကို ပြန်လည်ဖော်ထုတ်ဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာလည်းပါပါတယ်၊ ငပလီကို တသီးတသန့် သွားလုပ်တာ မဟုတ်ပါဘူး၊ ရခိုင်တစ်ပြည်လုံးမှာရှိတဲ့ မြို့တွေအားလုံးမှာ လုပ်မှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ် အစိုးရကလည်း မြို့နယ်တိုင်းမှာရှိတဲ့ သင်္ကြန်တွေကို စည်ကားဖို့အတွက် တစ်မြို့နယ်ကို ကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးထားပါတယ်၊ မြို့နယ်အားလုံးမှာ စည်စည်ကားကားလုပ်မှာဖြစ်ပါတယ်၊ မောင်တောဆိုရင်လည်း သူ့ရိုးရာအစဉ်အလာအတိုင်း မောင်တောသင်္ကြန်က နှစ်ဆန်း ၁ ရက်နေ့မှာ စတာဆိုတော့ မောင်တောမှာလည်း စည်စည်ကားကား ကျင်းပသွားဖို့ စီစဉ်ထားပါတယ်၊ ပြည်နယ်အစိုးရအနေနဲ့လည်း တတ်နိုင်သလောက် ပံ့ပိုးကူညီပေးထားပါတယ်"ဟု ဒေါက်တာချမ်းသာက ပြောကြားသည်။

ရခိုင်ရိုးရာသင်္ကြန်သည် ရိုးရာအစဉ်အလာမပျက် ဆောင်ရွက်သည့် သင်္ကြန်ဖြစ်သည့်အတွက် ရိုးရာတိမ်ကောခြင်းမရှိအောင် ဘုရားကိုရေသပ္ပာယ်ပြီးမှသာ လူပုဂ္ဂိုလ်များက ရေပက်ကစားသည့် အစဉ်အလာရှိကြောင်း၊ ယင်းကို ရခိုင်ဘုရင်များ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘုရားကိုရေသပ္ပာယ်မယ်ဆိုရင်လည်း ရိုးရိုးရေနဲ့မဟုတ်ဘဲ နံ့သာရည်နဲ့ပဲ ပူဇော်ပါတယ်၊ အကြိုနေ့မှာ နံ့သာသွေးပြိုင်ပွဲကိုလုပ်ပါမယ်၊ နံ့သာသွေးပြိုင်ပွဲမှာ ကျွန်တော်တို့ ဆုတွေလည်းပေးမှာဖြစ်ပါတယ်၊ နံ့သာသွေးပြိုင်ပွဲကရတဲ့ နံ့သာရည်နဲ့ပဲ အတုလမာရဇိန်ဘုရားကြီးကို ရေသပ္ပာယ်မှာ ဖြစ်ပါတယ်၊ မဏ္ဍပ်တွေမှာတော့ အဆို၊ အကတွေပါဖို့ရှိပါတယ်၊ ကျွန်တော်တို့ ဖျော်ဖြေရေးတွေလုပ်ပါမယ်၊ နောက်ပြီး ရခိုင်အဆိုတော်တွေကိုလည်း ဖိတ်ခေါ်ထားပါတယ်၊ အဆိုတော်တွေနဲ့ မဏ္ဍပ်တွေမှာ အားဖြည့်ပြီး ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်၊ နောက်ပြီး ရေကိုလည်း အင်နဲ့အားနဲ့ လောင်းနိုင်အောင် ရေရရှိရေးကိုလည်းစီစဉ်ထားပါတယ်"ဟု ပြောကြားသည်။

"ကျွန်တော်တို့ သင်္ကြန်ဆိုတာ ရိုးရာအစဉ်အလာမပျက်ဆောင်ရွက်တာ ဖြစ်ပါတယ်၊ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့တဲ့ ပွဲတော်တစ်ခုလည်း ဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ပြောချင်တာက အင်မတန် ပျော်ရွှင်စရာ၊ ချစ်စရာကောင်းတဲ့ ခုလိုသင်္ကြန်မှာ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ရှေးရိုးရာမပျက် ရေလောင်းရင်းနဲ့ ပျော်ပျော်ပါးပါး နှစ်ဟောင်းကအညစ်အကြေးတွေ ဆေးကြောပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ ဆောင်ရွက်နိုင်ဖို့လိုပါတယ်၊ သင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူပြည်သားအားလုံး အစိုးရအဖွဲ့နဲ့အတူ ပူးပေါင်းပါဝင်ပြီး ပျော်ပျော်ပါးပါး ဆင်နွှဲကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ် ဆောက်လုပ်ရေးနှင့် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ နံ့သာသွေးပြိုင်ပွဲနှင့် ဘုရားနံ့သာရည်သပ္ပာယ်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ဖိတ်ကြားရေးလုပ်ငန်းဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားနှင့် ဖျော်ဖြေရေးလုပ်ငန်းဆပ်ကော်မတီ၊ ဗဟိုရေကစားမဏ္ဍပ်၊ ရေကစားလုပ်ငန်းဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်း ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ပရိတ်ရွတ်ပွဲလုပ်ငန်းဆပ်ကော်မတီ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီ တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ- နိုင်လင်း**



**စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့၌ ဗဟိုရေကစားမဏ္ဍပ်ဆောက်လုပ်နေမှုအား တွေ့ရစဉ်။**

# နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ယခင်နှစ်ကထက် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်သွားမည်

**မကြာမီကျင်းပတော့မည့် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် ပြည်သူများ လိုက်နာဆောင်ရွက်သင့်သည်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူး(စီမံ) ရဲမှူးကြီး သက်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-**



**ညွှန်ကြားရေးမှူး(စီမံ) ရဲမှူးကြီး သက်နိုင်**

**မေး။ ။ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလ ပြည်သူတွေ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဘာတွေဆောင်ရွက်ထားသလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မြန်မာသက္ကရာဇ် ၁၃၇၉-၁၃၈၀ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြိုကာလလုံခြုံရေးကို ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကနေ ၁၂ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ် လုံခြုံရေးကို ဧပြီ ၁၃ ရက်ကနေ ၁၇ ရက်အထိနဲ့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပပြီးကာလ လုံခြုံရေးကို ဧပြီ ၁၈ ရက်ကနေ ၃၀ ရက်အထိ ဆိုပြီး အပိုင်း သုံးပိုင်းခွဲကာ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

သင်္ကြန်ရေကစားမဏ္ဍပ်တွေရဲ့ လုံခြုံရေးအပြင် တန်ခိုးကြီးဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံ၊ အများပြည်သူ အပန်းဖြေနိုင်တဲ့ ပန်းခြံနဲ့ ကစားကွင်းတွေ၊ လူစည်ကားရာနေရာတွေဖြစ်တဲ့ ဈေး၊ ကုန်တိုက်၊ Shopping Center တွေ၊ ရေဆိပ်၊ လေဆိပ်၊ ကားဂိတ်နဲ့ ဘူတာရုံတွေရဲ့ လုံခြုံရေး၊ မော်တော်ယာဉ်များသွားလာမည့် လမ်းကြောင်း လုံခြုံရေး၊ လုံခြုံရေးအရန် အသင့်စုဖွဲ့မှုတွေ ဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် ရေကစားမဏ္ဍပ်တွေနဲ့ အရေးကြီးနေရာတွေမှာ CCTV ကင်မရာတွေ တပ်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ ဝင်၊ ထွက် ပေါက်တွေ၊ နယ်စပ်ဝင်၊ ထွက်ပေါက်တွေမှာ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီး နှစ်နိုင်ငံနယ်စပ် ဆက်ဆံရေးရုံးတွေကနေတစ်ဆင့် စောင့်ကြည့်စစ်ဆေးသတင်းဖလှယ်ခြင်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခင်နှစ်က နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မဟာသင်္ကြန်လုံခြုံရေးကို လုံလောက်တဲ့ ရဲတပ်ဖွဲ့အင်အားနဲ့ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်မှာလည်း ယခင်နှစ်ကထက် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ပြီး စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ သင်္ကြန်ကာလမှာ ဘယ်လိုမှုခင်းမျိုးတွေ ဖြစ်ပွားတတ်ပါသလဲ။**

ဖြေ။ ။ သင်္ကြန်ကာလအတွင်းဖြစ်ပွားတဲ့ မှုခင်းတွေမှာ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ မှုခင်းတွေနဲ့ သင်္ကြန်ကာလတစ်ခုလုံးမှာ ပိုမိုဖြစ်ပွားလေ့ရှိတဲ့ မှုခင်းဆိုပြီး နှစ်မျိုးရှိပါတယ်။

သင်္ကြန်ကာလတစ်ခုလုံးမှာ ပိုမိုဖြစ်ပွားလေ့ရှိတဲ့ မှုခင်းဆိုတာကတော့ သင်္ကြန်ကာလအတွင်း ရေပက်ကစားရာက ဖြစ်ပွားတဲ့ မှုခင်းတွေ၊ နောက်ပြောင်ကျီစယ်ရာက ခိုက်ရန်ဖြစ်ပွားတဲ့ မှုခင်းတွေ၊ အရက်သေစာသောက်စားမူးယစ်ရာက ခိုက်ရန်ဖြစ်ပွားတဲ့ မှုခင်းတွေ၊ ရေပက်ကစားပျော်ပါးမှုအတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ကာမနိုးထစေတဲ့ဆေးဝါးများ သောက်သုံးခြင်းနဲ့ တိုက်ကွျေးခံရခြင်းတွေကြောင့် ဖြစ်ပေါ်တဲ့ မှုခင်းတွေနဲ့ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုနဲ့ ယာဉ်မတော်တဆမှုဖြစ်ပွားသော မှုခင်းတွေဖြစ်ပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်တွေမှာ ရေကစားရာကနေ ရေနစ်သေဆုံးတဲ့ သေမှုသေခင်းတွေလည်း ပိုမိုဖြစ်ပွားလေ့ရှိပါတယ်။။

**မေး။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းအခြေအနေတွေကို သိလိုပါတယ်။**

ဖြေ။ ။ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှု၊ တိရစ္ဆာန်ခိုးမှု စတဲ့ အမှုကြီးတွေအပါအဝင် အမှုပေါင်း ၉၈၁ မှု ရှိခဲ့ပြီး သေဆုံးသူ ၂၈၅ ဦးနဲ့ ဒဏ်ရာရသူ ၁၀၇၃ ဦးရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် သင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့တဲ့ မှုခင်းတွေအနေနဲ့ ယာဉ်တိုက်မှု ၃၅၇ မှုဖြစ်ပွားခဲ့ပြီး နာကျင်မှု (ခိုက်ရန်ဖြစ်ပွားမှု) ၁၂၆ မှု ဖြစ်ပွားခဲ့ပါတယ်။ မှုခင်းများဖြစ်ပွားရတဲ့ အကြောင်းအရင်းတွေကို သုံးသပ်ရမယ်ဆိုရင် အရက်သေစာသောက်စားမူးယစ်ပြီး အပျော်လွန်ခြင်းကြောင့် အဓိကဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

**မေး။ ။ ၂၀၁၈ ခုနှစ် သင်္ကြန်အကြိုကာလအတွက် မူးယစ်ဆေးဝါးတွေ မပျံ့နှံ့စေဖို့ ဘယ်လိုတားဆီးကာကွယ်သွားမလဲဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ မူးယစ်တပ်ဖွဲ့စု ၅၀ ကို နယ်မြေခံရဲတပ်ဖွဲ့၊ NGO အဖွဲ့အစည်းတွေ၊ နယ်မြေခံ ပြည်သူတွေနဲ့ ပူးပေါင်းပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကအားဖြင့် NGO အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှုဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူတွေကို သတင်းရယူစုံစမ်းဖော်ထုတ်ခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုတွေမရှိစေရေးအတွက် ရှောင်တခင်လမ်းကြောင်းပိတ်ဆို့ ရှာဖွေခြင်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ ။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ၂၀၁၆ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၅၄ မှု၊ အမျိုးသားတရားခံ ၇၃ ဦး၊ အမျိုးသမီးတရားခံ ငါးဦး စုစုပေါင်း ၇၈ ဦးတို့ကို ဘိန်း တစ်မှု (သုည ဒသမ ၂၂၆ ကီလို)၊ ဘိန်းဖြူ ၁၃ မှု (သုည ဒသမ ၀၈၃၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ မှု (ဆေးပြား ၂၀၉၇၉ ပြား၊ ဆေးခြောက် သုည ဒသမ ၀၃၂၄ ကီလို)၊ အဆင့်နိမ့်ဘိန်း သုည ဒသမ ၀၁၀၂ ကီလို၊ အိုက်စ် တစ်မှု (သုည ဒသမ ၀၃၃၂ ကီလို)၊ အက်စီတုန်း ၁၇ ဒသမ ၅ ကီလိုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖြစ်သည့် အရိုး မီးသွေး ၅၀ ကီလို၊ အက်စီတုန်း ၁၇ ဒသမ ၅ လီတာ၊ ကော့စတစ် ၄၀ ကီလို၊ အက်ဆစ် တစ်အင်ဟိုက်ဖြိုက် တစ်မှု (၁၆ ပုလင်းနဲ့ အရက်ပြန် ၃၀ လီတာ)တို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၇၀၊ အမျိုးသားတရားခံ ၉၄ ဦး၊ အမျိုးသမီးတရားခံ ရှစ်ဦး စုစုပေါင်း ၁၀၂ ဦးတို့ကို ဘိန်း နှစ်မှု (၆ ဒသမ ၆၀၃ ကီလို)၊ ဘိန်းဖြူ ၁၆ မှု (သုည ဒသမ ၀၄၄၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ မှု (ဆေးပြား ၄၀၄၀၇ ပြား)၊ ဆေးခြောက် ငါးမှု(သုည ဒသမ ၂၄၂၄၆ ကီလို)၊ ဘိန်းစာမှုန့် တစ်မှု (၇ ဒသမ ၃၇ ကီလို)၊ အိုက်စ် သုံးမှု (၉ ဒသမ ၀၀၃၅ ကီလို)နဲ့ အက်တက်စီဆေးပြား တစ်မှု (၂၁ ပြား) ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

**မေးခွန်း။ ။ သင်္ကြန်ပွဲတော်ကာလမှာ ယာဉ်မောင်းသူ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ယာဉ်မောင်းသူတွေ အဓိကလိုက်နာရမယ့် အချက်တွေကတော့ အရှိန်ပြင်းမမောင်းပါနဲ့၊ အရက်သေစာသောက်စားပြီး မမောင်းပါနဲ့၊ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း မလုပ်ပါနဲ့၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း မပြုပါနဲ့၊ မီးပွိုင့်အချက်ပြမှုကို လိုက်နာပြီး မီးနီကို ဖြတ်မမောင်းပါနဲ့၊ ယာဉ်ကြံ့ခိုင်မှုမရှိတဲ့ ယာဉ်တွေကို မမောင်းပါနဲ့၊ အပျော်လွန်ကျူးငေးမောပြီး မမောင်းပါနဲ့၊ ဖုန်းပြောပြီး မမောင်းပါနဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပြီး မောင်းနှင်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မေးခွန်း။ ။ သင်္ကြန်ကာလမှာ မော်တော်ဆိုင်ကယ်မောင်းနှင်သူတွေ သတိပြုလိုက်နာရမယ့် အချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ။ မော်တော်ဆိုင်ကယ်ဟာ နှစ်ဘီးတပ်ယာဉ်၊ အကာအကွယ်မဲ့ယာဉ် ဖြစ်ပါတယ်။ သင်္ကြန်ကာလ လမ်းပေါ်မှာ ဖိတ်စဉ်ကျနေနိုင်တဲ့ စက်ဆီ၊ ရေများလည်း ရှိနေမှာဖြစ်လို့ အလွယ်တကူတိမ်းမှောက်နိုင်တဲ့အတွက် အထူးသတိပြုမောင်းနှင်ရမှာ ဖြစ်ပါတယ်။ အဓိကသတိပြုရမယ့်အချက်တွေကတော့ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်းနဲ့ ပတ်ဝန်းကျင်ဆူညံအနှောင့်အယှက်ဖြစ်အောင် အသံထိန်းအိတ်ဇောဖြုတ် မောင်းနှင်ခြင်းတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဆိုင်ကယ်နဲ့ ရေပက်ခံထွက်တာ အလွန်အန္တရာယ်များတဲ့အတွက် ဆိုင်ကယ်စီးဦးထုပ်ဆောင်းပါ၊ မေးသိုင်းကြိုးတပ်ပါ၊ နှစ်ဦးထက်ပိုမစီးပါနဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပါ၊ ကျင့်သုံးပါလို့ တိုက်တွန်းလိုပါတယ်။

**မေး။ ။ သင်္ကြန်ကာလမှာ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူများ လိုက်နာရမယ့်အချက်တွေကိုလည်း ပြောပြပေးပါခင်ဗျ။**

ဖြေ။ ။ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူတွေ၊ သင်္ကြန်မဏ္ဍပ် လိုက်ကြည့်သူတွေအနေနဲ့ မမျှော်လင့်ဘဲ ဖြစ်လာနိုင်တဲ့ ယာဉ်အန္တရာယ်ကို သတိပြုကြရမှာ ဖြစ်ပါတယ်။ စည်းကမ်းမဲ့ မောင်းနှင်တဲ့ကား၊ ဆိုင်ကယ်တွေ ရှိတဲ့အတွက် လမ်းဘေးပလက်ဖောင်းပေါ်ကနေ သွားလာဖို့ သတိပေးလိုပါတယ်။ ပလက်ဖောင်းမရှိရင် လမ်းဘေးက လျှောက်ပါ။ ငေးမောကြည့်ရှုပြီး ဘေးပတ်ဝန်းကျင်ကို သတိမပြုကြရင်တော့ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ လမ်းဖြတ်ကူးရာမှာလည်း မိမိကိုယ်တိုင်က ယာဉ်အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အသိနဲ့ သတိပြုသွားလာကြဖို့ အသိပေးပြောကြားလိုပါတယ်။ လမ်းဘေးက လမ်းလျှောက်သွားရင် သွားလာနေတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ရဲ့လားရာနဲ့ မျက်နှာချင်းဆိုင်အနေအထားနဲ့ သွားလာကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ဒါမှလည်း မိမိအန္တရာယ်ကို ကြိုတင်မြင်တွေ့ပြီး ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ အခုလာမယ့်သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေမဖြစ်အောင် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုဆောင်ရွက်ပေးသွားမလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ အခုလာမယ့် သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်စေဖို့၊ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိကြတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ယာဉ်အန္တရာယ် ဖြစ်ပွားနိုင်တဲ့ လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်၊ အဝိုင်းပတ်နေရာများမှာ တာဝန်ချထားပြီး ယာဉ်လမ်းရှင်းလင်းရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူစည်ကားတဲ့နေရာတွေဖြစ်တဲ့ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာလည်း တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်လမ်းရှင်းလင်းရေးနဲ့ လမ်းပိတ်လမ်းလွှဲခြင်းတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ (NGO)အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေမဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေရှိရင်လည်း သိလိုပါတယ်။**

ဖြေ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ပြည်သူတွေအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးခြင်းတွေကို နေ့စဉ်ဆောင်ရွက်နေသလို သင်္ကြန်ကာလမတိုင်ခင် လေးပတ်ခန့်အလိုကစပြီး စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်တွေကို စစ်ဆေးအရေးယူသွားမှာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ အသိပညာပေးမှုတွေကို ကြိုတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်ပြီး အိတ်ဇောဖွင့်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက် ပိုစီးခြင်း၊ မီးနီဖြတ်မောင်းခြင်း စတဲ့ယာဉ်တွေကို အရှိန်အဟုန်မြှင့် စစ်ဆေးအရေးယူသွားမှာဖြစ်ပါတယ်။ သတိပေးနှိုးဆော်တဲ့စာတွေကိုလည်း ပြည်သူများ သိရှိစေဖို့ နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်သွင်းအသိပေးကြေညာသွားမှာဖြစ်ပါတယ်။

**မေး။ ။ သင်္ကြန်ကာလအတွင်းမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့အတွက် အသိပညာပေးဆောင်ရွက်မှုတွေကို ပြောပြပေးပါဦးခင်ဗျ။**

ဖြေ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် နေ့စဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောမှုတွေပြုလုပ်နေသလို သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲတွေအလိုက် သင်္ကြန်မတိုင်မီ တစ်လခန့်အလိုကစပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးမှု၊ ဟောပြောမှုတွေကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်းနဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ညအချိန် Mobile စနစ်နဲ့ အသံချဲ့စက် အသုံးပြုပြီးတော့လည်း ပြည်သူတွေကို အသိပညာပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ။

**သတင်းအဖွဲ့**

## မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဟောပြော

**ရေး ဧပြီ ၁၁**

ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၂)ရပ်ကွက် ကျိုက်ကေလာသ ဘုရားမုခ်ဦးရှေ့၌ ဧပြီ ၁၀ ရက်က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး ဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ သင်္ကြန်ကာလအတွင်း မော်တော်ယာဉ်၊ ဆိုင်ကယ်များ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် အရက်သေစာမူးယစ်သောက်စားပြီး ယာဉ်များအား မဆင်မခြင် ပေါ့ဆစွာမောင်းနှင်ခြင်း မပြုကြရန်၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်၊ မော်တော်ဆိုင်ကယ်များတွင် အသံဆူညံကျယ်လောင်သော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်း မပြုကြရန်၊ ပါဝါအိတ်ဇောဖြုတ်မောင်းနှင်ခြင်း မပြုကြရန် စသည်ဖြင့်လည်းကောင်း၊ လမိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဘကြိုင်က သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေး၊ အရက်သေစာ သောက်စားမူးယစ်ရမ်းကားမှု မရှိစေရေး စသည်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

အမှတ်(၃၉) မူးယစ်တပ်ဖွဲ့စု(ရေး)မှ ရဲအုပ် မျိုးသန့်နိုင်က မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ လမိုင်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ထပ်ချွန်က သင်္ကြန်ကာလအတွင်း အမှုကြီးများ မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ အုပ်စုဖွဲ့ရမ်းကားမှု မရှိစေရေး သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှာ ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် စသည်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

**ခရိုင်ရဲတပ်ဖွဲ့**



**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်တွင် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းကျဆင်းရေး ဟောပြောပွဲကို ဧပြီ ၉ ရက် ညပိုင်းက ကျင်းပရာ ပြည်သူ ၂၀၀ ခန့် တက်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြတ်စိုးက ပညာပေးဟောပြောစဉ်။** ကြေးမုံ

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၈၇ စီး၊ သွင်းကုန် ၉၀၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၁၃ သန်းခန့်) စုစုပေါင်း တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၁၃ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဧပြီ ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင် မော်တော်ယာဉ်နှစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Brand New Chain-Saw Spare Parts Replacement Chain In Coil(3) Pkgs နှင့် Hand Baggages (108)U စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၀၁၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## E-Band လှိုင်းနှုန်းများ လျှောက်ထားရယူနိုင်ကြောင်း အသိပေး

**နေပြည်တော် ဧပြီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် E-Band (Uplink 71.125 GHz~75.875 GHz, Downlink 81.125 GHz ~ 85.875 GHz) အတွင်းရှိ လှိုင်းနှုန်းများအား ITU Recommendation နှင့် အညီ 250 MHz Bandwidth ရှိ Channel များအား (၅) နှစ်သက်တမ်းရှိသော လှိုင်းနှုန်းစဉ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ချထားပေးသွားမည် ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/my/news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၄-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ NRC အစီအစဉ် "ကရင်ရိုးရာခရုဟင်း"
၈း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)
၉း၃၅ လှပစုံလင် အာဆီယံတစ်ခွင်
၉း၄၀ ASEAN Spotlight (Part-22)
၁၀း၃၀ အလုပ်သမားရေးရာ အစီအစဉ်
၁၁း၁၀ "ရိုးရာမပျက် ယဉ်ကျေးစွာ ဆင်နွှဲ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲ"
၁၁း၂၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကံကြမ္မာရဲ့ အရသာ" (ပိုင်ဖေ၊ ဖူးစုံ၊ ပန်သုမြင့်မိုရ်၊ ခိုင်ရာဇာ၊ အမာကြည်၊ ဦးကရင်၊ ဦးဇော်၊ ဝတ်ရည်နှင်း) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၁၁း၄၅ "အေးချမ်းပျော်ရွှင် မဟာသင်္ကြန်တွင်" (အပိုင်း-၅)
၁၂း၃၀ "အလှထူးတဲ့. . . လတန်ခူး" (အေးသူဇာမြင့်၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ မျိုးဝင်းအောင်၊ ဖြူခင်ချို၊ မို့မို့မြင့်အောင်၊ ပပခင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ)
၁၂း၅၀ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1) (စစ်တွေမြို့) (ဒုတိယပိုင်း)
၁၃း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (နောက်ဆုံးရင်သွေး) (အပိုင်း-၃)
၁၄း၁၀ "ကြည်နူးသာစွ ကောလောင်းရေတံခွန်အလှ"

**ညပိုင်း**

၁၆း၃၅ "ရှမ်းပြည်နယ်တောင်ပိုင်း ခရီးသွားမြင့်တင်ရေး" (အပိုင်း-၇)
၁၇း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၀ "လေ့လာလည်ပတ်နိုင်ပြီ ကျောက်စိမ်းလိုဏ်ဂူဆီ"
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ "ချစ်စရာ့တာသင်္ကြန်"
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (နေပြည်တော်ကောင်စီ)
-America's Got Talent
-နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၄)
-မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီခင်သီတာထွန်း)
-အစီအစဉ်ပြီး၏။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၁**

မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၀ ရက် နံနက် ၃ နာရီက မြဝတီမြို့ မြဝတီ-ကော့ကရိတ်သွားလမ်း၌ မအေးကြည်(ခ)မချိုမာ မောင်းနှင်ပြီး မစမ်းမ၊ မမြညွန့်နှင့် မဒီဇင်ဘာတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၇၄၅ ပြားနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက်က မူးယစ်တပ်ဖွဲ့စု(၃၃) ထားဝယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ရေးလမ်းနှင့် ဈေးကလေးလမ်းထောင့်၌ မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရှိသူ ပြည်စုံဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားနှင့် ငွေကျပ် ၈၀၀၀၀ တို့ကိုလည်းကောင်း၊ ကွင်းဆက်အရ နံနက် ၅ နာရီတွင် ထားဝယ်မြို့ ကရပ်ပြင်တောင်ရပ်ကွက် မတ္တရာကျောင်းလမ်းနေ ကောင်းစည်သူ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ ငွေကျပ် ၃၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ လောင်းလုံးမြို့နယ် ဂေါ့အင်းကျေးရွာနေ ဇင်ကို (ခ) စည်သူစိုးသန့်၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ မိန်းမကိုင် ပစ္စတိုသေနတ်တစ်လက်၊ ကျည်ခွံတစ်ခုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်သွားကားလမ်း ပြင်စာကျေးရွာအနီး စားသောက်ဆိုင်၌ ခိုင်ဖြိုးလင်း(ခ) ပူးကျူးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၅ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက် သောက်ရေသန့်စက်ရုံလမ်းနေ Ms. Puttaporn (ထိုင်းနိုင်ငံသူ)နှင့် မာထိဘိုတို့ အိမ်ငှားနေထိုင်သည့် နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြား၊ စိတ်ကြွဆေး အကြေမှုန့် ငါးဂရမ်၊ ကတ်တမင်း တစ်ဂရမ်၊ ထိုင်းငွေ ဘတ် ၁၀၅၀၀၊ လက်ကိုင်ဖုန်းသုံးလုံးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**


## မန္တလေးမြို့တွင် သင်္ကြန်အကြိုကာလ မူခင်းအသိပညာပေးဆောင်ရွက်

**မန္တလေး ဧပြီ ၁၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်း သင်္ကြန်အကြိုကာလ မူခင်းအသိပညာပေးခြင်းလုပ်ငန်းများကို မူခင်းအသိပညာပေး ရွေ့လျားယာဉ်ဖြင့် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဧပြီ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့သည်။ အဆိုပါမူခင်းကျဆင်းရေး ပညာပေးလုပ်ငန်းများကို အမှတ်(၈) မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးခင်မောင်သိန်း ဦးဆောင်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကဥ္စဏမဟီရပ်(၇၈)လမ်း၊ (၃၃) နှင့် (၃၄) လမ်းကြား ဗိုင်းမွန်းပလာဇာရှေ့တွင် မူခင်းအသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**




# သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း CNG အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချရန် စီစဉ်ထားရှိ

**ရန်ကုန် ဧပြီ ၁၁**

သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အတွင်း အများပြည်သူများ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် (CNG)များ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၁ ဆိုင်ရှိသည့်အနက် ၃၄ ဆိုင်ကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီးတွင် နှစ်ဆိုင်ရှိသည့်အနက် ပလိပ်မြို့ရှိတစ်ဆိုင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်း မြို့တွင် နှစ်ဆိုင်ရှိသည့်အနက် တစ်ဆိုင်နှင့် ချောက်မြို့တွင် တစ်ဆိုင် စုစုပေါင်း နှစ်ဆိုင်ကိုလည်းကောင်း ပိတ်ရက်မရှိ နေ့စဉ်ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG)များ**
**သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ဖွင့်လှစ်ရောင်းချမည့်နေ့ရက်များ**

| စဉ် | CNG အရောင်းဆိုင် | ဖွင့်လှစ်ရောင်းချမည့်ရက် | ဖွင့်လှစ်ရောင်းချမည့်အချိန် | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | လှိုင်သာယာ(၁) (၀၀၉)၊ မြောက်ဥက္ကလာ(၁) (၀၁၁)၊ ဒညင်းကုန်း(၁) (၀၁၂)၊ ရွှေပြည်သာ(၁)(၀၁၄)၊ စော်ဘွားကြီးကုန်း(၀၁၉)၊ ဒဂုံအရှေ့(၂)(၀၂၃)၊ ပါရမီ(၀၂၄)၊ လှော်ကား(၀၂၅)၊ ရွှေပြည်သာ(၂)(၀၂၇)၊ သုဝဏ္ဏ(၀၂၈)၊ အလုံ(၃) (၀၂၉)၊ ရွှေညောင်ပင်(၀၃၀)၊ သန်လျင်(၂) (၀၃၁)၊ မောင်းမကန်(၀၃၈)၊ ရေနံချောင်း(၁)၊ ချောက် | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၆း၀၀ | ၂၂း၀၀ |
| ၂ | သမိုင်း(၁)(၀၀၁)၊ အင်းစိန် (၀၀၂)၊ အလုံ(၁)(၀၀၃)၊ ကျိုက္ကလို့(၀၀၄)၊ သာကေတ(၁)(၀၀၅)၊ ဒဂုံမြို့သစ် (၀၀၆)၊ ဘုရင့်နောင်(၀၀၇)၊ ပုလဲ (၀၀၈)၊ အလုံ (၂) (၀၁၃)၊ ဒဂုံအရှေ့(၁) (၀၁၅)၊ ကြည့်မြင်တိုင်(၀၁၆)၊ တောင်ဥက္ကလာ (၁)(၀၁၇)၊ သန်လျင်(၁)(၀၁၈)၊ မင်္ဂလာတောင်ညွန့် (၀၂၀)၊ ဒဂုံဆိပ်ကမ်း(၀၂၁)၊ သာကေတ(၂) (၀၂၂)၊ လှိုင်သာယာ (၂) (၀၂၆)၊ တောင်ဥက္ကလာပ(၂)(၀၃၇)၊ လှိုင်သာယာ(၃) (၀၃၉)၊ ထောက်ကြန့်(၀၄၂)၊ ပလိပ် | ဧပြီ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက် | ၀၀း၀၀ | ၂၄း၀၀ |

**သတင်းစဉ်**


# ဒီရော့စီနဲ့ မင်နိုလက်စ်တို့ အကြွေးချေခဲ့မှုနှင့်အတူ ရိုးမားက ကမ္ဘာ့ဘောလုံးပရိသတ်များကို အံ့အားသင့်စေခဲ့

ဧပြီ ၁၁ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ရိုးမားနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ပွဲစဉ်မှာ ရိုးမားအသင်းဟာ အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ ပြန်လည်အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်သွားခဲ့ပါတယ်။ ဒီပွဲမှာ ထူးခြားခဲ့တာက ပြီးခဲ့တဲ့ ပထမအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းဘက်ကို ဂိုးလက်ဆောင်ပေးခဲ့လို့ အကြီးအကျယ်ဝေဖန်ခံခဲ့ရတဲ့ ဒီရော့စီနဲ့ မင်နိုလက်စ်တို့ဟာ ယခုပွဲမှာ အသင်းအတွက် အနိုင်ဂိုးတွေပြန်သွင်းပေးပြီး ကလပ်အသင်းအပေါ် တင်နေတဲ့ အကြွေးကို မိမိရရ ပြန်ဆပ်လိုက်နိုင်တာ ဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းက ဘာစီလိုနာကို လေးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရာမှာ ဒီရော့စီနဲ့ မင်နိုလက်စ်တို့ ကိုယ့်ဂိုးကိုယ်သွင်းယူမိတဲ့ နှစ်ဂိုး ပါဝင်ခဲ့တာပါ။

ဒီရော့စီဆိုရင် ဇက်ကိုသွင်းယူခဲ့တဲ့ ပထမဆုံးဦးဆောင်ဂိုးကို ဖန်တီးပေးခဲ့သလို ဒုတိယမြောက်သွင်းဂိုးကိုလည်း ပင်နယ်တီကတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ မင်နိုလက်စ်ကတော့ ရိုးမားအသင်းကို ဆီမီးဖိုင်နယ်တက်ရောက်စေမယ့် တတိယမြောက်ဂိုးကို ဘာစီလိုနာကစားသမားတွေ ရှုပ်ယှက်ခတ်နေတဲ့ကြားက ခေါင်းတိုက်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ရိုးမားအသင်းရဲ့ ယခုနိုင်ပွဲဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ ဘာစီလိုနာက ပီအက်စ်ဂျီကို အိမ်ကွင်းမှာ ခြောက်ဂိုး-တစ်ဂိုးနဲ့ ပြန်လည်အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့တုန်းက အခြေအနေထက်တောင် အံ့အားသင့်ဖွယ်ကောင်းတယ်လို့ အားကစားသတင်းမီဒီယာများက ချီးမွမ်းရေးသားကြပါတယ်။ ဘာစီလိုနာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း ဂျူဗင်တပ်အသင်းကို အရေးနိမ့်ပြီး ကွာတားဖိုင်နယ်အဆင့်က လှည့်ပြန်ခဲ့ရပြီးဖြစ်သလို ယခုလည်း စီးရီးအေကလပ်အသင်းကို ထပ်မံအရေးနိမ့်ကာ ကွာတားဖိုင်နယ်အဆင့်က ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ဘာကာဟာ ကွာတားဖိုင်နယ်ကို တက်ရောက်လာတဲ့ အသင်းရှစ်သင်းမှာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးဖြစ်ပြီး ယခုလို ရိုးမားကို အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာက ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက် အံ့အားသင့်စရာအကောင်းဆုံးရလဒ်လို့တောင် ဆိုရမှာဖြစ်ပါတယ်။

မေလှဲ့သင်း-ရေးသားသည်



## ဘာစီလိုနာအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရအပြီး ကော်တင်ဟိုကို လှောင်ပြောင်ခံရ

ဘာစီလိုနာအသင်းရဲ့ ချန်ပီယံလိဂ်ရှုံးနိမ့်မှုအပြီး တွစ်တာစာမျက်နှာပေါ်တွင် ကော်တင်ဟိုကို ပစ်မှတ်ထား လှောင်ပြောင်ခံခဲ့ရကြောင်း သိရသည်။ ကော်တင်ဟိုမှာ ဇန်နဝါရီဈေးကွက်အတွင်း လီဗာပူးမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့ရာ ၎င်းက ဘာစီလိုနာမှာ သမိုင်းကြောင်းအစဉ်အလာကြီးမားသည့်အသင်းဖြစ်ခြင်းကြောင့် သူ့အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် မငြင်းဆန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အကြောင်းပြချက်ပေးခဲ့ရာ လီဗာပူးပရိသတ်များ၏ အမျက်ရှခံခဲ့ရသည်။

ဘာစီလိုနာက ရိုးမားကို ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ကော်တင်ဟိုကို တွစ်တာအသုံးပြုသူတစ်ဦးက ဂျိမ်းစ်မီလ်နာအယောင်ဆောင်ကာ ပစ်မှတ်ထား လာရောက်လှောင်ပြောင်ခဲ့ခြင်းဖြစ်သည်။ တွစ်တာစာမျက်နှာပေါ်တွင်ပြောဆိုခဲ့သည့် ရေးသားချက်ကို အဆိုပါအကောင့်ပိုင်ရှင်ကပင် ဖွင့်ချခဲ့ရာ ကော်တင်ဟိုက အစတွင်ပြန်လည်တုံ့ပြန်ပြောကြားနေခဲ့သော်လည်း “ဖိလစ်ပီရေ မင်းသာ လီဗာပူးမှာဆက်ကစားရင် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ကစားရမှာ ခုတော့. . ”ဟု ပြောခဲ့ပြီးနောက် ကော်တင်ဟိုက ပြန်လည်ပြောဆိုတော့ခြင်းမရှိတော့သည်ကို တွေ့ရသည်။



# မိုရက်တာကို ပြန်လည်ခေါ်ယူမယ်ဆိုတဲ့ ဂျူဗင်တပ်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ချယ်လ်ဆီးကစားသမားမိုရက်တာကို အီတလီမြေကိုပြန်လည်ခေါ်ယူဖို့ စီစဉ်နေပါပြီ။ တိုက်စစ်မှူး မိုရက်တာဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၇၀ ဒသမ ၆ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးမိုရက်တာဟာ ၂၀၁၆ ခုနှစ်မတိုင်မီက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှာ နှစ်နှစ်ကြာကစားခဲ့သူဖြစ်ပြီး အသင်းဟောင်း ရီးယဲလ်မက်ဒရစ်အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းကနေ ချယ်လ်ဆီးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ဂျူဗင်တပ်အသင်းက ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတဲ့အပြင် ကစားသမားကိုယ်တိုင်ကလည်း အီတလီမြေကို ပြန်လည်ခြေချဖို့ စီစဉ်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

စပိန်တိုက်စစ်မှူး မိုရက်တာအနေနဲ့ နည်းပြကွန်တီရဲ့လက်ထက်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပေမယ့် လာမယ့်ဘောလုံးရာသီမှာ အီတလီမြေကို ပြန်သွားလိမ့်မယ်လို့ သတင်းတွေထွက်ပေါ်နေခဲ့တာလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး ဒီယေဂိုကော်စတာ အက်သလက်တီကိုမက်ဒရစ်အသင်းကို ပြောင်းရွှေ့သွားခဲ့တာကြောင့် လိုအပ်နေတဲ့တိုက်စစ်ပိုင်းအတွက် မိုရက်တာကို အားဖြည့်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာတော့ မိုရက်တာဟာ ခြေစွမ်းပိုင်းကျဆင်းလာမှုနဲ့အတူ အင်္ဂလန်မြေမှာ မပျော်မရွှင်ဖြစ်နေခဲ့ပါတယ်။ အဲဒီလို ခြေစွမ်းပိုင်းကျဆင်းခဲ့မှုကြောင့်လည်း နွေရာသီကာလမှာ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် စပိန်လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရရှိဖို့လည်း ရုန်းကန်နေရပါတယ်။ အဲဒါကြောင့် မိုရက်တာအနေနဲ့ ချယ်လ်ဆီးအသင်းကနေ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ကစားဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# တိုက်စစ်မှူး ဟာနန်ဒက်ဇ် ဝက်စ်ဟမ်းအသင်းနှင့် လမ်းခွဲမည်

ဝက်စ်ဟမ်းတိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် လာမည့်ဘောလုံးရာသီတွင် အသင်းနှင့် လမ်းခွဲမည်ဖြစ်ကြောင်း သိရသည်။ အသက် ၂၉ နှစ်အရွယ်ရှိ မက္ကဆီကိုတိုက်စစ်မှူးအား ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ပရီမီယာလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားမှုရှိခဲ့သော်လည်း ဝက်စ်ဟမ်းအသင်း၏ ငြင်းဆိုမှုကြောင့် အသင်းပြောင်းရွှေ့ခွင့် မရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ချယ်လ်ဆီးအသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ရာတွင် တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ဝက်စ်ဟမ်းအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။

သို့ရာတွင် ပြိုင်ပွဲတိုင်းကို မိနစ် ၉၀ အပြည့်ပါဝင်ကစားခွင့်ရရှိချင်ကြောင်းနှင့် ယင်းသို့မဟုတ်ပါက ဝက်စ်ဟမ်းအသင်းကနေ လာမည့်ဘောလုံးရာသီတွင် ထွက်ခွာမည်ဖြစ်ကြောင်း တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ပြောကြားခဲ့သည်။



## ဘောလုံးလောက သတင်းတိုများ

- ❖ ချယ်လ်ဆီးအသင်းနည်းပြကွန်တီသည် ရလဒ်ပိုင်းဆိုးရွားမှုနှင့် ကြုံတွေ့နေရခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီ မကုန်မီမှာပင် အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိကြောင်း သိရသည်။
- ❖ လီဗာပူးအသင်းအနေဖြင့် မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ခေါ်ယူရန် စိတ်ဝင်စားမှုမရှိကြောင်း ပြောကြားခဲ့သော်လည်း ပီအက်စ်ဂျီအသင်းကမူ ဖယ်လိုင်နီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- ❖ ဝက်ဖို့ဒ်အသင်းသည် အင်္ဂလန်လူငယ်ကစားသမား ဘန်ဝီလ်မို့အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အာဆင်နယ်အသင်း၊ စပါးအသင်းတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❖ အက်စတွန်ဗီလာအသင်းသည် ဝက်စ်ဘရွန်းကွင်းလယ်ကစားသမား လီဗာမောအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ပြီး အဆိုပါကစားသမားသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

## အထူးကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

မြည်တွင်း/မြည်ပသာသနာပြု အကြားအမြင်ပါရမီရှင် မယ်တော်ကြီး ဒေါ်နန္ဒမာလာမှ ၂၆-၃-၂၀၁၈ ရက်မှ ၉-၄-၂၀၁၈ ရက်နေ့အထိ (၁၄) ညအိပ် (၁၅) ရက်ခရီးအဖြစ် ဗမာစရိယအောင်မြင်ပြီး သာသနာပြုနေသော ရဟန်း (၁၆) ပါး၊ သီလရှင် (၂၀) ပါး၊ လူပုဂ္ဂိုလ် (၇) ဦးတို့အား ဗုဒ္ဓဂယာမြေမြတ် မဟာဗိုဓိ သံဝေဇနီယလေးဌာနတို့အား အသုံးအဆောင်ပါ ပူဇော်သကာအဆင်ပြေ ကျွန်တော်များ ရွှေရောင်ချမ်းမြေ့ကျန်းမာမှုအဖို့နှင့် ပို့ဆောင်ပေးခဲ့သည့် မယ်တော်ကြီးအား အထူးဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်ပါကြောင်း။

ရွှေရောင်ချမ်းမြေ့ကျန်းမာလီမိတက်



## အများပြည်သူသဘောထားတောင်းခံခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း လိုင်စင်(သာမန်)ရရှိထားသော Pan Asia Majestic Eagle Limited ၏ မူလအစုရှယ်ယာရှင်ဖြစ်သော Blue Farm Investments Limited ၏ အစုရှယ်ယာ (၁၀၀%)အား Apollo Towers Myanmar Limited ၏ မူလအစုရှယ်ယာရှင်ဖြစ်သော TPG Group managed/ controlled funds သို့ လွှဲပြောင်းရောင်းချခြင်းအတွက် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေ အပိုဒ် ၃၀ (ဃ)နှင့်အညီ အများပြည်သူသဘောထား တောင်းခံအပ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၇-၄-၂၀၁၈ရက် ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ပေးပို့၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

၁။ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ၀၆၇-၃၄၀၇၆၀၉၊ **dg.ptd@mptmail.net.mm**

၂။ ညွှန်ကြားရေးမှူး၊ လိုင်စင်နှင့်စစ်ဆေးရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၀၆၇-၃၄၀၇၂၁၇၊

**ptdregulator@gmail.com: cc:soenine69@gmail.com**



မင်္ဂလာပါ 09426669001~2~3

G-100000, H-140000

G-90000, H-140000

M-75000, H-90000

G-75000, H-140000

Apr 20,27, May4,11,18

APRIL 12/13/17/20/27

09-450044494, 09-450044496



မြေတူးစက်မောင်း(ဘက်ဟိုးသမား)အလိုရှိသည်

၂၅ တန်နှင့်အထက်မောင်းရမည်

ဆက်သွယ်ရန် – ၀၉–၇၉၇၄၀၉၀၆၉၊ ၀၉–၇၈၉၄၇၇၉၂၄



# အထူးသိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

BPI

စက်မှုဝန်ကြီးဌာန ၊ မြန်မာ့ဆေးဝါးလုပ်ငန်း ၊ ဆေးဝါးစက်ရုံ ( အင်းစိန် ) BPI အနေဖြင့် နိုင်ငံတကာ အရည် အသွေး စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ် " ISO 9001 : 2015 for Trading " အား အင်္ဂလန်နိုင်ငံ *UKAS ( United Kingdom Accreditation Service )* မှ Certificate no. *742600* ဖြင့် လည်းကောင်း ၊ စီမံခန့်ခွဲမှုဆိုင်ရာလက်မှတ် " ISO 9001 : 2015 for Manufacturing of Pharmaceutical Products " အား ဩစတြေးလျနိုင်ငံ နှင့် နယူးဇီလန် *JAS - ANZ ( Joint Accreditation System of Australia and New Zealand )* မှ Certificate no. *740073* ဖြင့်လည်းကောင်း လက်ခံရရှိခဲ့သဖြင့် မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်မှုကဏ္ဍ အတွက် အထူးပင်အားရဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။

ဆေးဝါးအရောင်းကိုယ်စားလှယ်များ

Myint Han Trading Co., Ltd

Meditech Biz Co., Ltd



## အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရာထူးနေရာများ ရွေးချယ်တင်မြှောက်ပွဲအား **မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့**၏ ကွပ်ကဲမှုဖြင့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ **ဖွဲ့စည်းပုံနှင့်လုပ်ငန်းစည်းမျဉ်းစာအုပ်**ပါ အမှုဆောင်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်ပုဂ္ဂိုလ်များအနေဖြင့် ၁-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ အမှုဆောင်အဆိုပြုလျှောက်လွှာအား လူကိုယ်တိုင်လာရောက်ထုတ်ယူ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**
**ယာယီဗဟိုအလုပ်အမှုဆောင်ကော်မတီ**



## ကန့်ကွက်နိုင်ပါသည်

**ဒေါ်ခိုင်ခိုင်စိန်း**
( LL.B, D.B.L, D.I.L )



## ကန့်ကွက်နိုင်ပါသည်

(၁၂/ဗဟန(နိုင်)၀၇၀၀၁၅)

ဒေါ်ခိုင်ခိုင်စိန်း
(LL.B,D.B.L,D.I.L)



## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကိုသူရအောင် [၁၂/သလန(နိုင်)၁၁၆၈၃၇] နှင့် မနုဝါဝါဝင်း [၁၂/သလန(နိုင်)၁၂၃၄၆၈]တို့သည် ၁၀-၄-၂၀၁၈ ရက်တွင် အသိသက်သေလူကြီးများ ရှေ့မှောက်၌ လင်မယားကွာရှင်းစာချုပ်ချုပ်ဆိုလျက် ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်နှင့် နောက်နောင် မနုဝါဝါဝင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ကေခိုင်ဝင့်(ခ)ဒေါ်အာကာဝင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၂၈၇)**
**အမှတ်(၄၇)၊ ၄၃ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**



## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၈) ဒရယ်မီရပ်ကွက်၊ ဦးပိုင်အမှတ်(၁၅)၊ အကွက်အမှတ်(၄၁၀-က) မြေဧရိယာ (၀. ၀၅၅)ဧကရှိ ဒေါ်မာမာဦး DKU-၁၄၄၈၇၇ ပိုင်ဆိုင်သော ဂရန်ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မာမာဦး DKU-၁၄၄၈၇၇**
**ဖုန်း-၀၉-၅၄၁၂၀၅၈**


မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

# မြန်မာ့ဟန်နှင့်ဆင်ကာနွှဲ မြန်မာ့ရိုးရာတာသင်္ကြန်ပွဲ

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)



နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူး ပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်၊ နှစ်ဦးကိုဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသော ပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာတို့သည် နိုင်ငံတစ်ဝန်းလုံး၌ နှစ်သစ်ဦးမဟာအတာသင်္ကြန်ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင် ကြည်နူးစွာဆင်နွှဲကြပါသည်။ နွေနေ၏ အပူရှိန်အောက်တွင် အတာသင်္ကြန်မေတ္တာရေစင်ကြောင့် ပါဝင်ဆင်နွှဲကြသူတိုင်း လန်းဆန်းကြည်နူးလျက်ရှိကြသည်။ တစ်နှစ်တွင် တစ်ကြိမ်သာဆင်နွှဲရသော ရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားသည့်အလေ့အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်။ ဒေဝဒဟနှင့်ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသောရေကန်ကြီးအနီးမင်းခမ်းမင်းနားဖြင့် တဲကြီးများ ဆောက်လုပ်၍ ရေဖျန်းသဘင် ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာဝင်ကျမ်းများတွင် ဖော်ပြထားသည်ကို လေ့လာ ဖတ်ရှုရပါသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် ‘သင်္ကြန္တ’ ဟူသောသက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာတို့နှစ်သစ်ကူးချိန်သည် မိန်ရာသီမှမိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင်ဖြစ်သည်။ နက္ခတ်သည် မြိူး သဏ္ဌာန်ရှိရေဝတီနက္ခတ်ဖြစ်သည်။ တာရာမှာဥဗျိုင်းရေငှက်တာရာဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းတို့ဖြစ်ကြသည်။ မြန်မာတို့က ပိတောက်ပန်းကို သင်္ကြန်ပန်းအဖြစ် အမြတ်တနိုးတန်ဖိုးထားကြသည်။

**အထင်ရှားဆုံးသာဓက**

‘သင်္ကြန်’ ဟူသော ဝေါဟာရနှင့် ပတ်သက်၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ် (ခရစ်နှစ် ၁၂၉၁) ခုနှစ်တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်။ ထိုကျောက်စာ၌ ‘မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်မပြယ်စိတ်လျှင်တည်၏’ ဟု ရေးထိုးထား၏။ ထိုကျောက်စာကပုဂံခေတ်ကတည်းက နှစ်သစ်ကူးပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း အထင်ရှားဆုံးသာဓကပင်ဖြစ်သည်။

တန်ခူးလသည် ပုဂံခေတ်ကတည်းကရှိသော အရေးအသားဖြစ်သည်။ တန်ခူးလတွင် သင်္ကြန်ကျပြီး နှစ်ကူးလေ့ရှိသောကြောင့် “အတာကူးသည့်လတန်ခူး” ဟုဆိုစမှတ်ပြုကြသည်။ ‘တန်’ ပုဒ်မှာပါဠိဘာသာ ‘တာလ’ မှ ဆင်းသက်လာပြီး ‘ထန်း’ဟု အဓိပ္ပာယ်ရသည်။ ‘ခူး’ မှာမြန်မာဝေါဟာရဖြစ်ပြီး ‘ဆွတ်ခြင်း၊ ခြွေခြင်း’ ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့်တန်ခူးလဆိုသည်မှာ ‘ထန်းသီးကို ခူးသောလ၊ ထန်းသီးကို ဆွတ်ခြွေသောလ’ ဟု အဓိပ္ပာယ်ရကြောင်း မြန်မာလအမည်များ စာအုပ်၌ ဖွင့်ဆိုထားသည်။

**သင်္ကြန်ရေ၏ ထူးခြားချက်**

တန်ခူးကိုတာကူးဟုလည်းရေးသားကြသည်။ အတာကူးမှဆင်းသက်လာပြီး မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးသောကြောင့် ‘တာကူးလ’ ဟု ဆိုကြောင်းဝေါဟာရ လီနတ္ထဒီပနီ ကျမ်းက မိန့်ဆိုထားသည်။ ဆရာကြီး ဦးဖိုးလတ်ကလည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်၍ ‘အတာကူး’ဟူသည်မှာ ‘နှစ်ကူးခြင်းသာဖြစ်ကြောင်း’ မိန့်ဆိုထားသည်။ အချို့ပညာရှင်များက ‘အတာ’ သည် ပါဠိဘာသာ ‘အန္တ အဆုံး’မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။

မြန်မာတို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ ကျင်းပသောပွဲတော်လည်းဖြစ်ပေသည်။ သင်္ကြန်ကာလရေပက်ခြင်း၏ အလေ့အထနှင့် ရည်ရွယ်ချက်သည်ပင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကိုသန့်စင်ကြည်လင်ပြီး အေးမြစေရန်ဖြစ်သည်။ သင်္ကြန်ရေ၏ ထူးခြားချက်များလည်း ရှိပေသေးသည်။ သင်္ကြန်ရေပက်သည့်အခါ ရေကောင်းရေသန့် ရေမွှေးများနှင့် ကျန်းမာချမ်းသာပါစေဟူသော စိတ်စေတနာဖြင့် ပက်ဖျန်းခြင်းဖြစ်၍ ကျန်းမာရွှင်လန်းစေသည်။ မည်မျှပင် ရေကြောက်သူများဖြစ်ပါစေ သင်္ကြန်ရေကို တစ်နှစ်တစ်ကြိမ် အပက်ခံကြသည်။ စေတနာသန့်သန့်ဖြင့် ပက်သည့်ရေဖြစ်၍ သင်္ကြန်ရေ နည်းသည်များသည်မဟူ၊ အပူရှပ်ခြင်း၊ ဖျားနာခြင်းမရှိ၊ ရွှင်ရွှင်လန်းလန်းနှင့် နှစ်သစ်ကို ဖြတ်သန်းနိုင်ကြသည်က သင်္ကြန်ရေ၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့် စိတ်သန့်ရှင်းစေရန် သီလ၊ သမာဓိ ဆောက်တည်ကြရသည်။ ကိုယ်ခန္ဓာသန့်ရှင်းအောင်လည်း ခေါင်းလျှော်ရေချိုးပြီး အမွှေးနံ့သာတို့ဖြင့် သန့်ပြန့်အောင် ပြုပြင်ကြရသည်။ သို့မှသာ သူတစ်ထူးအားကောင်းစေလိုသော စေတနာစိတ်ဖြင့် ရေကောင်းရေသန့်များနှင့် ပက်ဖျန်းရေကစားကာ ဆုတောင်းသော အမှုကိုပြုရသည်။ မင်္ဂလာရှိသော မဟာသင်္ကြန်အခါကာလ၌ မင်္ဂလာရှိရှိ ပါဝင်ဆင်နွှဲနိုင်ရန် အသန့်ရှင်းဆုံးရေ၊ အသန့်ရှင်းဆုံး ခေါင်းလျှော်ရည်၊ အသန့်ရှင်းဆုံးသောအမွှေးနံ့သာများနှင့် ဖြူစင်သန့်ရှင်းသော စိတ်ကို အခြေခံပြီး ရိုးရာမပျက်လောင်းရန် လိုအပ်ပေသည်။

သင်္ကြန်အတွက် ရှောင်ကြဉ်ရမည့် ရှေးကပညတ်ချက် ၁၀ ပါးရှိသည်။ ယင်းတို့မှာ (၁) ရုဒ - ငိုကြွေးခြင်း (၂) မေထုန - မေထုန်သံဝါသပြုခြင်း (၃) မံသ - အသားဟင်းလျာစားသောက်ခြင်း (၄) သုရာ - သေရည်သောက်စားမူးယစ်ခြင်း (၅) ကောဓ - အမျက်ထွက်ခြင်း (၆) ရုဓိရ - သွေးဖောက်၊ သွေးထုတ်ခြင်း (၇) တေလိက - ဆီလိမ်း၊ ဆေးလိမ်းခြင်း (၈) ရုက္ခစ္ဆေဒ - သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း (၉) ကိဏ-ဝယ်ယူခြင်း၊ ကျီသွင်းခြင်း (၁၀) ဝိက္ကိဏာ - ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည်တို့ဖြစ်သည်။ ထိုအချက် ၁၀ ချက်ကိုအထူးပြုရှောင်ကြဉ်နိုင်ပါက လောကီ၊ လောကုတ္တရာ အကျိုးစီးပွားများကို ရရှိခံစားရမည်ဖြစ်သည်။

**ကမ္ဘာတွင်မရှိသော အမွေအနှစ်**

သင်္ကြန်ပွဲတော်ရက်များအတွင်း ကုသိုလ်ကောင်းမှုများလည်း ပြုလုပ်ကြသည်။ သင်္ကြန်ပွဲတော်၏ နှစ်သက်ကြည်နူးဖွယ်အကောင်းဆုံးမှာ သက်ကြီးပူဇော်ပွဲပင်ဖြစ်သည်။ လူငယ်များက သက်ကြီးရွယ်အိုများအား လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ရေချိုးပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ သနပ်ခါးလိမ်းပေးခြင်း စသည့်ကုသိုလ်ကောင်းမှုများအပြင် ရိုသေမြတ်နိုးစွာ ကန်တော့ကြသည်မှာ ကမ္ဘာတွင်မရှိသော တန်ဖိုးထားရမည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပင်ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်အတွင်း အချို့လူကြီး၊ လူငယ်များသည် တရားစခန်းများတွင်ဝင်ရောက်၍ ဝိပဿနာတရားတော်များ ပွားများအားထုတ်ကြသည်။ အချို့အမျိုးသားများသည် ရတောင့်ရခဲလူ့ဘဝတွင် ဒုလ္လဘရဟန်းများဝတ်၍လည်းကောင်း၊ အချို့အမျိုးသမီးများသည် သီလရှင်ဝတ်၍လည်းကောင်း သင်္ကြန်ရက်များကို ကုသိုလ်ကောင်းမှုများဖြင့် ကုန်လွန်စေသည်မှာ သင်္ကြန်ပွဲတော်နှင့် သင်္ကြန်ရုံးပိတ်ရက်ကို အကျိုးရှိရှိ အသုံးချလိုက်ခြင်းပင်ဖြစ်သည်။

ရှေးအစဉ်အဆက်ကတည်းက ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုစဉ်လာမပျက် ဆင်နွှဲရန်အရေးကြီးပေသည်။ ခေတ်ကိုအကြောင်းပြု၍ တာသင်္ကြန်ကို မညစ်နွမ်းစေလိုပါ။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သရုပ်ပျက် ဝတ်စားဆင်ယင်ခြင်း၊ အရက်သေစာသောက်စားခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။ မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ ဂုဏ်သရေမညှိုးနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့တာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာ တစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန် ဆင်နွှဲကြရန် လိုသည်။

**မင်္ဂလာနိမိတ်သုံးပါး**

ရေတွင်မင်္ဂလာနိမိတ်သုံးပါးရှိသည်။ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစေနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်ပဲ တစ်ဆက်တစ်စပ်တည်းတည်ရှိနေခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ထိုရေနိမိတ်သုံးပါးနှင့်အညီ တိုင်းမြန်ပြည် ငြိမ်းအေးစေရန် သွန်းသည့်အတာရေဖြစ်ရန် အရေးကြီးပေသည်။ မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

မကောင်းမှုဟူသမျှကို ပယ်ဖျက်တတ်သောကြောင့် မင်္ဂလာမည်၏။ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်သစ်သည် မကောင်းမှုဟူသမျှကို ပယ်ဖျက်မည့် မင်္ဂလာရှိသော နှစ်သစ်ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများအား ချန်ထားခဲ့မည်ဖြစ်ပြီး နှစ်သစ်သို့ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ရေးသားလိုက်ရပေသည်။

> “မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ဂုဏ်သရေမညှိုးနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့တာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာ တစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန် ဆင်နွှဲကြရန်. . .”

## သင်္ကြန်အထူးတရားရုံးဖွင့်ပြီး ဆူညံအိတ်ဇောတပ်ဆင် မောင်းနှင်သည့်ယာဉ်များကို အရေးယူဆောင်ရွက်သွားမည်

**မိတ္ထီလာ ဧပြီ ၁၁**

မိတ္ထီလာတွင် ယခုနှစ် မဟာသင်္ကြန်ကာလအတွင်း သင်္ကြန်အထူးတရားရုံးဖွင့်လှစ်ကာ ဆူညံအိတ်ဇောတပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်းမှာ အများပြည်သူစိတ်မချမ်းမြေ့စရာ အသံတွေဖြစ်စေတဲ့ ဆူညံအိတ်ဇောတပ်ဆင်ပြီး မောင်းနှင်တဲ့ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နဲ့ မော်တော်ယာဉ်တွေကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေနဲ့ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ မော်တော်ယာဉ် ဥပဒေ ၅၄(ဓ)/ ၆၂ အရ ဆို ပြစ်ဒဏ်က ဒဏ်ငွေကျပ်သုံးသောင်း ဒါမှမဟုတ် ထောင်ဒဏ်တစ်လ ကျခံစေနိုင်ပါတယ်။ သင်္ကြန်အထူးတရားရုံးဖွင့်လှစ်ဆောင်ရွက်မှာဆိုတော့ နေ့ချင်းပြီးရဲစခန်းမှာ အမှုဖွင့်၊ တရားရုံးကို တရားစွဲတင်ပို့၊ ဒဏ်ငွေချက်ချင်းဆောင်၊ အိတ်ဇောတွေကို လဲလှယ်တပ်ဆင်ပြီး ဆိုင်ကယ်တွေပြန်ထုတ်ပေး အဲဒီလိုလုပ်မှာဖြစ်ပါတယ်" ဟု အမှတ် ၉၆ ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုးကပြောသည်။

မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူစိတ်မချမ်းမြေ့စေနိုင်သည့် ဆူညံအိတ်ဇောများတပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ယာဉ်များ မရှိစေရေးအတွက် အကြိုပညာပေးကာလအဖြစ် ဧပြီ ၁ ရက်မှစတင်၍ ညစဉ်ရှောင်တခင်စစ်ဆေးဖမ်းဆီးခဲ့ရာ ဧပြီ ၈ ရက်အထိ ဆူညံအိတ်ဇောတပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ် အစီး ၅၀ ကျော်ကို ဖမ်းဆီးရမိခဲ့ပြီး ဆူညံသံမထွက်သည့် အိတ်ဇောများဖြင့် ပြန်လည်လဲလှယ်တပ်ဆင်ပြီးမှ ဆိုင်ကယ်များကို ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မတ္တရာမြို့နယ်၌ ဖမ်းဆီးသိမ်းဆည်းထားသော အသံကျယ်ဆိုင်ကယ်အိတ်ဇောများအားဖျက်ဆီး



**မတ္တရာ ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် အမှတ် (၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မတ္တရာ)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေပုဒ်မ -၅၄ (ဓ)ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် မတ်လအထိ ဖမ်းဆီးထားသော အသံကျယ် ဆိုင်ကယ်အိတ်ဇော ၃၆၅ လုံးအား ဧပြီ ၁၁ရက် နံနက် ၉ နာရီက မတ္တရာမြို့မရဲစခန်း အရှေ့ဘက်ရွှေဘုံသာလမ်းပေါ်တွင် လမ်းကြိတ်စက်ဖြင့် စုပေါင်းဖျက်ဆီးခဲ့သည်။

အဆိုပါ အသံကျယ်ဆိုင်ကယ်အိတ်ဇောများဖျက်ဆီးရာသို့ မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမှတ် (၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မတ္တရာ)မှ တပ်ကြပ်ကြီးဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများတက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ငါ့သရောက်မြို့ သနပ်ပင်ကျေးရွာသို့ ညောင်ဦးကျေးလက်မှ သောက်သုံးရေလှူဒါန်း

**ငါ့သရောက် ဧပြီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သနပ်ပင်ကျေးရွာတွင် အဝီစိစက်ရေတွင်း ချို့ယွင်းသွားခဲ့၍ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဧပြီ ၁၀ ရက်က ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေး သွားရောက်ထောက်ပံ့ လှူဒါန်းပေးရာတွင် ရေဂါလန် ၁၂၅၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးအား ကျေးလက်နေပြည်သူများ ခပ်ယူသုံးစွဲနိုင်ရေး အုတ်ရေလှောင်ကန်အတွင်း ဖြည့်တင်းဆောင်ရွက်ပြီး စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ယခုကဲ့သို့ သောက်သုံးရေ ထောက်ပံ့လှူဒါန်းမှုကို ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာရှိ ချို့ယွင်းပျက်စီးနေသည့် အဝီစိစက်ရေတွင်း ပြန်လည်ပြုပြင်ဆောင်ရွက်မှု မပြီးမချင်း တစ်ရက်လျှင် ရေဂါလန် ၆၀၀၀ ကျော် ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ယခုကဲ့သို့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေ အခက်အခဲမဖြစ်စေရေး ထောက်ပံ့လှူဒါန်းပေးသည့်အတွက် ဒေသခံကျေးလက်နေပြည်သူများမှာ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိ၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ငါ့သရောက်မြို့ သနပ်ပင်ကျေးရွာမှ ဦးထွန်းလင်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## လယ်မြေအဆင့်မြှင့်ခြင်းလုပ်ငန်းအတွက် ချေးငွေများထုတ်ပေး

**မလှိုင် ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြို့နယ်သမဝါယမအသင်းစု၏ နဝမအကြိမ် (EXIM BANK) ချေးငွေလုပ်ငန်း နှင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ချေးငွေများ ပေးအပ်ပွဲကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ချေးငွေများကို အခြေခံသမဝါယမအသင်း ၂၄၁ သင်းအတွက် နဝမအကြိမ် (EXIM BANK ) ချေးငွေ ၁၈၇၉၆ ဒသမ ၃၀ သိန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအတွက် ဒုတိယအကြိမ် ချေးငွေ ကျပ်သိန်း ၂၇၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက သမဝါယမအခြေခံအသင်းဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။

ယင်းနေ့က လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအတွက် တစ်ဧကလျှင် သုံးသိန်းနှုန်းဖြင့် အခြေခံသမဝါယမ အသင်းငါးသင်းမှ အသင်းသားတောင်သူ ၃၈ ဦး၏ ဧက ၉၀ အတွက် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ချေးငွေသက်တမ်းကာလမှာ ခြောက်လတစ်ကြိမ်ဖြစ်ကြောင်း သိရသည်။

**အောင်ငြေး(မလှိုင်)**

## ထန်းတပင်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ထန်းတပင် ဧပြီ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော နွေစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက မရွှေဥကျေးရွာအုပ်စု မရွှေဥကျေးရွာ ကွင်းအမှတ်(၃၃၃) တောင်သူ ဦးကျော်ဇံဦး၏ နွေစပါးစိုက်ပျိုးလယ်မြေ နယူးဧရာစပ်မျိုးစပါးစံပြကွက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက မရွှေဥကျေးရွာ တောင်သူဦးကျော်ဇံဦး၏ နယူးဧရာစပ်မျိုးစပါး စံပြကွက်သုည ဒသမ ၁၀ ဧကစံ ကွက်ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း အစို ၁၄၃ ဒသမ ၇၂ တင်းနှင့် အခြောက် ၁၃၅ ဒသမ ၀၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ နယူးဧရာစပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်း၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးမိုးခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**





**ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း ရောင်းချလျက်ရှိသော ဆေးဆိုင်များ၌ သင်္ကြန်ကာလမတိုင်မီ မူးယစ်ဆေးဝါးနှင့်ကာမစိတ်ကြွဆေးများ ရောင်းချမှု ရှိ မရှိကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်၊ ဒုရဲမှူးမောင်ကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအဆင့်(၁) ဒေါ်သက်သက်မော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ဧပြီ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။** ကျော်ကျော်(IPRD)

## မူခင်းကျဆင်းရေး ပညာပေး ဟောပြော

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အင်းစိန်မြို့နယ်အတွင်း သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား အသိပညာပေးအစီအစဉ်များကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် တညင်းကုန်းလမ်းဆုံ၌ ယနေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အင်းစိန်မြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုထွေး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၄၂ မှ ရဲအုပ်ထွန်းထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ ဒုရဲအုပ်ကျော်လင်းထိုက်နှင့် တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့က ပြည်သူများအား မှုခင်းကျဆင်းရေးဟောပြောပြီး မှုခင်းပညာပေးပြခန်းယာဉ်ပေါ်တွင် ပိုစတာများပြသ၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၁၇ ဒသမ ၉ သန်းဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လတာကာလအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"အခုလုပ်ဆောင်ပေးမယ့် ကျေးလက်ရေရရှိရေးလုပ်ငန်းတွေက ခြောက်လအတွင်း အပြီးလုပ်ဆောင်ရမှာပါ။ သန့်ရှင်းတဲ့သောက်သုံးရေကို အမှန်တကယ်လိုအပ်နေတဲ့ကျေးရွာတွေမှာ လုပ်ဆောင်ပေးသွားမှာပါ။ တွင်းတိမ်တွေ၊ လက်တူးတွင်းတွေနဲ့ အခြားနည်းလမ်းနဲ့ ရေရရှိရေးလုပ်ငန်းတွေရယ် စုစုပေါင်း ၂၅ ခုပါ။ ငွေကျပ် ၁၁၇ ဒသမ ၉ သန်း ကုန်ကျခံလုပ်ဆောင်ပေးမှာပါ "ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ခြောက်လတာကာလအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ကလေးခရိုင်အတွင်းရှိ ကျေးရွာလေးရွာတွင် လက်တူးတွင်းသုံးတွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်းတစ်ခုအားလည်းကောင်း၊ ကသာခရိုင်အတွင်းရှိကျေးရွာကိုးရွာတွင် လက်တူးတွင်းကိုးတွင်းအားလည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် လက်တူးတွင်းတစ်တွင်းနှင့် အခြားနည်းလမ်းဖြင့်ရေရရှိရေး လုပ်ငန်းတစ်ခုအားလည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် လက်တူးတွင်းခုနစ်တွင်းအားလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် တွင်းတိမ်တစ်တွင်းနှင့် အခြားနည်းလမ်းဖြင့် ရေရှိရေးလုပ်ငန်း တစ်ခုအားလည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာတွင် တွင်းတိမ်တစ်တွင်းအားလည်းကောင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ပဲခူးမြို့ရှမ်းတန်း (၆)လမ်း(၁) ဆုတောင်းပြည့်စေတီလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**ပဲခူး ဧပြီ ၁၁**
ပဲခူးမြို့ မြို့သစ် (ဂ)ရပ်ကွက်ရှိရှမ်းတန်း (၆) လမ်း (၁) ဆုတောင်းပြည့်စေတီလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ပဲခူးခရိုင် အုပ်ချုပ်ရေးမှူးဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်သန်းဇော်၊ ပဲခူးအထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့် ဌာနဆိုင်ရာများ၊ လမ်းသူ၊ လမ်းသားများ တက်ရောက်ကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၁၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၀၀ ကျော်နှင့် ပုညကာရီဆုတောင်းပြည့်စာသင်တိုက်ဆရာတော်နှင့်ရှမ်းတန်း (၆)လမ်းအတွင်းရှိ မိသားစုများ၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ်သိန်း ၄၈၀ ကျော်ဖြင့်အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၊ အမြင့် ရှစ်လက်မကွန်ကရစ်လမ်းအဖြစ် ရွှေယဉ်ကျေးကုမ္ပဏီမှတာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မယ်စဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဧပြီ ၁၁**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်တို့နှင့်အတူ ဧပြီ ၁၀ ရက်နေ့လယ်က မယ်စဲ့မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုငွေကျပ် ၁၅၆ ဒသမ ၅ သန်းဖြင့် လယ်ဧက ၃၀၀ ခန့်ကို ရေပေးဝေနိုင်မည့် နန့်မန်းရေလွှဲဆည်နှင့် ရေပေးမြောင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးရာ ဘော်လခဲခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်ထွန်းဦး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုငွေကျပ် ၇၅ ဒသမ ၆၃ သန်းဖြင့် မိုးထက်ကြယ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မြို့နယ်ဘောလုံးကွင်းမြက်စိုက်ခြင်း၊ ဘောလုံးကွင်းဘေးအုတ်ရိုးစီခြင်းလုပ်ငန်းနှင့် မြေကာနံရံကျောက်စီခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဈေး(ယာယီဈေး)အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဈေးအိမ်သာနှင့် ရေချိုးခန်း တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသ၏ လိုအပ်ချက်များတင်ပြစေပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မယ်စဲ့ကုန်သွယ်ရေးစခန်း ကုန်စစ်ဆင်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ၊ အားနည်းချက်များပြင်ဆင်ဆောင် ရွက်သွားရန်မှာကြားခဲ့ပြီးနောက် မယ်ဆည်နမ်ကျေးရွာ လွိုင်မောင်းလောင်းတောင်ပေါ်တွင် တည်ထားသည့် စေတီတော်ပေါ်သို့ တက်ရောက်သည့်တောင်တက်လမ်းဖောက်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျဖြစ်စေရေးကြည့်ရှုစစ်ဆေးမှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လူငယ်နှင့် တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ မုဒုံမြို့၌ကျင်းပ

**မုဒုံ ဧပြီ ၁၁**
လူငယ်လူရွယ်များအနေဖြင့် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ထိရောက်စွာပါဝင်ဆောင်ရွက်ရေးရည်ရွယ်ချက်ဖြင့် ဧပြီ ၁၀ နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre)ခန်းမ၌ “လူငယ်နှင့် တရားဥပဒေစိုးမိုးရေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲ ကျင်းပသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင်က အနာဂတ်ကာလတွင် လူငယ်များ၏အခန်းကဏ္ဍကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က မုဒုံမြို့နယ်အတွင်း တရားဥပဒေ စိုးမိုးရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထိန်လင်းအောင်က ပြည်သူများအား ဥပဒေနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဥပဒေရေးရာကုစားရေး(မြန်မာ)မှ ဒေါ်ပြုံးပြုံးမြင့်က တရားရုံးများ၌ တရားစီရင်ရေးကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဥပဒေအားလူငယ်လူရွယ်သာမက လူတိုင်းလူတိုင်းသိရှိနားလည်ထားရန် လိုအပ်မှုတို့ကိုလည်းကောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဒေါ်ဝေဝေမွန်က လူအများသိထားသင့်သည့် ဥပဒေများ၏ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက တရားဥပဒေစိုးမိုးရေးကိစ္စများတွင် လူငယ်များ၏ပါဝင်ရမည့်အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးမြန်းကြရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနေ့ပြုလုပ်သော စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ ပိုမိုသိရှိလာပြီး တက်ရောက်လာသော လူကြီး၊ လူငယ်များအနေဖြင့် ဥပဒေများကို ပိုမိုသိရှိနားလည်လာကာ တရားဥပဒေစိုးမိုးရေးကိစ္စများတွင် ယခင်ကထက် ပိုမို၍ပူးပေါင်းဆောင်ရွက်လာစေမည့် ရလဒ်ကောင်းများရရှိစေခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သင်္ကြန်ကာလ ရန်ကုန်မြို့ရှိ ရေကန်ကြီးများတွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ထားရှိမည်

**ရန်ကုန် ဧပြီ ၁၁**
မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းလျားကန်နှင့်ကန်တော်ကြီးတို့တွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး ရေယာဉ်များဖြင့်စောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ထိ နေ့စဉ် နံနက် ၇ နာရီမှည ၇ နာရီအထိ ရှာဖွေကယ်ဆယ်ရေး ရေယာဉ်နှစ်စီးဖြင့်ရေကန်များတွင် စောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

အဆိုပါ ရေယာဉ်များတွင် အရာရှိတစ်ဦးနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်လေးဦးစီပါဝင်ပြီး ရေယာဉ်တိုင်းတွင် ရေအောက်ရှာဖွေရေး ကင်မရာပါရှိသည်။

သင်္ကြန်ကာလအတွင်း ကန်တော်ကြီးနှင့် အင်းလျားကန်တို့တွင် ရေကစားထွက်သူများမှ အပူဒဏ်သက်သာစေရန် ရေကန်အတွင်းရေဆင်းစိမ်လေ့ရှိကြသည်။ အချို့သောသူများမှာ ယမကာသောက်သုံးထားပြီး ရေနစ်မှုများကြုံတွေ့လေ့ရှိသည်။

ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ရှိသာဓုကန်တွင်လည်းရှာဖွေကယ်ဆယ်ရေး ရေယာဉ်နှစ်စီးထားရှိမည်ဖြစ်သည်။ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ရာတွင်အန္တရာယ်ကင်းရှင်းစေရန် အတွက်မီးသတ်တပ်ဖွဲ့ဝင်များမှစောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်းသိရှိရသည်။

**အောင်သူရ**

# ကော့မှူးမြို့နယ် စခန်းကြီးကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်လှစ်

**ကော့မှူး ဧပြီ ၁၁**
ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းမှ နတ်ရေတွင်းကျေးရွာအုပ်စု စခန်းကြီးကျေးရွာ ဘက်စုံသုံးခန်းမဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက အဆိုပါ ခန်းမရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူ၊ လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းတာဝန်ခံ ဦးကျော်ညီညီထွန်း၊ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးသန့်ဇော်ဝင်းနှင့် စောင့်ကြည့်ကြီးကြပ်ရေးအရာရှိ ဦးရန်နိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံမှာ အလျား ပေ ၃၀၊ အနံ ၂၄ ပေရှိကာ စီမံကိန်းရန်ပုံငွေ ကျပ် ၇၅ သိန်း၊ လူထုထည့်ဝင်ငွေ ၂၉၅၀၀၀ကျပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မှူး**

# သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**တိုက်ကြီး ဧပြီ ၁၁**
တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦး၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်အောင်သူစိုး၊ ဒုရဲအုပ်ခင်ခင်လေးနှင့်တပ်ဖွဲ့ဝင်များသည် ဈေးစည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရန် ပြည်သူများ ရှောင်ကြဉ်ရမည့်အချက်များ၊ ယာဉ်မောင်းသူများလိုက်နာရန်အချက်များပါဝင်သော လက်ကမ်းစာစောင်များကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက တိုက်ကြီးဈေးပတ်ဝန်းကျင်၌ဖြန့်ဝေလျက်ရှိကြောင်းသိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းသင်တန်းသားများကွင်းဆင်း

**မင်္ဂလာတောင်ညွန့် ဧပြီ ၁၁**
မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဖွင့်လှစ်သော ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်း (၂/၂၀၁၈) သင်တန်းသားများနှင့် ရဲအုပ်ရဲမြင့်၊ ဒု-ရဲအုပ်အောင်ကျော်မိုး၊ ဒု-ရဲအုပ် ယာချမ်းမြေ့အောင်တို့သည် ဧပြီ ၉ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/တောင် ရပ်ကွက်အတွင်း ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၁၈**



ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ကျော်ကျော်ဝင်းသည် ဧပြီ ၉ ရက် ည ၇နာရီခွဲက အမှတ် (၉၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလတွင် မှုခင်းများ မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**၅၁၂**

# သင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဘယ်လိုကာကွယ်သွားကြမလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)

မကြာမီမြန်မာသင်္ကြန်ကျရောက်တော့မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် သင်္ကြန်မဏ္ဍပ်ကြီးများကို အပြိုင်အဆိုင် ဆောက်လုပ်နေကြပြီဖြစ်သည်။ မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့တို့တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်များပြုလုပ်သွားမည်ဟုဆိုသည်။ အသက်အရွယ်အလိုက် သင်္ကြန်ကာလကိုပုံစံအမျိုးမျိုးဖြင့်ဖြတ်သန်းကြသည်။ ဆိုရလျှင် မဟာသင်္ကြန်သည် မြန်မာတို့အတွက် ထူးခြားလေးနက်သောပွဲတော်တစ်ခုပင်မဟုတ်ပါလား။

### ရေကစားမဏ္ဍပ်များ

သင်္ကြန်အကြိုနေ့တွင် နိုင်ငံတစ်ဝန်းရှိ ရေကစားမဏ္ဍပ်များကို 'မန်းတောင်ရိပ်ခို' ဖြင့်ဖွင့်လှစ်ကြသည်။ ရောင်စုံဝတ်စုံများဖြင့်လှချင်တိုင်းလှနေကြသည့် ယိမ်းပျို့ဖြူများ၏ ရှုမငြီးဖွယ်အကအလှကို ရုပ်မြင်သံကြားလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပေးသည်။ အကြိုနေ့မှစ၍ ရေကစားမဏ္ဍပ်များတွင် လှပျို့ဖြူယိမ်းအဖွဲ့များကလာရောက် ဖျော်ဖြေကြသည်။ အထူးသဖြင့် နာမည်ကြီးအနုပညာရှင်များ၏ဖျော်ဖြေမှုများကို ကြည့်ရှုခွင့်ရရှိကြသည်။ သံချပ်အဖွဲ့များ၏ဖျော်ဖြေမှုများကလည်းဘဝအမောကိုပြေစေသည်။

### စတုဒိသာအလှူ

မြန်မာတို့၏မဟာသင်္ကြန်ပွဲတော်ကာလတွင်မပါမရှိသောအလှူဒါနတစ်ခုသည် စတုဒိသာကျွေးမွေးခြင်းဖြစ်သည်။ အရပ်ရှစ်မျက်နှာမှလာသမျှလူအားလုံးကို အယုတ်၊ အလတ်၊ အမြတ်မရွေးအလကားကျွေးမွေးခြင်းဖြစ်သည်။ ရာသီဥတုနှင့်လိုက်ဖက်သည့် ရွှေရင်အေး၊ မုန့်လက်ဆောင်၊ မုန့်လုံးရေပေါ်၊ သာကူများ လုပ်၍အလှူဒါန ပြုကြသည်။ ငွေကြေးတတ်နိုင်သူများကထမင်း၊ဟင်းများအလှူလုပ်ကြသည်။ ထိုသို့ စုပေါင်းပြုလုပ်သည့် စတုဒိသာအလှူပွဲများတွင် မြန်မာတို့၏စည်းလုံးညီညွတ်မှုကိုတွေ့မြင်နိုင်သည်။ ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မျှ မတွေ့ရသောမြင်ကွင်းမျိုးဖြစ်သည်။ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။

### ကောင်းမှုကုသိုလ်အမျိုးမျိုး

မြန်မာပြည်သူတို့သည် သင်္ကြန်ကာလကို အပျော်သက်သက်ဖြင့်ကုန်ဆုံးလေ့မရှိပေ။ သင်္ကြန်တွင်း၌ ရေကစားနေသည့်တိုင်အောင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်မူ ဘုရား၊ ကျောင်းကန်သို့ ရောက်အောင်သွားကြသည်။ ထိုနေ့တွင် တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ရေလှူခြင်း၊ ဘုရား၊ စေတီတော်များကိုရေသပ္ပာယ်ခြင်း၊ သက်ကြီးဘိုးဘွားများကို လက်သည်း၊ခြေသည်းညှပ်ပေးခြင်း၊ ရေချိုး၊ ခေါင်းလျှော်ပေးခြင်း၊ တတ်နိုင်သမျှကန်တော့ပေးခြင်းစသည့် ကောင်းမှုကုသိုလ်အမျိုးမျိုးကို ပြုလုပ်ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အဓိပ္ပာယ်ရှိသောလုပ်ရပ်များပင်မဟုတ်ပါလား။

### ခရမ်းလွန်ရောင်ခြည်ပါဝင်မှုမြင့်တက်လာ

သို့သော်မတ်လကတည်းက နွေရာသီအပူချိန်သည် တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ တချို့သောဒေသများတွင် အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်အထိ ရှိနေပြီဖြစ်သည်။ အပူချိန်မြင့်မားသောနေ့ခင်းဘက် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပူပိုင်းဒေသများတွင် နွေရာသီ၌ခရမ်းလွန်ရောင်ခြည်ပိုမိုကျရောက်လေ့ရှိသည်။ ထိုဒေသများရှိပြည်သူများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အထူးဂရုပြုကာကွယ်သွားသင့်ပါသည်။

### ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ

ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်း တစ်ခုဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ၎င်းရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့် စွမ်းအင်တို့ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်ကို အခြေခံအားဖြင့် Ultraviolet A-UVA၊ Ultraviolet B-UVB နှင့် Ultraviolet C-UVC တို့ကိုသာလူသိများကြသည်။ ထို့အပြင် Near Ultraviolet-NUV? Middle Ultraviolet MUV? Far Ultraviolet- FUV ၊ Hydrogen Lyman-alpha - Hlyman-α ၊ Vacuum Ultraviolet- VUV နှင့် Extreme Ultraviolet-EUV တို့ကိုလည်းတွေ့ရှိနိုင်ပါသည်။



### ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီနှင့် ခရမ်းရောင်ဟူ၍ ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်း (သုည မှ ၂ ဒသမ ၉) အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးသည်။ ထိုအခြေအနေမျိုးတွင် ပြင်းထန်သည့်နေရောင်အောက်သို့ သွားလာမည်ဆိုပါက နေကာမျက်မှန်နှင့် နေပူခံလိမ်းဆေးတို့ အသုံးပြုထားသင့်သည်။ အဝါရောင်သည် အညွှန်းကိန်း(၃ မှ ၅ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည် အတန်အသင့်ပါဝင်လာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သတိထားရတော့မည်ဖြစ်သည်။ နေရောင်ခြည်အောက်သို့ သွားလာမည်ဆိုလျှင် နေရောင်မထိအောင် လုံလုံခြုံခြုံဝတ်ဆင်သွားရန်လိုအပ်သည်။ အထူးသဖြင့် အပူချိန်မြင့်မားသည့်နေ့ခင်းဘက်တွင် အရိပ်အာဝါသအောက်တွင်သာ နေထိုင်သင့်သည်။

လိမ္မော်ရောင်သည် အညွှန်းကိန်း(၆ မှ ၇ ဒသမ ၉) အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်ခြင်းမှ ကာကွယ်နိုင်သည့် အဝတ်အစားများဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်များဆောင်းခြင်း၊ နေလောင်ဒဏ်ကာကွယ်သည့်ခရင် (Sun Protection Factor- SPF) များ ကြိုတင်သုံးစွဲခြင်း၊ နေရောင်ခြည်အောက်သို့သွားလာခြင်းမျိုးကို အတတ်နိုင်ဆုံး ရှောင်ရှားသွားရန်လိုအပ်လာပြီဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်း(၈ မှ ၁၀ ဒသမ ၉)အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း အလွန်မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် SPF များသုံးစွဲခြင်း၊ နေရောင်ခြည် အကာအကွယ်ပေးသည့် အဝတ်အစားများဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ နေရောင်ခြည်ကာကွယ်နိုင်သည့် ဦးထုပ်နှင့်ထီးတို့ကိုဆောင်းခြင်းနှင့် နေရောင်ခြည်အောက်သို့ ကြာမြင့်စွာသွားလာခြင်းတို့ကို အထူးဂရုပြုရှောင်ရှားသွားရန် လိုအပ်သည်။

ခရမ်းရောင်သည် အညွှန်းကိန်း (၁၁ နှင့်အထက်) ရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားနေသည့် အန္တရာယ်ရှိသော အဆင့်ဖြစ်သည်။ အဘက်ဘက်မှ သတိထားရမည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံ SPF များ သုံးစွဲခြင်း ၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည်အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းခြင်း၊ အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် နေ့လယ်ပိုင်းတို့တွင် တတ်နိုင်ပါက နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ ဆိုရလျှင် ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်း ညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာကျရောက် ထိတွေ့ခံရပါကအရေပြားကင်ဆာဖြစ်ပွားသည်အထိ ခံစားရမည်ဖြစ်သည်။

### အကျိုးပြုအိုဇုန်းလွှာ

နေရောင်ခြည်မှ ဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet-UV)အား ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည်သုံးမျိုးအပေါ် မတူညီသောရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာတုံ့ပြန်နိုင်ပြီး ကမ္ဘာမြေပြင်အထက် မိုင် ၂၀ ခန့်အကွာတွင် လုံးဝကာကွယ်ပေးနိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV-a) အပေါ်တွင် သက်ရောက်မှု အနည်းငယ်သာရှိသော်လည်း ၎င်းရောင်ခြည်သည်နေလောင်ခြင်း၊ သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာမလိုပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV-b) သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိစေသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူခန္ဓာကိုယ်ပေါ်သို့ ၎င်း (UV-b) တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအား ပြင်းထန်စွာခံစားရသည်။ သို့သော်ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည်ခရမ်းလွန်ရောင်ခြည်(UV-b)အများစုကိုကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာပျက်စီးမှုဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပေါ်သို့ (UV-b)ကျရောက်မှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်များ

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်သည်။ ထိတွေ့မှုကာလကြာမြင့်လာသည့်အခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။

လူငယ်အများစုသည် သင်္ကြန်ပွဲတော်ကာလတွင် နေ့ခင်းဘက်၌ ရေထွက်ကစားကြတော့မည်ဖြစ်သည်။ ထို့ကြောင့် ရေပက်ခံထွက်မည်ဆိုလျှင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပေသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြည်ခြင်း။

(၂) အပြင်ထွက်ရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ်များဆောင်းသွားခြင်း။

(၃) နေရောင်ထိတွေ့နိုင်သည့်အသားရေများကို SPF 15+ ကြိုတင်လိမ်းသွားခြင်း။


(၄) နေကာမျက်မှန်တပ်၍သွားလာခြင်း။

(၅) ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ခြင်း။

(၆) သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအနေဖြင့် အထူးဂရုပြုကာကွယ်ပေးခြင်း။

ခြုံ၍တင်ပြရလျှင် မကြာမီမြန်မာသင်္ကြန်ကျရောက်တော့မည်ဖြစ်သည်။ လူငယ်များသည် သင်္ကြန်ကာလတွင် ရေပက်ခံထွက်ကြတော့မည်ဖြစ်သည်။ ထိုသို့ ရေကစားကြရာတွင် နံနက် ၁၀ နာရီ မတိုင်မီနှင့် ညနေ ၄ နာရီနောက်ပိုင်းအချိန်များတွင်သာ အသင့်လျော်ဆုံးဖြစ်သည်။ ဆိုရလျှင် နှစ်စဉ်နွေရာသီတွင် ပူပြင်းလှသည့် နေရောင်နှင့်အတူ ခရမ်းလွန်ရောင်ခြည်များပါလာလေ့ရှိသည်။ အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ ကြာမြင့်စွာကျရောက်ထိတွေ့ခံရပါက အသားရေများနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း၊ အမြင်အာရုံချို့ယွင်းခြင်းတို့အပြင် သား၊ သမီးရနိုင်မှုအလားလာကိုလည်း ထိခိုက်စေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သင်္ကြန်ကာလတွင် ရေပက်ခံထွက်မည်ဆိုလျှင် ခရမ်းလွန်ရောင်ခြည်ကျရောက်ထိတွေ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံအဝတ်အစားများ၊ အရိပ်အကာများနှင့် ခရင်များကို ကြိုတင်ကာကွယ်အသုံးပြုသွားနိုင်ကြပါစေ။ ။


# အနုပညာရှင်များ၏သင်္ကြန်ရင်ခုန်သံ



## နေတိုး

သင်္ကြန်ကတော့ ကျွန်တော် အိမ်မှာပဲနားဖြစ်ဖို့ များပါတယ်၊ သင်္ကြန်တွင်းကတော့ အကုန်လုံးက နားရက် လည်းဖြစ်တယ်၊ ရိုးရာလည်းဖြစ်တော့ သင်္ကြန်ဆိုတာ ကျွန်တော်တို့တစ်နှစ်တာအတွက် အကုန်လုံးက စိတ်လွတ်၊ လက်လွတ်နဲ့ ပျော်ပျော်ရွှင်ရွှင် ရေပက်ကစားကြတဲ့ ပွဲတော်ဖြစ်တာမို့ ကျွန်တော့်အနေနဲ့ အလွန်လည်း နှစ်သက်မိတယ်၊ နောက်တစ်ခုက သင်္ကြန်ချိန်ခါရောက်တိုင်း သင်္ကြန်သီချင်းတွေနဲ့ အတူ ကြည်နူးမိတယ်၊ ငယ်ငယ် တုန်းကဖြတ်သန်းခဲ့တဲ့ သင်္ကြန်နေ့ရက်တွေကိုလည်း စိတ်ထဲ အလိုလို ထင်ဟပ်လာတယ်၊ သင်္ကြန်နဲ့ ပတ်သက်ပြီးတော့ ခံစားမှုကရင်ခုန်စရာ၊ ကြည်နူးစရာ၊ ပျော်ရွှင်စရာကောင်းတဲ့ ပွဲတော်တစ်ခုအနေနဲ့ အမြဲတမ်း ခံစားနေပါတယ်လို့ ပြောချင်ပါတယ်။ နှစ်သစ်မှာ ပရိသတ်ကြီး ကျန်းမာချမ်းသာ လိုအင်ဆန္ဒတွေပြည့်ဝပြီး စီးပွားလာဘ်လာဘတွေ တိုးတက်ကြပါစေလို့ ဆုတောင်းပေးပါတယ်၊ အားလုံး နှစ်သစ်မှာ ပျော်ရွှင်နိုင်ကြပါစေ။

## စည်သူလွင်



ဒီနှစ်သင်္ကြန်ကတော့ ရန်ကုန် ဒါမှမဟုတ် မန္တလေးမှာရှိပါမယ်၊ သင်္ကြန်ကတော့ရင်ခုန်ပါတယ်၊ အဓိကတော့ သင်္ကြန်မှာ ကိုယ့်ပရိသတ်နဲ့ ဆုံရလို့ပျော်ပါတယ်၊ သင်္ကြန်ဆိုရင် ပရိသတ်က မြူးမြူးကြွကြွသီချင်းလေးတွေပိုကြိုက်ကြတော့ မြူးမြူးလေးတွေပဲ ရွေးပြီးဆိုဖြစ်တယ်၊ သင်္ကြန်အမှတ်တရရယ်လို့တော့ မရှိပါဘူး၊ ငယ်ငယ်တုန်းကလည်းပျော်တယ်၊ အနုပညာသမားဘဝဖြစ်လာတော့လည်း ပရိသတ်နဲ့တိုက်ရိုက်ထိတွေ့ခွင့်ရပြီး သင်္ကြန်ဆိုရင်ပျော်ခွင့်ရတယ်၊ နှစ်သစ်မှာ အားလုံးပဲ လိုရာဆန္ဒတွေ ပြည့်ဝပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ နှစ်တစ်နှစ်ကို ကူးပြောင်းတဲ့နေရာမှာ ပျော်ကြတဲ့နေရာမှာ အန္တရာယ်ကင်းကင်းနဲ့ တကယ့်ကို ပျော်စရာကောင်းတဲ့ သင်္ကြန်ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။



## နေမင်း

သင်္ကြန် အကြိုနဲ့ အကျက ထားဝယ်မှာရှိပါမယ်၊ အကြတ်နဲ့အတက်ကတော့ ရန်ကုန်က မဏ္ဍပ်တစ်ခုခုမှာရှိမှာပါ။ သင်္ကြန်နဲ့ပတ်သက်တဲ့ အမှတ်တရတွေကအများကြီးပါပဲ၊ သင်္ကြန်ဆိုတာနဲ့ မြန်မာလူမျိုးအားလုံး ပျော်ကြတာပါပဲ၊ ကျွန်တော်ကိုယ်တိုင်လည်းပျော်တယ်၊ နှစ်သစ်ကစပြီး ပရိသတ်တွေအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ဝင်ငွေတွေလည်း တိုးပွားကြပါစေလို့ ဆုတောင်းပေးပါတယ်။



## ဝါဆိုမိုးဦး

သင်္ကြန်အမှတ်တရအနေနဲ့ ထွေထွေထူးထူးတော့ မရှိပါဘူး၊ နှစ်တိုင်းလည်း သီချင်းတွေဆိုပြီး ဖြတ်သန်းဖြစ်တယ်၊ ဒီနှစ်လည်း ပရိသတ်ကြိုက်မယ့် သီချင်းမြူးမြူးလေးတွေဆိုဖို့ စဉ်းစားထားပါတယ်၊ သင်္ကြန်ရောက်ပြီဆိုရင်ပျော်တယ်၊ ဝါဆိုတို့ရဲ့ မြန်မာနှစ်သစ်ကူးကို အတာရေတွေ ပက်ဖျန်းပြီးကြိုဆိုတဲ့ရိုးရာပွဲဖြစ်တဲ့အတွက် အလွန်ကိုပျော်ဖို့ကောင်းပါတယ်၊ နှစ်သစ်ကစပြီး ပရိသတ်တွေအားလုံးလည်း လူသစ်၊ စိတ်သစ်နဲ့ ဘဝသစ်ကို ပိုင်ဆိုင်ပြီးတော့ အောင်မြင် ပျော်ရွှင်တဲ့မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

## အေးမြတ်သူ

ဒီနှစ်သင်္ကြန်ကတော့ အေးမြတ်သူ မကွေးမှာ ခရီးသွားပရိုဂရမ်တစ်ခုရိုက်ကူးရင်းနဲ့ပဲ ဖြတ်သန်းဖြစ်မှာပါ၊ သင်္ကြန်ရောက်ရင်အေးမြတ်သူအလွန်ပျော်တယ်၊ သင်္ကြန်ရေထိတာနဲ့ကို စိတ်ထဲအလိုလိုပျော်လာတယ်၊ သူများကိုရေပက်ရတာလည်း ကြိုက်တယ်၊ ကိုယ်တိုင်လည်းရေတွေစိုနေတာကိုသဘောကျတယ်၊ နှစ်သစ်မှာ ပရိသတ်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး စီးပွားရေးတွေလည်း တိုးတက်ကောင်းမွန်ကြပါစေလို့ ဆုတောင်းပေးပါတယ်။



## လမင်းခ



လမင်းဒီနှစ်သင်္ကြန်ကတော့ မန္တလေး သင်္ကြန်မှာ ရှိဖို့များပါတယ်၊ ဖျော်ဖြေရေး အနေနဲ့မဟုတ်ပါဘူး၊ မိသားစုနဲ့ အပျော်ခရီးပါပဲ၊ သင်္ကြန်ခံစားမှုကတော့ ပျော်တာပေါ့၊ တစ်နှစ်မှ တစ်ခါဆိုတော့ ငယ်ငယ်က ပိုပြီးရင် ခုန်တယ်၊ ကြီးလာတော့ စိတ်ထဲ မရှိတော့ဘူး၊ ပွဲဆိုရဖို့ပဲ အာရုံရတော့တယ်၊ ပွဲမဆိုရဘူးဆိုလည်း မိသားစုနဲ့ အေးအေးဆေးဆေး အိမ်မှာပဲနေတယ်၊ သင်္ကြန်အမှတ်တရ အနေနဲ့ကတော့ လမင်း အဆိုတော် တစ်ယောက် အနေနဲ့ IC နဲ့ သီချင်း စဆိုတာ သင်္ကြန်ပွဲမှာပါ၊ အဲဒါကတော့ ဘဝမှာ ဘယ်လိုမှ မေ့လို့မရတဲ့ အရာပါ၊ ပရိသတ်တွေ အားလုံး မြန်မာ့ နှစ်သစ်ကူးပွဲတော်မှာ စိတ်ချမ်းသာကြပါစေ၊ ကိုယ်ကျန်းမာကြပါစေ၊ လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေလို့ ဆုတောင်းပေးပါတယ်။

## အိမ့်ချစ်



အိမ့်ချစ်အကြိုနဲ့ အကျ နှစ်ရက်ကို ရန်ကုန်မှာဖျော်ဖြေပါမယ်၊အကြတ်နေ့နဲ့ အတက်နေ့ကိုတော့ မန္တလေးမှာ သွားရောက် ဖျော်ဖြေပါမယ်၊ ဒီနှစ်ကိုတော့ အိမ့်ချစ်လောဘနည်းနည်း ကြီးလိုက်ပါတယ်၊ ရန်ကုန်ရော၊ မန္တလေးရော နှစ်နေရာ သွားမှာပါ၊ ဒါကလည်း ကိုယ့်ကို ပရိသတ်က ချစ်နေတုန်းလေးပဲ ဒီအလုပ်ကို လုပ်ခွင့်ရတာလေ၊ အဲဒီအတွက်ကြောင့် ကိုယ့်ကို ပရိသတ်က ပေးထားတဲ့ အခွင့်အရေးလေးရှိနေတုန်းမှာ ကြိုးစားတဲ့ သဘောပါ၊ ဒီနှစ်ကတော့ အလွန် စည်ကားမယ်လို့ အိမ့်ချစ်ထင်ပါတယ်၊ မြန်မာ့ရိုးရာသင်္ကြန်ဖြစ်တဲ့အတွက် နှစ်ဟောင်းကအညစ်အကြေးတွေ အားလုံးကိုချန်ခဲ့ပြီးတော့ နှစ်သစ်မှာ အားလုံးပဲ ပျော်ရွှင်ကြပါစေ၊ စီးပွားလာဘ်လာဘတွေလည်း တိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

မေနှင်းဆီ – စုစည်းသည်

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြပွဲ၌ ခင်းကျင်းပြသကြသည့် တိုင်းရင်းသားများ၏ ရင်တွင်းစကားသံများ

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြပွဲကို ယနေ့နံနက် ၈ နာရီက မုံ့ရွာမြို့ ကမ်းနားလမ်းရှိ ချင်းတွင်းမြစ်သဲသောင်ပြင်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များကို ခင်းကျင်းပြသသည်။

အဆိုပါပြပွဲသို့ လာရောက်ခင်းကျင်းပြသကြသည့် တိုင်းရင်းသားများ၏ ရင်တွင်းစကားသံများကို MDN မှ စုစည်းဖော်ပြပေးလိုက်ရပါသည်-


ဒေါ်လဘန်အာကိုင်


ဦးဝင်းသိန်း


ဦးခေါ်သွလာ(ခ)ဦးမားသွ


ဦးရှိုင်းအာကာ


ဦးအောင်မြင့်သိန်း


နန်းခမ်းဆိုင်းလုံ

သနပ်ခါးပြခန်းတွင် လာရောက်ပြသသူ ကျောက်ကာတောင်ရွာမှ ဒေါ်စန်းစန်းဦးက "အန်တီတို့က ကျောက်ကာရွှေဂူနီဘက်ကပါ၊ ဒီသနပ်ခါးတွေ အကုန်လုံးက ရွှေဂူနီကထွက်တဲ့ သနပ်ခါးတွေပါ၊ ကျောက်ကာနယ်ကပေါ့၊ ဒီကအကူအညီတောင်းတာနဲ့ မနေ့ကလာပြီးတော့ ခင်းကျင်းပြသပေးတာပါ၊ ဈေးနှုန်းကတော့ အပွေးအလိုက်ပေါ့၊ ဒါကျတော့ ကျောက်ပွေးခေါ်ပါတယ်၊ ဒါကျတော့ဈေးနိမ့်တာပေါ့၊ အပွေးကောင်းရင်ဈေးနည်းနည်းလေးမြင့်သွားပါတယ်၊ အလုံးကြီးတာ၊ သေးတာမဟုတ်ဘူး၊ အပွေးကောင်းရင် ကောင်းသလို ဈေးကွာသွားတာ၊ အခုဒီလိုမျိုးပြခန်းမှာ ကိုယ့်ဒေသကထွက်တဲ့ သနပ်ခါးတွေကို ပြသခွင့်ရတဲ့အတွက် ရောင်းရတာ၊ မရောင်းရတာထက် ရင်ထဲမှာ အတိုင်းမသိဝမ်းသာတယ်၊ ကိုယ့်နယ်မှာထွက်တဲ့ပစ္စည်းတွေကို အများသိအောင် ပြသခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်"ဟုပြောသည်။

ကချင်တိုင်းရင်းသူ ဒေါ်လဘန်အာကိုင်က "ကျွန်မအနေနဲ့ ကျွန်မတို့ရဲ့ ဒီတိုင်းရင်းသားရိုးရာဝတ်စုံကို ပြသခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက တိုင်းရင်းသားတွေအကုန်လုံး စုံစုံလင်လင်ရှိတယ်၊ ဒီလိုပွဲမျိုးဆိုတာကလည်း တစ်ခေါက်မှလည်းမကြုံဖူးပါဘူး၊ အစ်မတို့ကို ဒီကိုလာပြီး ပြသဖို့အတွက် တောင်းဆိုပြီး အခွင့်အရေးပေးတဲ့အတွက်ကြောင့် မို့လို့ အလွန်ပဲကျေးဇူးတင်ပါတယ်၊ ပျော်လည်းပျော်ပါတယ်"ဟုပြောသည်။

ကဒူးတိုင်းရင်းသားခေါင်းဆောင် ဦးချင်းအောင်က "ကျွန်တော်တို့ ဒီကဒူးတိုင်းရင်းသားရိုးရာရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို လာရောက်ပြသရတာ အများကြီးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ကဒူးတိုင်းရင်းသားရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြသရတဲ့အတွက် ကဒူးတိုင်းရင်းသားတွေ တစ်ကမ္ဘာလုံးမှာရှိနေ၊ သိမြင်နေကြပေမယ့် လူတိုင်းက မသိနိုင်တဲ့အတွက် အခုအချိန် ဒီအရပ်၊ ဒီဒေသမှာ လာပြသရတဲ့အတွက် အထူးပဲပေါ်လွင်သွားမယ်လို့ထင်မိပါတယ်"ဟု ပြောသည်။

ကနန်းတိုင်းရင်းသား ဦးဝင်းသိန်းက "ဒီတိုင်းရင်းသားရိုးရာ ပစ္စည်းပြပွဲမှာ အခုလိုမျိုး ကိုယ့်ရိုးရာပစ္စည်းတွေကို ပြသခွင့်ရတဲ့အတွက် အလွန်ဝမ်းသာတယ်၊ ကျွန်တော်တို့ဒီရက်ထည်တွေကျတော့ ကိုယ့်ဟာကိုယ် ရက်ကန်းစင်နဲ့ ရက်တဲ့ဟာမျိုးကို ဒီမှာပြတာပါ၊ ပြသခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်"ဟု ပြောသည်။

ချင်းစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခေါ်သွလာ(ခ)ဦးမားသွက "တိုင်းရင်းသားရိုးရာပစ္စည်းတွေကို အခုလိုမျိုး လာရောက်ပြသတဲ့အတွက်ကြောင့် ကောင်းပါတယ်၊ ကျွန်တော်တို့က တိုင်းရင်းသားမျိုးနွယ်စုကနေ မပြဖူး၊ မမြင်ဖူးတဲ့ရိုးရာတွေကို ကိုယ်ကလည်း မြင်ရတာပေါ့၊ သူများတွေလည်း မြင်ရတာပေါ့၊ ကောင်းပါတယ်"ဟုပြောသည်။

မုံ့ရွာစီးပွားရေးတက္ကသိုလ်နည်းပြ မြန်မာစာဌာနမှ ရှမ်းနီတိုင်းရင်းသား ဦးရှိုင်းအာကာက "မုံ့ရွာစီးပွားရေးတက္ကသိုလ်နည်းပြ မြန်မာစာဌာနမှာ တာဝန်ထမ်းဆောင်နေပါတယ်၊ ရှမ်းနီတိုင်းရင်းသားလူမျိုးစုဖြစ်ပါတယ်၊ ဒီအခမ်းအနားတွေကျင်းပပေးတဲ့အတွက် နိုင်ငံတော်ကဖော်ဆောင်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဒါက အဓိကတွန်းအားတစ်ရပ် ဖြစ်စေတယ်၊ တိုင်းရင်းသားတွေနဲ့ပိုပြီး သဟဇာတဖြစ်စေမယ့် ငြိမ်းချမ်းရေးကိုပိုပြီးနီးသွားစေမယ့် ခြေလှမ်းတစ်ရပ်ဖြစ်မယ်လို့ ယူဆပါတယ်၊ ဝမ်းသာဂုဏ်ယူရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီမှာတိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာ စုစုစည်းစည်းနဲ့ လာရောက်ပြသတာတွေ့ရတဲ့အတွက် ကိုယ်မမြင်ဖူးတဲ့ယဉ်ကျေးမှုတွေကိုလည်း အသစ်တွေ့ရှိရသလို ကိုယ်မြင်ဖူးတဲ့ ယဉ်ကျေးမှုတွေလည်း ထပ်ပြီးတော့ လေ့လာတွေ့ရှိခွင့်ရရှိတဲ့အတွက်၊ ဗဟုသုတတွေတိုးနိုင်စေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝမ်းသာဂုဏ်ယူရပါတယ်"ဟုပြောသည်။

မြန်မာနိုင်ငံဝါးလုပ်ငန်းရှင်များအသင်းမှ ဦးအောင်မြင့်သိန်းက "ကျွန်တော်တို့ ဒီဒေသက ဝါးလုပ်ငန်းနဲ့ပတ်သက်လို့ ရင်းနှီးမှုမရှိဘူးလေ၊ ကျွန်တော်တို့ အခုလိုပြသခြင်းအားဖြင့် ဝါးလုပ်ငန်းအပေါ်မှာ တန်ဖိုးမြင့်ပစ္စည်းတွေထုတ်လုပ်လို့ရတယ်ဆိုတာ သိသွားရင် ဝါးတောတွေကို အလဟဿမဖြုန်းတီးတော့ဘူးပေါ့၊ သဘာဝပတ်ဝန်းကျင်လည်း ထိန်းသိမ်းရင်း တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေ ထုတ်လို့ရတယ်ဆိုတာ သိသွားတာပေါ့ဗျာ၊ အဲဒီအကျိုးအမြတ်ပဲ ကျွန်တော်တို့က ဦးစားပေးတာပါ၊ ကျွန်တော်တို့ဒီဒေသမှာ အခုဝါးစိုက်ခင်းတွေလည်း စိုက်တော့မှာပါ၊ ကျွန်တော်တို့ ဝါးကုန်ထုတ်လုပ်မှုလုပ်ငန်းတွေလည်း လုပ်တော့မှာပါ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့ကျအောင်ပေါ့ဗျာ၊ ကျွန်တော်တို့ အသင်းဖွဲ့ပြီးလုပ်နေတာ၊ အသင်းအဖွဲ့က ကျွန်တော်တို့အခုမှ ဖွဲ့ရတာပါ"ဟု ပြောသည်။

ရှမ်းနီတိုင်းရင်းသူ နန်းခမ်းဆိုင်းလုံက "ချင်းတွင်းသင်္ကြန်ဆိုတာ ကိုယ့်ကိုတင်သွင်းတဲ့ ပထမဦးဆုံးဆိုတော့ အခုလိုလာရောက်ပြီးတော့ ကပြဖျော်ဖြေရတဲ့အတွက် စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပျော်ရတာပေါ့၊ တစ်သွေးတည်း တစ်သားတည်း မောင်နှမအရင်းလိုမျိုးဖြစ်မိပါတယ်၊ အကတွေကလည်း လက်တွဲပြီးကရတယ်၊ ချင်းရော၊ နာဂရော လူမျိုးဘာသာမရွေး အခုလိုမျိုးတိုင်းရင်းသားပေါင်းစုံ လက်တွဲပြီးတော့ ကရတဲ့အတွက် အလွန်ကိုပျော်ရွှင်ဝမ်းမြောက်မိပါတယ်"ဟု ပြောသည်။

အဆိုပါပြပွဲတွင် တိုင်းရင်းသားအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ခြင်း၊ ပါရာမော်တာစီးနင်းပြသခြင်း၊ မုံ့ရွာမြို့လူငယ်များမှ ဆိုင်ကယ်စတန့်စီးပြကွက်များပြသခြင်းနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းနှင့် အရောင်းပြခန်းများဖွင့်လှစ်ပြသခဲ့သည်။

ချင်းတွင်းသဲသောင်ပြင်သင်္ကြန် လည်ပတ်ရင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များကို လေ့လာဝယ်ယူနိုင်ပြီး ရိုးရာအစားအသောက်များကိုပါ ဝယ်ယူစားသောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

ထို့အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထူးခြားသည့်နေရာများ၊ အထင်ကရနေရာများကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်စားလာပြီး လာရောက်လည်ပတ်နိုင်စေရန်အတွက် ယခုကဲ့သို့ချင်းတွင်းသင်္ကြန်တွင် တပေါင်းတစည်းတည်း ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-သီတာဦး**
**ဓာတ်ပုံ-ဘိုဘိုသန့်ရွှေ၊ ကြည်ပြာထွန်း**


ဦးချင်းအောင်


ဒေါ်စန်းစန်းဦး

# ဧပြီလထုတ် သုတပဒေသာစာစောင် ကဏ္ဍစုံလင် ဆန်းသစ်ဝေဆာစွာ ထွက်ပြီ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဧပြီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဧပြီလထုတ် သုတပဒေသာစာစောင်တွင် ဆရာကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ဦးဟန်ညွန့်(ဥပဒေ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ သန်းစော(စီပီအေ)တို့၏ "ယနေ့လူငယ်များနှင့် မြန်မာ့ယဉ်ကျေးမှု" မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဇင်မင်း၊ စည်သူလှိုင်၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ စည်သူ ဒေါက်တာခင်မောင်ညွန့်တို့၏ နိုင်ငံတကာရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ တင်ညွန့်၊ မြသိန်းတို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ သောင်းထိုက်ဦး (သယံန်းကျွန်းကြီး)၊ ရည်ဝင်းလှိုင်၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ဒေါ်စောကြိုင် (အငြိမ်းစားပါမောက္ခ)၊ တက္ကသိုလ်မိုးမြင့်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ခိုင်ဇော်(ဒသဃန)၊ တင်ကြည်အောင် (တွံတေး)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဆွေဇင်ညွန့်၊ စိုးစိုး(ပန်းတောင်း)၊ ပါမောက္ခဦးသိန်းလှိုင်၊ ကိုရင်ကျော်၊ ခြယ်မှုန်းသီ၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ ဆောင်းဝင်းလတ်၊ မောင်ကျေးဇူး၊ ကေအက်စ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၈၆)လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**ကြေးမုံ**



## Galaxy S9 နှင့်ချိတ်ဆက်၍ကွန်ပျူတာကဲ့သို့အသုံးပြုနိုင်သော Samsung DeX Pad

မော်နီတာ သို့မဟုတ် စမတ်တီဗွီများနှင့် ချိတ်ဆက်ကာ ကွန်ပျူတာကဲ့သို့အသုံးပြုနိုင်သော Samsung DeX Pad ကို လာမည့် မေ ၁၃ ရက်တွင် စတင်ရောင်းချတော့မည်ဖြစ်ကြောင်း Samsung မှ အတည်ပြုပြောကြားခဲ့သည်။ Samsung ၏နောက်ဆုံးထုတ် စမတ်ဖုန်းများဖြစ်သော Galaxy S9 နှင့် S9+ အမျိုးအစားစမတ်ဖုန်းများနှင့် ချိတ်ဆက်ကာ စမတ်ဖုန်းကို ကွန်ပျူတာတစ်လုံးအသွင် မျက်နှာပြင်ကျယ်ကျယ်တွင် အသုံးပြုနိုင်မည်ဖြစ်ပြီး Galaxy S9 နှင့် S9+ အမျိုးအစား စမတ်ဖုန်းများကို စတင်မိတ်ဆက်စဉ်ကလည်း ထိုကဲ့သို့ ချိတ်ဆက်အသုံးပြုနိုင်လိမ့်မည်ဟု ထည့်သွင်းကြေညာပေးခဲ့ကြောင်းသိရသည်။

စမတ်ဖုန်းနှင့် မော်နီတာကဲ့သို့ ကျယ်ပြန့်သည့် မျက်နှာပြင်တို့အကြား Samsung DeX Pad ကိုအသုံးပြုချိတ်ဆက်ပြီး စမတ်ဖုန်းတွင် လုပ်ဆောင်သည့်ပုံစံအတိုင်း အသုံးပြုနိုင်မည်ဖြစ်သည်။ ဂိမ်းကစားခြင်း၊ ရုပ်သံဗီဒီယိုများကြည့်ရှုခြင်း အစရှိသည်တို့အပြင် အခြားလုပ်ဆောင်မှုများစွာကို ပြုလုပ်နိုင်ပြီး ကွန်ပျူတာကဲ့သို့ ကီးဘုတ်နှင့် မောက်စ်တို့သဖွယ် စမတ်ဖုန်းကို တွဲဖက်အသုံးပြုနိုင်ရန် Samsung DeX Pad ကိုဖန်တီးထားသည်ဟုသိရသည်။ Samsung DeX Pad တွင် အအေးပေးစနစ်လည်းပါဝင်ပြီး နားကြပ်တပ်အသုံးပြုနိုင်ကာ မော်နီတာများဖြင့်လွယ်ကူစွာချိတ်ဆက်နိုင်မည်ဟု သိရသည်။

လာမည့်လတွင် ၎င်း Samsung DeX Pad ကို စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး တန်ဖိုးအားဖြင့် ၉၉ ဒေါ်လာသာကျသင့်မည်ဖြစ်ကာ သတ်မှတ်ထားသည့်ကာလအတွင်း Galaxy S9 နှင့် S9+ စမတ်ဖုန်းများ ဝယ်ယူထားသူအချို့မှာလည်း အခမဲ့ရရှိနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ကာ ကြိုတင်မှာကြားမှုများ ပြုလုပ်နိုင်ပြီဖြစ်သည်ဟု သိရသည်။ **ခဏဳ**

## မြစ်သားမြို့တွင်ပညာပေးဆိုင်းဘုတ်စိုက်ထူ

**မြစ်သား ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူခင်းများမဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကင်းရှင်းရေးအတွက် ရေဝန်း-မြင်းခြံလမ်းနှင့် မြစ်သားမြို့အဝင်ရှိ သံလမ်း လမ်းဆုံတွင် သင်္ကြန်ကာလအတွင်း ပြည်သူများ သတိပြုရမည့် အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက စိုက်ထူခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့မစခန်းမှူး ရဲအုပ်နိုင်ဝင်းဦးစီးသော တပ်ဖွဲ့ဝင်များက အသိပညာပေး ဆိုင်းဘုတ်များကို စိုက်ထူပြီး လှေလာဖတ်ရှုကြသော အများပြည်သူတို့အား ယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အသိပေးနှိုးဆော်ချက်များ၊ မူခင်းကျဆင်းရေးများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် သင်္ကြန်ကာလအတွင်း မူခင်းမဖြစ်ပွားစေရန်၊ ယာဉ်မောင်းသူများ လိုက်နာရန်နှင့် မူးယစ်ဆေးဝါးများ အသုံးမပြုကြရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အချက်များပါသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း (မြစ်သား)**

## အကြားအာရုံချို့တဲ့သော ကလေးငယ်များ စမတ်ဖုန်းများဖြင့် ရန်ကုန်မြို့၏အနှစ်သာရ ပုံရိပ်များရိုက်ကူး

**ရန်ကုန် ဧပြီ ၁၁**

Silent Yangon အမည်ရှိစာအုပ်အတွက် အကြားအာရုံချို့တဲ့သော ကလေးရှစ်ယောက် ပူးပေါင်း၍ ရန်ကုန်မြို့၏ လူသိများသောနေရာများ၊ အလွယ်တကူ မမြင်တွေ့နိုင်သောနေရာများတွင် စမတ်ဖုန်းများဖြင့် ရက်သတ္တပတ်လုံးအချိန်ပေး၍ ဓာတ်ပုံများရိုက်ယူခဲ့ကြကြောင်း သိရသည်။ Mary Chapman ဆွံ့အနားမကြား ကလေးငယ်များကျောင်းမှ အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြားရှိ ယောကျ်ားလေး လေးယောက်နှင့် မိန်းကလေး လေးယောက်တို့ကို အီတလီလူမျိုး ဓာတ်ပုံဆရာမ Francesca Moscheni မှ သင်ကြားပြသပေးခဲ့ပြီး အဆိုပါ စိတ်လှုပ်ရှားဖွယ်ရာများ ပြည့်နှက်နေသည့် ရက်သတ္တပတ်အတွင်း သွားရောက်ခဲ့သည့် နေရာများကိုလည်း ထုတ်လုပ်သူ Marco Armando Piccini က မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

"အကြားအာရုံချို့တဲ့သူ ကလေးငယ်တွေရဲ့မျက်လုံးတွေကတစ်ဆင့် ရန်ကုန်မြို့ကို မြင်တွေ့နိုင်မည့်စာအုပ်ကို ဒီနှစ်နောက်ပိုင်းမှာ ပုံနှိပ်ထုတ်ဝေသွားမှာပါ။ ရုပ်ရှင်ကိုလည်း အဓိက နိုင်ငံတကာ ပွဲတော်တွေမှာပြသသွားမှာဖြစ်ပြီး ကျွန်မတို့ရဲ့ Sound of Images စီမံကိန်းအနေနဲ့လည်း ဒီအပတ်အတွင်း ကလေးတွေရိုက်ယူထားတဲ့ ထောင်ပေါင်းများစွာရှိတဲ့ ပုံတွေထဲကမှ ရွေးချယ်ပြီး ဓာတ်ပုံပြပွဲ လုပ်သွားမည့်အစီအစဉ်လည်း ရှိပါတယ်" ဟု Link for Aid ၏ တည်ထောင်သူ Pamela McCourt Francescone က ပြောကြားခဲ့သည်။

"ကလေးတွေရဲ့ စိတ်ဝင်စားမှုနဲ့ အရည်အချင်းတွေ တစ်နေ့ထက်တစ်နေ့ ပိုပိုတိုးတက်လာတာကို တွေ့ရတာလည်း တော်တော်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ သူတို့ကို လမ်းညွှန်သင်ကြားပေးတာလည်း လက်ခံကြတယ်၊ ဒါပေမယ့် သူတို့ကိုယ်တိုင်ကလည်း ထိထွင်နိုင်စွမ်းနဲ့ ကိုယ်တိုင်ရပ်တည်နိုင်စွမ်းရှိကြောင်းကိုလည်းပြသခဲ့ကြပါတယ်၊ ဒီတစ်ပတ်ရဲ့ ဆောင်ပုဒ်ကတော့ 'သတ္တိရှိကြပါ' ဖြစ်ပြီးတော့ အလွန်ထိရောက်မှုရှိခဲ့ပါတယ်၊ Marco Armando Piccini ရဲ့ ရုပ်ရှင်မှာတော့ ကလေးငယ်လေးတွေအနေနဲ့ သူတို့လေးတွေရဲ့ ငုပ်လျှိုးနေတဲ့ အနုပညာအရည်အသွေးတွေနဲ့ နည်းပညာမြင့် ဆက်သွယ်ရေးနည်းလမ်းကို ဘယ်လိုအသုံးပြုပြီး ရန်ကုန်မြို့ရဲ့ မူလပုံရိပ်တွေကို အသစ်တစ်ဖန်ပြန်လည်ဆန်းသစ်စွာပုံဖော်ထားတာကို ဖော်ပြပြသသွားမှာဖြစ်ပါတယ်" ဟု ဓာတ်ပုံဆရာမ Francesca Moscheni က ပြောကြားခဲ့သည်။

ကျောင်းသား ကျောင်းသူ အရေအတွက်ပေါင်း ၃၅၀ ရှိသော ဒဂုံမြို့နယ်ရှိ Mary Chapman ဆွံ့အနားမကြား ကလေးငယ်များကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ရှစ်ယောက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်း၏ လက်အောက်ရှိ ကော်မတီမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Samsung မှ၎င်းတို့၏ ရန်ကုန်ရုံးချုပ်တွင် ကလေးများအတွက် စမတ်ဖုန်းအသုံးပြုနည်း သင်တန်းအားစီစဉ်ပေးခဲ့ပြီး ကလေးငယ်များ ရန်ကုန်မြို့တွင်း သွားရောက်ဓာတ်ပုံရိုက်ခဲ့သည့် ရက်သတ္တပတ်အတွင်းတွင်လည်း စမတ်ဖုန်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

"ကလေးတွေအနေနဲ့ ကျွန်တော်တို့ရဲ့ စမတ်ဖုန်းတွေကို အသုံးပြုပြီး ရန်ကုန်မြို့တစ်ဝိုက်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ ဓာတ်ပုံအမျိုးမျိုးကို ရိုက်ယူနေကြတာကို မြင်တွေ့ရခြင်းအားဖြင့် စမတ်ဖုန်းတွေဆိုတာ လူတိုင်းအသုံးပြုဖို့အတွက် ဖြစ်တယ်ဆိုတာကို သိသိသာသာမြင်သာစေပြီး ကျွန်တော်တို့အနေနဲ့လည်း လူသားတိုင်းရဲ့ ဖန်တီးမှုတွေကို ပုံဖော်ပေးဖို့ အချိန်မရွေး အဆင်သင့်ပါပဲ၊ နိုင်ငံတကာ အမှတ်တံဆိပ်တစ်ခုအနေနဲ့ မည်သည့်နေရာမှာမဆို လိုအပ်ချက်တွေရှိနေတဲ့ လူ့အဖွဲ့အစည်းတွေကို ကျွန်တော်တို့အနေနဲ့ တတ်စွမ်းသမျှ ပံ့ပိုးပေးလျက်ရှိပြီး သူတို့လေးတွေရဲ့ ဓာတ်ပုံတွေကို မကြာခင်စာအုပ်ထဲမှာ မြင်တွေ့ရတော့မှာကိုလည်း အလွန်ဝမ်းသာ စိတ်လှုပ်ရှားမိပါတယ်" ဟု Samsung Myanmar ရဲ့ Public Relations and Citizenship Manager ကိုစိုးသူရက ပြောကြားခဲ့သည်။ ALEX



## သင်္ကြန်ကာလမှစတင်မည့်ဝန်ဆောင်မှုကဏ္ဍသစ်များပါဝင်သော MPT ၏ 'နှလုံးသားထဲကမြန်မာ' အစီအစဉ်

**ရန်ကုန် ဧပြီ ၁၁**

MPT မှ ယခုနှစ် နှစ်သစ်အခါသမယဖြစ်သော သင်္ကြန်ကာလမှစတင်ကာ သုံးစွဲသူများနှင့် MPT အကြား 'နှလုံးသားထဲကမြန်မာ' အစီအစဉ်ကို MPT နှင့် ဝန်ထမ်းများက အတူတကွ ပူးပေါင်း ဖော်ဆောင်သွားကြမည်ဟု သိရပြီး ၎င်းအစီအစဉ်မှာ သုံးစွဲသူများ၊ စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်လုပ်ငန်းအဖွဲ့အစည်းများ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကို ပိုမိုနီးကပ်စွာ ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်သည်ဟု ဆိုသည်။

MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Toshitake Amamiya က "မြန်မာနိုင်ငံကြီးကို ရှေ့ကိုလှမ်းချီနိုင်အောင် MPT အနေနဲ့ ဆောင်ရွက်နေတာတွေကို အားလုံး သိရှိထားကြပြီးဖြစ်ပါတယ်၊ ဒါပေမယ့် ဒီအစီအစဉ်ကို ဘာကြောင့်ဆောင်ရွက်နေလဲ၊ ဘာကြောင့် MPT က ထဲထဲဝင်ဝင်နဲ့ နက်နက်ရှိုင်းရှိုင်းလုပ်ဆောင်နေရသလဲဆိုတာ လူတိုင်းသိရှိနိုင်ဖို့ ပြသသွားမှာပါ။ နယ်ပယ်အစုံက ပြည်တွင်းနဲ့ ပြည်ပအခြေစိုက် ခိုင်မာတဲ့လုပ်ငန်းတွေနဲ့ မိတ်ဖက်အဖြစ် ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ MPT ရဲ့ ဝန်ဆောင်မှုတွေကို ယုံယုံကြည်ကြည်အသုံးပြုနေကြတဲ့ သုံးစွဲသူတွေ၊ လုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေအတွက် တန်ဖိုးပြည့်ဝတဲ့ မတူကွဲပြားမှုတွေကို MPT က ယူဆောင်ပေးနေပါတယ်၊ ကျွန်တော်တို့ရဲ့ခံယူချက်၊ ရည်ရွယ်ချက်တွေနဲ့အတူ အခုအစီအစဉ်ကို နိုင်ငံတစ်ဝန်းလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားချင်ပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ ဆေးရုံများနှင့် အခြားသော လိုအပ်သည့် နေရာများအပါအဝင် တစ်နိုင်ငံလုံးရှိလူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းပေါင်း ၆၀ ကျော်အတွက် MPT အနေဖြင့် မြန်မာကျပ်ငွေသိန်း ၂၀၀၀ ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

MPT အနေနှင့် မြန်မာနိုင်ငံအတွင်းရှိ သုံးစွဲသူများ အထူးသဖြင့် ဒေတာအများအပြားသုံးစွဲသူ လူငယ်လူရွယ်များအတွက် အကျိုးများစေမည့် အစီအစဉ်များကို မိတ်ဖက်အဖွဲ့အစည်းများစွာဖြင့် အစဉ်အမြဲပြုလုပ်ဆောင်ရွက်လျက်ရှိနေပြီး ဝန်ဆောင်မှုအသစ်များစွာကို ဖန်တီးထုတ်လုပ်လျက်ရှိကာ ဥပမာအားဖြင့် မြန်မာနေရှင်နယ်လိဂ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ The Voice Myanmar သီချင်းဆိုပြိုင်ပွဲ အစရှိသည့် ပူးပေါင်းမှုများကို ဆောင်ရွက်ခြင်းနှင့်အတူ သုံးစွဲသူများနှင့် သဟဇာတဖြစ်စေမည့် အစီအစဉ်ကဏ္ဍများကိုလည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် MPT အနေဖြင့် 'နှလုံးသားထဲကမြန်မာ' အစီအစဉ်၏ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် သုံးစွဲသူများအတွက် အားကစားကဏ္ဍ၊ ဈေးဝယ်ယူခြင်းကဏ္ဍ၊ မိုဘိုင်းလ်ဂိမ်း ဝန်ဆောင်မှုများ အပါအဝင် ကဏ္ဍအသီးသီးတွင် ကောင်းမွန်သည့် အတွေ့အကြုံများ ခံစားရရှိစေနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




ဆက်လက်၍ Mr. Amamiya က နှလုံးသားထဲကမြန်မာ အစီအစဉ်ရဲ့ အဓိကသန္နိဋ္ဌာန်က ၂၀၁၈ အကုန်မှာ ကျွန်တော်တို့ရဲ့ 4G LTE+ ကွန်ရက်ကို မြို့နယ်ပေါင်း ၂၈၀ ကျော်မှာ ဖြန့်ကြက်နိုင်ဖို့ဖြစ်ပါတယ်။ အခုဆိုရင် မြန်နှုန်းမြင့်အင်တာနက်ကိုရရှိလာတာနဲ့အညီ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအနေနဲ့ 3G နဲ့ 4G LTE+ ကွန်ရက်တွေကတစ်ဆင့် အသုံးပြုကြသူတွေ ပိုပိုပြီးများပြားလာသလို ဒီလို ၂၅ သန်းကျော်သော သုံးစွဲသူတွေအတွက် ဝန်ဆောင်မှုတွေ ကောင်းမွန်စေဖို့အတွက် MPT ရဲ့ ဌာနအသီးသီးမှာရှိကြတဲ့ ကျွန်တော်တို့ရဲ့ အဖွဲ့တွေအကုန်လုံးက နည်းလမ်းသစ်တွေနဲ့ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**မဟေသီ**

ဒေါက်တာမောင်ဖြေ
(အမျိုးသားစာပေဆုရှင်)

**မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် နောက်ဆုံးလဖြစ်သော တပေါင်းလမှ နှစ်ဦးအစ တန်ခူးလသို့ ကူးပြောင်းသည်။ နှစ်ဟောင်းကုန်၍ နှစ်ဆန်းကို အလေးအမြတ်ထားသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ ထိုနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က သင်္ကြန်ပွဲဟု ခေါ်သည်။**

**သင်္ကြန်ဟူသောစကားသည် "သင်္ကြန္တ"ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု "ဝေါဟာရလိနတ္ထဒီပနီ"တို့၌ ဖွင့်ဆို၏။ တချို့ပညာရှင်များက "သင်္ကန္တ"ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဟု ယူဆကြ၏။ ပါဠိဘာသာ သင်္ကန္တပုဒ်နှင့် သက္ကတဘာသာသင်္ကြန္တပုဒ်မှာ အဓိပ္ပာယ်အားဖြင့် မထူးခြား၊ သင်္ကြန်ဟူသော ဝေါဟာရမှာ ကအက္ခရာတွင် ရရစ်ရှိသဖြင့် သင်္ကြန္တပုဒ်မှဆင်းသက်လာသည်ဟူသော အယူအဆက ပို၍သင့်မြတ်အံ့ထင်၏။ ယင်းသင်္ကြန်ဟူသော မြန်မာဝေါဟာရမှာ မူလသင်္ကြန္တ၏ အဓိပ္ပာယ်အတိုင်း "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း"ဟူ၍ ရ၏။**

# မြန်မာ့ရိုးရာယဉ်ကျေးသော မဟာသင်္ကြန်ပွဲတော်



### သင်္ကြန်ဖြစ်ပေါ်လာရခြင်းအကြောင်း

ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် မိဿရာသီ တန်ခူးလပထမ နဝင်းမှစ၍ ဆယ့်နှစ်လရာသီလှည့်ပတ်ခဲ့ရာ မိန်ရာသီ တပေါင်းလ၏ အဆုံး၌ဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈၊ နဝင်းလပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်ကြာခဲ့၍ တစ်ပတ်လည်ခဲ့သည်။ မိန်ရာသီ၏အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏အစ နဝင်းဖြစ်သည့် အသဝနီနက္ခတ်သို့ ကူးပြောင်းချိန် ကျရောက်နေသည်။ ယင်းသို့ တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဗေဒင်ရှုထောင့်အရ ယူဆကြ၏။

### သိကြားမင်းနှင့်ဗြဟ္မာမင်း

ဗြဟ္မာဏဝါဒီပညာရှင်တို့က ကမ္ဘာဦးကာလက ကဝိလမိုင်းအမည်ရှိသော ဗေဒင်ပါရဂူကြီးတစ်ဦး ပေါ်ထွန်းခဲ့ဖူးသည်ဆို၏။ အခါတစ်ပါး သိကြားမင်းနှင့် အာသီမည်သော ဗြဟ္မာမင်းတို့ ဗေဒင်ဆိုင်ရာပြဿနာတစ်ခုတွင် အငြင်းပွားကြသည်ဆို၏။ နောက်ဆုံး လူ့ပြည်က ဗေဒင်ပညာရှင် ကဝိလမိုင်းဆရာကြီး၏ အဆုံးအဖြတ်ကို ခံယူကြပြီး နိုင်သူက ရှုံးသူကို ဦးခေါင်းဖြတ်ကြစတမ်းဟု သဘောတူကြသည်ဆို၏။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်ဆို၏။ အနိုင်ရရှိသော သိကြားမင်းက ဗြဟ္မာမင်း၏ ဦးခေါင်းကို မဖြတ်လို၊ ဗြဟ္မာမင်းက အဓိဋ္ဌာန်ဖြင့် မိမိဦးခေါင်းကို ဖြတ်စေ၏။ ဖြတ်သွားသည့် ဗြဟ္မာမင်း၏ ဦးခေါင်းကို သမုဒ္ဒရာတွင် ပစ်သော် ရေခန်းခြောက်မည်ဆို၏။ မြေပြင်တွင်ပစ်လျှင် တစ်လောကလုံး မီးဟုန်းဟုန်းလောင်မည်ဆို၏။ ထို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနစ်ဖော်အား ဗြဟ္မာမင်းကြီး၏ဦးခေါင်းကို အလှည့်ကျပွေ့ချီထားစေသည်ဆို၏။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ပြောင်းရွှေ့ပေးသောကာလမှာ လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သော အချိန်နှင့်ညီမျှသည်ဆို၏။ ယင်းသို့ ပြောင်းလွှဲပေးသည်ကို သင်္ကရာဇ်ဦးခေါင်းပြောင်းသည်ဟူ၍ခေါ်ကာ "အတာသင်္ကြန်ပွဲ"များ ကျင်းပကြောင်း ယူဆ၏။ ထိုသို့ တနင်္ဂနွေဂြိုဟ်မင်း ရာသီပြောင်းခြင်းကိုစွဲ၍လည်းကောင်း၊ ဗြဟ္မာမင်း၏ ဦးခေါင်းပြောင်းခြင်းကိုစွဲ၍လည်းကောင်း ပညာရှင်တို့က သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာရခြင်းဟု အမျိုးမျိုးအနက်ဖွင့်ဆိုကြသော်လည်း "သင်္ကြန်"ဟူသော ဝေါဟာရတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းအဓိပ္ပာယ်လည်း သက်ဝင်လျက်ရှိ၏။

### မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့် မဟာသင်္ကြန်

- ၁၃၇၉ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် ဧပြီ ၁၄ ရက် စနေနေ့၊ မြန်မာစံတော်ချိန် နံနက်စက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့် မဟာသင်္ကြန်ကျသည်။

- ၁၃၇၉ ခု နှောင်းကဆုန်လဆုတ် ၁ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် ဧပြီ ၁၅ ရက် တနင်္ဂနွေနေ့သည် မဟာသင်္ကြန်အကြတ်နေ့ ဖြစ်သည်။

- ၁၃၇၉ ခု နှောင်းကဆုန်လဆန်း ၂ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် ဧပြီ ၁၆ ရက် တနင်္လာနေ့၊ မြန်မာစံတော်ချိန် မွန်းလွဲညနေစက် ၃ နာရီ ၁၃ မိနစ် ၄၇ စက္ကန့် မဟာသင်္ကြန်အတက်နေ့ဖြစ်သည်။

- ၁၃၈၀ ပြည့် နှစ်ဦးကဆုန်လဆန်း ၃ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက် အင်္ဂါနေ့သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။

မဟာသင်္ကြန်တွင် သင်္ကြန်အကျမြေခံနေ့ သားသမီးဖြစ်သော သောကြာနေ့သားသမီးတို့သည် တောင်အရပ်သစ်ပင်ရင်းတွင် သပြေညွန့်ကို အခင်းပြု၍ ဒန်းညွန့်ကို ဆောင်လျက် အကျရက်၌ နံနက် ၉ နာရီ ၁၉ မိနစ်နောက်ပိုင်း မြောက်အရပ်သို့ မျက်နှာမူပြီးလျှင် ဦးခေါင်းဆေးမင်္ဂလာ ပြုကုန်ရာ၏။

သင်္ကြန်အကျနေ့ စနေသားသမီးတို့သည် သင်္ကြန်အကြတ်နေ့တွင် မိမိတို့၏ အရှေ့မြောက်အရပ် သစ်ပင်ရင်းတွင် ဆီးညွန့်ကို အခင်းပြု၍ အုန်းညွန့်ကိုဆောင်လျက် သင်္ကြန်အကြတ်ရက်ဖြစ်သော တနင်္ဂနွေနေ့၌ အနောက်အရပ်သို့ မျက်နှာမူပြီးလျှင် ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ ဗြဟ္မာ၊ သိကြား၊ စတုလောကပါလ သာသနာတော်စောင့်နတ်မြတ်နတ်ကောင်းတို့အား လိုသောဆုကို တောင်းပြီး ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာ၏။

သင်္ကြန်သုံးပါးတွင် သမန္တမဟာသင်္ကြန်ဖြစ်သောကြောင့် သင်္ကြန်ကျပြီးနောက် ၂၄ မိနစ်ရောက်သောအချိန်တွင် လူတိုင်း ဦးခေါင်းဆေးမင်္ဂလာပြုရ၏။

အများနှင့်သက်ဆိုင်သော သာမညအခါပေးရန်မှာ သင်္ကြန်ကျသည့်အချိန်မှစ၍ တနင်္ဂနွေသားသမီးတို့အတွက် မိမိမွေးနံကြရာမှ ရေတွက်သော် အနောက်တောင်ထောင့်အရပ်သည် ဂဟပတိအရပ်ဖြစ်သည်။ တနင်္လာသားသမီးကား အနောက်အရပ်၊ အင်္ဂါသားသမီးကား အနောက်မြောက်ထောင့်အရပ်၊ ဗုဒ္ဓဟူးသားသမီးကား မြောက်အရပ်၊ ကြာသပတေးသားသမီးကား အရှေ့အရပ်၊ ရာဟုသားသမီးကား အရှေ့တောင်ထောင့်အရပ်များသို့ မျက်နှာမူပြီးလျှင် တနင်္ဂနွေကား ဒန်းညွန့်၊ တနင်္လာကား အုန်းညွန့်၊ အင်္ဂါကား ကံ့ကော်ညွန့်၊ ဗုဒ္ဓဟူးကား မြေစာညွန့်၊ ကြာသပတေးကား ချရား(ရွက်လှ)ညွန့်၊ ရာဟုကား မြေစာညွန့်အမြစ်နှင့် နံတူပန်းညွန့်တို့ကို နင်းကြမ်းပြု၍ မိမိတို့၏အညွန့်ပန်းဖြစ်သော တနင်္ဂနွေကား ကံ့ကော်ညွန့်၊ တနင်္လာကား မြေစာညွန့်၊ အင်္ဂါကား ချရား(ရွက်လှ)ညွန့်၊ ဗုဒ္ဓဟူးကား သပြေညွန့်၊ ကြာသပတေးကား ဆီးညွန့်၊ ရာဟုကား သပြေညွန့်ဟူသောအညွန့်နှင့် နံတူပန်းပွင့်ပန်းညွန့်တို့ကို အသီးသီးဆောင်လျက် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမား၊ သိကြားဗြဟ္မာ၊ စတုလောကပါလ၊ သာသနာတော်စောင့် သမာဒေဝ နတ်မြတ်နတ်ကောင်းတို့ကို ပူဇော်ကန်တော့ပြီး မိမိတို့လိုရာဆန္ဒကို ဆုတောင်း၍ ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာတည်း။

### ခေါင်းဆေးမင်္ဂလာပြုကြသောအကျိုးမှာ

သင်္ကန္တေ၊ သင်္ကြန်ဟု ခေါ်ဝေါ်အပ်သော တနင်္ဂနွေဂြိုဟ်မင်းသည် ပုဏ္ဏမေ၊ အံသာ ၃၆၀ ရသဖြင့် တစ်ဘဂဏပြည့်၍ မိန်ရာသီအဝသာန်နဝင်းမှ မိဿရာသီအာဒိနဝင်းသို့ပြောင်းခဲ့သည်ရှိသော် ဣဓ- ဤလူ့ပြည်၌၊ မဃဝါ-သတ္တဝါဟု ခေါ်ဝေါ်အပ်ကုန်သော မိနုဇာ-လူအပေါင်းတို့သည်၊ သိရာ-ဦးခေါင်းဆေးကုန်ရာ၏။ တေသံ-ထိုဦးခေါင်းဆေးကုန်သော သူတို့အား သတ္တဘာဂီ-ခုနစ်နှစ်ကဖြစ်ကုန်သော ရောဂီ-အနာမျိုးတို့သည်၊ ဝိနာသေယျုံ-ကင်းပျောက်ကုန်ရာ၏။ သုခဘာဂီ-ချမ်းသာခြင်း၏အဖို့ဖြစ်ကုန်သော သတသပဿာနိ-တစ်သိန်းသော အကျိုးတို့သည် ဘဝေယျုံ-ရရှိဖြစ်ကုန်ရာ၏။

### သင်္ကြန်အခါရှောင်ကြဉ်ရန်မှာ

မင်္ဂလာစကား လင်္ကာကြားအံ့၊ ကြောင်းလျားစုံစေ့၊ သင်္ကြန်နေ့၌၊ မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာသား၊ (၁) မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ (၂) ကာမအရာ၊ မေထုနာနှင့် (၃) ပါဏာသတ်ပုဒတ် (၄) သောက်တုတ်သေရက် (၅) မျက်ထွက်မာန ပဋိဃနှင့် ဒေါသကိုငြိမ်း (၆) ဆီလိမ်းပွတ်ဆင့် (၇) သစ်ပင်ခုတ်ဖြတ် (၈) သတ်ဝတ်ကုန်ရှောင် (၉) အရောင်း (၁၀) အဝယ်လဲလှယ်ဟူသည်၊ ဤဆယ်မည်ကို လူ့ပြည်လူ့ခွင်၊ လူကိုဝင်ထား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ၊ မပြုရရာ၊ ရှောင်ကြဉ်ရာဟု၊ ကျမ်းလာသော်ကား၊ လင်္ကာကြားသည်။

ဤသည်တို့မှာ မဟာသင်္ကြန်စာ အလိုတည်း။

### သင်္ကြန်ရေပက်ကြခြင်းဓလေ့

သင်္ကြန်အခါတွင် ရေပက်ကစားသောဓလေ့သည် သကျသာကီဝင်မင်းမျိုးတို့ ရေအိုင်များတွင် ရေပက်ဖျန်းကစားလေ့ရှိကြကြောင်း ကျမ်းဂန်များ၌ တွေ့ရသည်။ ကပိလဝတ်ပြည်တွင် နေကြသော သာကီဝင်မင်းတို့သည် ရေအိုင်ကြီးအနီး၌ ရေကစားကြရာ ထိုရေအိုင်သည် သာကီဝင်မင်းတို့ ရေကစားရာ အိုင်ဖြစ်သောကြောင့် ဒေဝဒဟအမည်ရကြောင်း၊ နောင်အခါတွင် ရေကစားလာသော သာကီဝင်မင်းတို့ ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်အနီး၌ မင်းတဲများ ဆောက်လုပ်နေထိုင်ကြရာမှ ဒေဝဒဟဟု တိုင်းပြည်တစ်ပြည်ဖြစ်လာကြောင်း ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်၌ ဖွင့်ဆိုထား၏။

သာကီဝင်မင်းမျိုးတို့ ရေပက်ဖျန်းကစားသည့်အချိန်ကို ကျမ်းဂန်၌ အတိအကျ မဆိုထားသော်လည်း ပူပြင်းလှသော တန်ခူးလရာသီနှစ်သစ်ကူးချိန်တွင် ရေပက်ကစားခြင်း ထုံးဓလေ့ကို အသုံးချခဲ့ကြကြောင်း ဖြစ်တန်သည်ဟု ယူဆရ၏။

### သင်္ကြန်ကို ကြိုဆိုခြင်း

အတာရေသဘင်ဆင်နွှဲမှုများ ဖြစ်ပေါ်လာသည်နှင့်အညီ သင်္ကြန်အကြိုနေ့တွင် အတာအိုးဟုခေါ်သော မြေအိုးငယ်အသစ်တွင် သန့်စင်သောရေဖြင့် အမွှေးနံ့သာများထည့်လျက် ခုနစ်နေ့ ခုနစ်နံ ကိုယ်စားပြုသော တနင်္ဂနွေ-အုန်းလက်၊ တနင်္လာ-ကံ့ကော်ညွန့်၊ အင်္ဂါ-ဆီးညွန့်၊ စိန်ပန်း ညွန့်၊ ဗုဒ္ဓဟူး-ရွက်လှရင်ခတ်ညွန့်၊ ကြာသပတေး-မြေစာညွန့်၊ သောကြာ-ဆီးညွန့်၊ သပြေညွန့်၊ စနေ-ထန်းညွန့်၊ ဒန်းညွန့်၊ ဒေါနပန်းစသည်တို့ကို လှပစွာပြုလုပ်၍ သင်္ကြန်ပန်းအဖြစ် အစီအရီစိုက်ထိုးကာ အိမ်ဦးတွင် အတာအိုးကိုပင့်မြှောက်ကာ သိကြားမင်းအား ကြိုဆိုပူဇော်ဆုတောင်းကြရသည်။ ပူဇော်ဆုတောင်းသော အတာအိုးမှ သင်္ကြန်ပန်းစည်းကို အိမ်ဦးတွင် စည်းနှောင်ချည်ပေးထားခြင်းဖြင့် အန္တရာယ်ကင်းစေ၏။

### နိုင်ငံခြားသားတို့ဆင်နွှဲသော မြန်မာ့သင်္ကြန်ပွဲ

အေဒီ ၁၇၈၂-၁၈၁၉ ဘိုးတော်(ဗဒုံ)မင်းလက်ထက် အေဒီ ၁၇၉၅ ခုနှစ်က ဘိုးတော်(ဗဒုံ)မင်းထံ လာရောက်ခစားသော ဗြိတိသျှသံအမတ်ကြီး မေဂျာမိုက်ကယ်ဆိုင်းသည် သူကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့ရသော မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ပွဲတော်အကြောင်းကို ၁၈၀၀ ပြည့်နှစ်က လန်ဒန်မြို့တွင် ပုံနှိပ်သော အင်းဝနိုင်ငံတော်ကြီးသို့ ရောက်ရှိခဲ့သော ဗြိတိသျှသံအဖွဲ့အစီရင်ခံစာ စာအုပ်၌ဖော်ပြထားသည်မှာ-

"ဧပြီ ၁၂ ရက်နေ့ မြန်မာနှစ်၏ နောက်ဆုံးနေ့တွင် ကျွန်ုပ်တို့အား မြန်မာတစ်ပြည်လုံးတွင် ဆင်နွှဲသော အတာကူးသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲပါရန် မြို့ဝန်မင်းက ဖိတ်ကြားလာပါသည်"

ထိုနေ့သည်ကား ရာသီစက်ခွင်တစ်ပတ်လည်သော နှစ်၏ နောက်ဆုံးနေ့ဖြစ်သည်။ **စာမျက်နှာ ၂၃ သို့**

# ချင်းတွင်းသင်္ကြန်ပွဲတော် တိုင်းရင်းသားရိုးရာပြခန်းများဖွင့်လှစ်၊ လာရောက်ကြည့်ရှုသူများပြား

**မုံရွာ မေ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်သဲသောင်ပြင်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ချင်းတွင်းသင်္ကြန်ပွဲတော် တိုင်းရင်းသားရိုးရာပြခန်းများနှင့်မုခ်ဦးဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ချင်းတွင်းသင်္ကြန်ကို လာရောက်လည်ပတ်ကြတဲ့သူတွေကို အခမဲ့စီစဉ်ပေးထားပါတယ်၊ ပွဲတော်ကို နံနက် ၇ နာရီကနေ ည ၁၀ နာရီထိဖွင့်လှစ်ထားပါတယ်၊ ဇုန်မှာရှိတဲ့ ချင်းတွင်းမြစ်အတွင်းရေကစားတဲ့နေရာ တစ်ခုမှာတော့ ညနေ ၆ နာရီဆိုရင် ရေကစားတာကို ပိတ်မှာပါ၊ ညဘက်ဆိုရင် အန္တရာယ်မဖြစ်စေဖို့ အတွက်ပါ၊ ရေပက်တာကိုလည်း နံနက် ၇ နာရီက ၁၀ နာရီထိ၊ ညနေပိုင်းမှာ ၃ နာရီကနေ ၆ နာရီထိ ရေပက်ချိန်တွေသတ်မှတ်ပေးထားပါတယ်၊ ချင်းတွင်းသင်္ကြန်ကို အခုလိုစည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့တယ်၊ လာရောက်ကြည့်ရှုကြတဲ့သူတွေကလည်း များတဲ့အတွက် စီစဉ်ပေးရတာကို ပျော်ပါတယ်၊ အစောပိုင်းမှာ လေ၊ မိုးအနည်းငယ်ကျခဲ့တော့ သဲပန်းပုတွေပျက်စီးမလားလို့ စိုးရိမ်ပါတယ်၊ ဒါပေမယ့် ပျက်စီးမှုမရှိဘဲ အဆင်ပြေတဲ့အတွက် တိုင်းဒေသကြီးအတွင်းကရော၊ တစ်နိုင်ငံလုံးကပါ သဲပန်းပုတွေကို ပထမဆုံးအကြိမ်ပြသခွင့်ရတဲ့အတွက် အားလုံးရဲ့ကိုယ်စားအတိုင်းမသိဝမ်းသာမိပါတယ်၊ ချင်းတွင်းသင်္ကြန်ကိုလာခဲ့ကြပါ အားလုံးကို မေ ၁၁ ရက်ကနေ ၁၇ ရက်အထိ စတုဒိသာတွေကျွေးပါတယ်၊ လိုလေသေးမရှိအောင်စီစဉ်ထားပါတယ်၊ ကျန်းမာရေး၊ လုံခြုံရေး အစစအရာရာ စီစဉ်ထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

"ပျော်စရာကောင်းပါတယ်၊ နေတော့ပူတယ်၊ မိသားစုလိုက်လာတာပါ။ကလေးတွေကတော့ရောက်တာနဲ့ ပျော်နေပါတယ်၊ သူတို့စီစဉ်ထားတာ စနစ်တကျရှိပါတယ်၊ ကားတို့ ဆိုင်ကယ်တို့အတွက် ထားစရာအခက်အခဲတော့ရှိတာပေါ့၊ သောင်ပြင်ပေါ်မှာ လမ်းလျှောက်သွားရတာ နေပူပေမယ့် လေတိုက်တော့နေလို့ကောင်းပါတယ်၊ လျှောက်လမ်းတွေမှာ ရေအမြဲဖျန်းပေးထားတော့ အေးနေပါတယ်၊ wet zone ဘက်မှာက ရေချိုးတဲ့နေရာမှာ လူတွေအများကြီးနဲ့ ပျော်စရာကြီးပဲ၊ နေပူနေပေမယ့် သင်္ကြန်ဆိုတော့ ဖျားမယ်မထင်ပါဘူး၊ ပျော်စရာအလွန် ကောင်းပါတယ်၊ မိသားစုလိုက်လာရောက်ကြပါလို့ ဖိတ် ခေါ်ချင်ပါတယ်" ဟု ချင်းတွင်းသင်္ကြန်သို့ မိသားစုလိုက် လာရောက်လည်ပတ်သူ မမြဥ္စူခိုင်က ပြောသည်။



ပထမအကြိမ်ကျင်းပသည့် ချင်းတွင်းသင်္ကြန်ပွဲတော်ကြီးကို ပြည်သူများအခမဲ့လာရောက်ကြည့်ရှုလည်ပတ်နိုင်ရန်အတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို မတ်လ ဒုတိယပတ်အတွင်းမှ စတင်လုပ်ဆောင်ခဲ့ပြီး ဇုန်လေးဇုန်တွင် ပြခန်းများ၊ ကစားကွင်းများ၊ သဲပန်းပုများ၊ ကလေးကစားကွင်းများကို ပြင်ဆင်ချိန် တစ်လနည်းပါး အချိန်ယူပြင်ဆင်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

---

# မိတ္ထီလာတွင် ပထမဆုံး ရေလွှာလျှောစီးနှင့်ရေကူးကန်ပါဝင်သည့် Water World အပန်းဖြေကစားကွင်းဖွင့်လှစ်

**မိတ္ထီလာ မေ ၁၁**
မိတ္ထီလာတွင် ပထမဆုံး ရေလွှာလျှောစီးနှင့် ရေကူးကန်ပါဝင်သည့် Water World အပန်းဖြေကစားကွင်းကို မေ ၁၁ ရက် နံနက် ၉ နာရီက ကံသာကျေးရွာအုပ်စု ကျွန်းဖိုပင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမဘေးတွင် စတင်ဖွင့်လှစ်ကြောင်းသိရသည်။

"ကိုယ့်မြို့ ကိုယ့်ရွာကလူတွေ ရန်ကုန်၊ မန္တလေး၊နေပြည်တော်လို မြို့ကြီးတွေအထိ ခရီးဝေးသွားစရာမလိုဘဲ ကိုယ့်ဒေသအတွင်းမှာ အပန်းဖြေ အနားယူလို့ရအောင်ရည်ရွယ်ပြီး အခုလို ရေလွှာလျှောစီးနဲ့ ရေကူးကန်ပါဝင်တဲ့ Water World အပန်းဖြေကစားကွင်းကို ဖွင့်လှစ်ဆောင်ရွက်တာပါ၊ သင်္ကြန်တွင်းလည်း အပန်းဖြေဥယျာဉ်ကို ဖွင့်လှစ်ပေးထားမှာပါ၊ နေ့စဉ် နံနက် ၉ နာရီကနေ ည ၇ နာရီအထိ ဖွင့်လှစ်မှာဖြစ်ပြီး ဝင်ကြေးအဖြစ် လူကြီးတစ်ဦး ကျပ် ၂၅၀၀၊ ကလေးတစ်ဦး ကျပ် ၂၀၀၀ ဖြစ်ပါတယ်" ဟု Water World အပန်းဖြေဥယျာဉ် တာဝန်ခံ ကိုဇင်မင်းသော်က ပြောသည်။

အဆိုပါ Water World အပန်းဖြေဥယျာဉ်ကို ကျွန်းဖိုပင်ကျေးရွာအနီး နှစ်ဧကခွဲကျော်ကျယ်ဝန်းသည့်မြေနေရာပေါ်တွင်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လူကြီးများအပန်းဖြေရန် ရေလွှာလျှောစီး၊ ရေကူးကန်၊ ကလေးများ အပန်းဖြေကစားရန် ရေလွှာလျှောစီး၊ ရေကူးကန်၊ ကလေးငယ်များအတွက် လှေလှော်ကန်၊ ပျော့ပျော့အိအိကစားကွင်း စုစုပေါင်း အမျိုးအစားလေးမျိုး အပန်းဖြေကစားနိုင်ရန် စီစဉ်ထားပြီး အခြားအပန်းဖြေနိုင်မည့် ကစားနည်းအချို့ကိုလည်း ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




---

# တာချီလိတ်မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပမည်

**တာချီလိတ် မေ ၁၁**
၁၃၇၉ခုနှစ် တာချီလိတ်မြို့ မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ တပ်နယ်၊ ရပ်ကွက်များနှင့် လူမှုရေးအသင်းအဖွဲ့များက မဏ္ဍပ်များဆောက်လုပ်ကာ ယိမ်းပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ်၁၀ ခုတည်ဆောက်နေပြီး ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်း အဖွဲ့ ၁၉ ဖွဲ့က ညစဉ်ယှဉ်ပြိုင်ကာ သင်္ကြန်နှင့်လိုက်ဖက်သည့် သင်္ကြန်အလှမယ်အား ပြိုင်ပွဲဝင်အသင်းများမှ ယှဉ်ပြိုင်သူတစ်ဦးကို ရွေးချယ်မည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့မှစတင်၍ ယိမ်းအဖွဲ့များ ညစဉ်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆုရယိမ်းအဖွဲ့အား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ်လေးသိန်း၊ တတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ်သုံးသိန်းနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ငွေကျပ်တစ်သိန်းစီကို သီးခြားချီးမြှင့်မည်ဖြစ်ကာ သင်္ကြန်မယ်ဆုရရှိသူအား ငွေကျပ် သုံးသိန်း ဆုချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ တာချီလိတ်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်မယ်ရွေးချယ်မှုမှာ လေးကြိမ်မြောက် ရွေးချယ် ခြင်းဖြစ်ပြီး ကပြမှု ကောင်းမွန်ခြင်း သင်္ကြန်နှင့်လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှု၊ ကိုယ်ခန္ဓာအချိုးကျမှု၊ မျက်နှာအမူအရာကောင်းမွန်မှု စသည့်အချက်များအပေါ် အခြေခံကာရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

---

❂ စာမျက်နှာ ၂၂ မှ
အတိတ်က အညစ်အကြေးဒုစရိုက်များကို သန့်ရှင်းဆေးကြောပေးရန် နှစ်သစ်ကို စတင်ရာတွင် အညစ်အကြေးဒုစရိုက်များနှင့် ကင်းလွတ်စေရန် ဤနေ့တွင် မြန်မာအမျိုးသမီးပျိုတို့သည် သင်္ကြန်ရေဖြင့် ပက်ဖျန်းသွန်းလောင်းလေ့ရှိသည်။ ထိုအခါ အမျိုးသားများကလည်း ပြန်လည်၍ ရေလောင်းခွင့်ရှိသည်။

ဤသို့ လွတ်လပ်စွာ အပြန်အလှန် ရေပက်ဖျန်းသွန်းလောင်းခွင့်ကို အကြောင်းပြုပြီး အပြစ်ကင်းအန္တရာယ်ကင်းသော ပျော်ရွှင်မှုတစ်ခုဖြစ်ပေါ်လာသည်။ အထူးသဖြင့် အမျိုးသမီးများသည် ရေအိုး၊ ရေမှုတ်၊ ရေဖလား၊ ရေခွက်များဖြင့် သန့်စင်သော သင်္ကြန်ရေကို ပက်ဖျန်းကြသည်။ အလားတူ အမျိုးသားများကလည်း ပြန်လည်တုံ့ပြန်၍ သင်္ကြန်ရေလောင်းသောအခါ အပြုံအပြင်ကင်းရှင်းစွာဖြင့် ပျော်ပျော်ပါးပါး ရေပက်ခံကြသည်။

ဤသင်္ကြန်ရေ အပြန်အလှန် သွန်းလောင်းသောပွဲကို မဖွယ်မရာကိစ္စ၊ ဟီရိဩတ္တပ္ပနှင့်မကင်းသော အပြုအမူ၊ အပြောအဆိုဟူ၍ စိုးစဉ်းမျှ မပါရှိ။ မတွေ့ရှိခဲ့ရပါ။

ညစ်ညမ်းသောရေဖြင့် လုံးဝမပက်ဖျန်းကြပါ။ အမျိုးသားများသည် အမျိုးသမီးများအား ဆွဲကိုင်၊ တွေ့ထိမှု လုံးဝမပြုလုပ်ရပါ။ သို့သော် အမျိုးသမီးများကစ၍ ရေပက်လျှင် အမျိုးသားကလည်း ပြန်၍ရေပက်ခြင်းကို စိတ်ကျေနပ်သည်အထိ ယဉ်ကျေးစွာ ပက်နိုင်သည်။ သို့သော် အမျိုးသမီးသည် ရေပက်ကစားခြင်းတွင် မပါဝင်လိုဟု အသိပေးထားပါက မည်သူကမျှ ရေမပက်ကြပါ။

နေမစောင်းမီ တစ်နာရီအလိုတွင် ကျွန်ုပ်တို့သည် မြို့ဝန်မင်းအိမ်တော်သို့ ရောက်သွားပါသည်။ မြို့ဝန်မင်းကတော်သည် ရေသဘင်ပွဲဆင်နွဲရန် ရောက်လာသူတို့အား အသင့်စောင့်ကြိုနေသည်။ ခန်းမကြီး၌ ရေအပြည့်ရှိသည့် ကြီးမားသော စဥ့်အိုးကြီးသုံးလုံးတည်ထားသည်။ ခပ်ပက်စရာ ရေမှုတ်၊ ရေဖလားကြီးများလည်းရှိသည်။ အိမ်တော်အတွင်းသို့ ရောက်လာသော ကျွန်ုပ်တို့အား နှင်းဆီရေမွှေးတစ်ပုလင်းကျစီ လက်ဆောင်ပေးပါသည်။ ထိုရေမွှေးပုလင်းများမှ အနည်းငယ်စီကို မြို့ဝန်မင်းလက်ဖဝါးအတွင်းသို့ ကျွန်ုပ်တို့က ကိုယ်စီသွန်းဖျန်းပေးကြပါသည်။

**မြို့ဝန်မင်း၏အကြီးဆုံးသမီးချော**

မြို့ဝန်မင်းဝတ်ထားသော ပိုးပုဆိုး၊ သိုးရင်းအင်္ကျီရှည်တို့အပေါ်သို့ ရေပက်ဖျန်းလိုက်ပါသည်။ တံခါးအဝင်တွင် မြို့ဝန်မင်းကတော်ရောက်လာပြီး သင်္ကြန်ရေပက်ပွဲတွင် ပါဝင်လိုကြောင်း ကျွန်ုပ်တို့ သဘောပေါက်နားလည်အောင် လက်ဟန်နှင့် ပြောပြသည်။ သူတို့၏အကြီးဆုံးသမီးချောလေးသည် ငွေဖလားတွင် နှင်းဆီရေမွှေးနံ့သာရည်တို့ ရောစပ်ထားသော သင်္ကြန်ရေကို ဖခင်ပေါ်သို့ သွန်းလောင်းလိုက်သည်။ နောက် ဧည့်သည်များအား တစ်ဦးစီ ပက်ဖျန်းပေးသည်။ သင်္ကြန်ရေပက်ပွဲကြီး စတင်သော လက္ခဏာဖြစ်သည်။

သင်္ကြန်ရေသဘင်တွင် ချည်ထည်နှင့်ချုပ်ထားသော အဝတ်အထည်များဝတ်ဆင်လာကြသည်။ ၁၀ ဦးမှ ၁၂ ဦးခန့်ရှိသော အမျိုးသမီးတို့မှာ ခန်းမကြီးထဲသို့ ရုတ်ခနဲ ဝင်လာကြပြီး ဝိုင်း၍ရေပက်ကြပါသည်။ ကျွန်ုပ်တို့မှာ အမျိုးသမီးအဖွဲ့၏ရေကို အငိုက်မိသွားပါသည်။ မြို့ဝန်မင်းသည် ကျွန်ုပ်တို့နှင့်အတူ နောက်ဆုတ်ပြီး ခံစစ်အနေအထားသို့ ရောက်ရှိနေပါသည်။ သို့သော် ကျွန်ုပ်တို့သည် ရေအပြည့်ရှိသော စဥ့်အိုးကြီးတစ်လုံးကို အပိုင်စီးမိသည်နှင့် ရေကုန်သည်အထိ နေရာမရွှေ့နောက်မဆုတ်ဘဲ တုံ့ပြန်ပက်လိုက်ကြသည်။

> **"သင်္ကြန်သုံးပါးတွင် သမန္တမဟာသင်္ကြန် ဖြစ်သောကြောင့် သင်္ကြန်ကျပြီးနောက် ၂၄ မိနစ် ရောက်သော အချိန်တွင် လူတိုင်း ဦးခေါင်းဆေး မင်္ဂလာပြုရ၏"**

သင်္ကြန်ရေစိုရွှဲ၍ ကျန်းမာရေးထိခိုက်မည်ကို မစိုးရိမ်ရပါ။ ရာသီဥတုက ရေစိုရွှဲခြင်းကို အထောက်အကူပြုနေပါသည်။ အအေးမိ၍ ဖျားနာမည့် အန္တရာယ်လည်း မရှိပါ။ အဝတ်ခြောက်များလဲဝတ်ပြီးနောက် မြို့တော်ဝန်မင်းအိမ်တော်သို့ ပြန်ရောက်သွားကြရာ မြန်မာ့ရုပ်သေးအကများဖြင့် ဖျော်ဖြေကြသည်မှာ ည ၁၁ နာရီအထိ ကြာပါသည်။

**နှစ်သစ်မင်္ဂလာအဖြာဖြာ**

နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းတွင် မြန်မာလူမျိုးတိုင်း မင်္ဂလာယူကြသည်။ မင်္ဂလာအခါဟူ၍ သတ်မှတ်သည်။ မင်္ဂလာရှိအောင်လည်း လုပ်ကြသည်။ နှစ်သစ်တွင် ဗုဒ္ဓဘာသာတရားတော်အရ ကုသိုလ်ရေးများကိုပါ ယှဉ်တွဲကာ သင်္ကြန်ပွဲဆင်နွဲသော အစဉ်အလာကောင်းတစ်ရပ်ကို ဖန်တီးခဲ့ကြ၏။ ပြည်သူ ပြည်သားတို့သည် သင်္ကြန်ပွဲတော်တွင် အခြားသောရာသီပွဲတော်များထက် ပျော်ပါးရွှင်မြူးကြသည်။ ထိုသို့ပျော်ရွှင်မြူးထူးကြသော်လည်း ကုသိုလ်ရေးကို မမေ့မလျော့ကြပါ။ ပျော်ပါးရင်း ကုသိုလ်ကောင်းမှု ပြုသည်။ ကုသိုလ်ကောင်းမှုပြုရင်း ပျော်ပါးလေ့ရှိကြသည်။

လူ့လောကကို အကျိုးပြုထိန်းသိမ်းစောင့်ရှောက်သော ယဉ်ကျေးမှုသည် နှစ်ပရိစ္ဆေဒ မည်မျှပင် ကြာညောင်းသော်လည်း လျစ်လျူရှုခြင်း၊ စွန့်ပယ်ခြင်းမပြုရပါ။ ယင်းကဲ့သို့ ကောင်းမြတ်သည့်ယဉ်ကျေးမှုကို အစွန့်ရှည်တည်တံ့နေစေရန် ကြိုးစားအားထုတ်ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်တွင် ဒါနပြုခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ကြခြင်း စသည်တို့ မင်္ဂလာအဖြာဖြာကြောင့် မြန်မာများ၏ နှစ်ကူးအတာရေသဘင်ခေါ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် မြတ်နိုးဖွယ်ရာ၊ ချစ်ခင်ဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာကောင်းနေပါတော့၏။ ။

ကြေးမုံ



# ရခိုင်ပြည်နယ်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူအပ်ပါသည်။

**ဆောင်ရွက်လိုသည့်လုပ်ငန်း**

- စစ်တွေမြို့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ အိမ်ရာဝင်းအတွင်းရှိ ကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၀-၄-၂၀၁၈
၃။ တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် - ၂၁-၅-၂၀၁၈
၄။ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် ရက်၊ အချိန်နှင့် နေရာ - ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) (၁၆း၃၀) နာရီ ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
၅။ တင်ဒါရွေးချယ်စိစစ်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
၆။ တင်ဒါလျှောက်လွှာများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ပြည်ထောင်စုလမ်း၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့တွင် (၂၀-၄-၂၀၁၈) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၇။ အသေးစိတ်သိလိုပါ က ဖုန်း ၀၄၃-၂၂၇၅၂၊ ၀၄၃-၂၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

---

ကော့ရိုနိုင် ... မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ထားဝယ် ရှင်ကိုးရှင်
09 421089338, 09 420125216

ယမင်းသူ
09 5174914, 09 5136421

## ရောင်းမည်
## (၀၉-၇၃၂၂၀၆၃၅)

မ/ဒဂုံ၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရကျောကပ်လမ်း (ပျဉ်းမမြိုင်လမ်း)၊ ပေ(၄၀×၆၀) ဂရန်မြေကွက်(ခြံခတ်၊ မီတာ) မန္တလေး-လားရှိုးလမ်းမအနီး၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်၊ ပေ(၄၀×၆၀) ဂရန်မြေကွက်၊ (အိမ်၊ ရေတွင်း၊ မီတာ)

---

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တံခါး ... ရောင်းချလျက်ရှိပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါက်မြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းစခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ... ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ ...
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - ...
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - ...
Ph: 09-5076661, 09-5076662, 09-5076663




## ဒေါ်ခင်သန်း [၁၂/မဂတ(နိုင်)၀၅၄၂၉၇]နှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် (11)N၊ မြေကွက်အမှတ်(V-128, V-129) ဧရိယာပေ(၅၀×၅၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ (၉၉)လမ်း၊ အမှတ်(၁၇/၁၉)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် အဆောက်အဦ ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ တိုက်သစ်ဆောက်လုပ်ခဲ့ရာ (၆)ထပ်တိုက်အမိုးမိုး၍ ၉၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ခင်သန်းမှ အလှသစ်ဆောက်လုပ်ရေးကန်ထရိုက်တာ ဦးအေးချိုအား ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပါဟုဆိုခြင်းမှာလည်း မှန်ကန်မှုမရှိပါ။ ကန်ထရိုက်တာများဘက်မှ စာချုပ်များပါသည့် စည်းကမ်းချက်များကို ချိုးဖောက်ပျက်ကွက်နေသည်ဆိုခြင်းကိုလည်း ငြင်းဆိုပါသည်။ ဒေါ်ခင်သန်း လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကိုလည်း တစ်ဖက်သတ် ပြန်လည်ရုပ်သိမ်း၍ မရနိုင်ပါ။ အဆိုပါ အဆောက်အဦမှာ ကန်ထရိုက်တာများနှင့် ပတ်သက်မှုမရှိတော့ပါဟု တစ်ဖက်သတ်ကြေညာခြင်းကိုလည်းလက်ခံခြင်းမပြု သဘောမတူပါကြောင်း၊ (၁၇-၃-၂၀၁၂)ရက်စွဲပါ စာချုပ်နှင့် ၂၀၁၄ခုနှစ်၊ မတ်လတွင်ချုပ်ဆိုခဲ့သောစာချုပ်များသည် ယနေ့တိုင် အတည်ဖြစ်လျက်ရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးမောင်ကြီး (စဉ်-၇၂၀၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးထွန်းထွန်းသာ (စဉ်-၉၉၀၅)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၃၁၂၄၀၇၄**

# မီးဘေးရှောင် မလောင်ခင်တား

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၈) မြေညီ/ခေါင်းရင်း၊ ပထမလွှာ(ခေါင်းရင်း)၊ ဒုတိယလွှာ(ခေါင်းရင်း) တိုက်ခန်းများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းများသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်စိုး [၁၂/စခန(နိုင်)၀၄၇၆၉၇] လက်ဝယ်တရားဝင်ပိုင်ဆိုင်ထားသော တိုက်ခန်းများဖြစ်ပါသည်။ သို့ဖြစ်၍ မည်သူမဆို အဆိုပါတိုက်ခန်းများကို ဒေါ်ခင်ခင်စိုး၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ပြုလုပ်ခဲ့ပါက ဒေါ်ခင်ခင်စိုးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပြုလုပ်သူများကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးညွန့်ဝေ (စဉ်-၉၅၇၃)**
**B.Sc, M.Sc (Q), H.G.P**
**အထက်တန်းရှေ့နေ**

**ဒေါ်မိုးစန္ဒာဝင်း (စဉ်-၁၁၇၇၂)**
**LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉ ၇၆၉၀၇၂၅၀၈**
**အမှတ်(၂၁)၊ မြေညီ/ခေါင်းရင်း၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်။**

---

[illegible]

| စဉ် | အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

| စဉ် | အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

## ပြင်ဆင်ဖတ်ရှုပါရန်

[illegible]


GTP
# GEO-TECH PILE CO., LTD

မြန်မာ့ရိုးရာ ဓလေ့ထုံးစံ နှစ်သစ်ကူးကာလ အခါသမယမှ အစပြု၍
မြန်မာပြည်သူ ပြည်သားများအားလုံး အခက်အခဲ ပြဿနာများကို အောင်မြင်စွာကျော်လွှားနိုင်ပြီး
လုပ်ငန်းများ ကြီးပွားတိုးတက်အောင်မြင်၍ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းမြေ့ပါစေကြောင်းနှင့် နှစ်သစ်ကာလတစ်လျှောက်လုံး
စီးပွားလာဘ်လာဘများ ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း
GTP မိသားစုမှ နှစ်သစ် မင်္ဂလာဆုမွန်ကောင်း တောင်းအပ်ပါသည် . . . .

No.(52/60), Bo Aung Kyaw Street, (Lower Block), Botahtaung Township, Yangon, Myanmar.
Tel : +951-01-380309, 01- 253313, 09- 977122444, 09- 43141965
Email : customerservice@geotechpile.com Website: www.geotechpile.com

မြန်မာနိုင်ငံတွင် တစ်နေ့တခြား အဖြစ်များလာသော ဆီးကျောက်တည်ရောဂါကို နည်းမှန်လမ်းမှန်ဖြင့် ကာကွယ်၊ ကုသနိုင်ရန်အတွက် ဆီးကျောက်တည် ရောဂါဝေဒနာရှင်များ မဖြစ်မနေဖတ်ရှုသင့်သည့်စာအုပ်...


## ဆီးကျောက်တည်ရောဂါ
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)




Ph: 09 965 559 860, 01 368 2199, 368 5083, 368 5609

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
Auto Land Car Service Center တွင် တာဝန်ထမ်းဆောင်ရန် မိသားစု ဝန်ထမ်းများ အလိုရှိသည်။
(1) Sale and Marketing အသက်(၂၅)မှ(၃၀)အတွင်း၊ ကျား/မ
ဆက်သွယ်ရန် - ဖုန်း-09-972334407, 09-425050637
(မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်း)

HAPPY WORLD
Amusement Zone



၁၇.၄.၂၀၁၈ မှာ
FREE SHOW Magic Show, Dancer Show




# Open for business

Myanmar Business Directory
၂၀၁၈ စာအုပ်အသစ် ထွက်ပြီ
POWERED BY MMRD


Bras, Panties & Underwears
“Sweety ဇာဘော်လီ ၊ ဘရာစီယာ နှင့် အတွင်းခံအမျိုးမျိုးမှ
မြန်မာသက္ကရာဇ် ၁၃၈၀ခု နှစ်သစ်မင်္ဂလာဆုတောင်း ”
Sweety ထုတ်ကုန်များကို အစဉ်တစိုက် နှစ်သက်စွာဝယ်ယူဝတ်ဆင်
အားပေးခဲ့ကြသော Sweety ချစ်သူမိတ်ပြည်သူများနှင့်
Sweety ဇာဘော်လီ ကို ချစ်ခင်ယုံကြည်စွာရောင်းချပေးလျက်ရှိသော
ရပ်နီး ၊ ရပ်ဝေး မှ မိတ်ဟောင်း/မိတ်သစ် ဖောက်သည်ကြီးများအားလုံး
မြန်မာသက္ကရာဇ် ၁၃၈၀ခုနှစ် မင်္ဂလာရှိသော မြန်မာ့နှစ်သစ်ကူးသင်္ကြန်အခါသမယ
မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ၊ ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့်
ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ
ဆပွားတိုးတက် အောင်မြင်ကြပါစေကြောင်း Sweety မိသားစုမှ
လှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။
Hot Line : 09 50 888 90 / 09 512 2 512
09 205 9696
Customer Service : 09 777 888 914-917

# မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက လက်ခံစိစစ်ရေးနှင့် နေရာချထားရေး အသင့်ရှိကြောင်း ကော့ခ်ဘဇားမြို့ UKhia စခန်းရှိ နေရပ်စွန့်ခွာသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား


ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားမြို့ UKhia စခန်းရှိ စုဝေးခန်းမ၌ နေရပ်စွန့်ခွာသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တွေ့ဆုံပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားခရိုင် UKhia ခရိုင်ခွဲရှိ ပြောင်းရွှေ့နေထိုင်သူများ၏ စခန်းသို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး အပါအဝင် စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် UKhia စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက စခန်းအတွင်း နေရာချထားပေးမှု၊ စားနပ်ရိက္ခာ ထောက်ပံ့ပေးနေမှုနှင့် ကျန်းမာရေး စောင့်ရှောက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**



# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ဝတ်စုံပြည့် အစမ်းလေ့ကျင့်


**မန္တလေး ဧပြီ ၁၁**

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းကို ဧပြီ ၁၁ ရက် နံနက် ၇ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးရုံးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစမ်းလေ့ကျင့်မှုကို သင်္ကြန်အကြိုနေ့တွင် ကျင်းပမည့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သည့် အစီအစဉ်အတိုင်း လေ့ကျင့်ခဲ့ကြခြင်းဖြစ်ပြီး သက်ဆိုင်ရာ သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

## မြန်မာ့ဟန်နှင့်ဆင်ကာနွှဲ မြန်မာ့ရိုးရာတာသင်္ကြန်ပွဲ



စာမျက်နှာ - ၁၅


၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်ဗဟိုသင်္ကြန်မဏ္ဍပ်တည်ဆောက်ပြီးစီးမှုကို ဧပြီ ၁၁ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)




ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၂၊ ၂၀၁၈ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# တိုင်းရင်းသားများ ရပိုင်ခွင့်နှင့် အခွင့်အရေးများ တန်းတူရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

**■ အမေး၊ အရေး- မော်စီ၊ ဓာတ်ပုံ- ထိန်နန်နော်**

**တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့အပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ကိစ္စရပ်များကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ယခုအစိုးရလက်ထက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဒုတိယ (၁)နှစ်တာကာလအတွင်း တိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရန် ဆောင်ရွက်ခဲ့မှုများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည်-**

**နိုင်သက်လွင်(ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

**မေး။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်ကို ပထမဦးဆုံး ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ အတိတ်သမိုင်းကြောင်း အခြေအနေအဖြစ်တွေကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအကြား သံသယတွေ ဖြစ်ပွားခဲ့ကြတယ်။ အခွင့်အရေးတွေ တန်းတူမရရှိဘူးလို့ထင်မြင်ပြီး ပဋိပက္ခတွေ ဖြစ်ပွားခဲ့ကြရပါတယ်။ ဒါကြောင့် အခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးတွေ တန်းတူညီမျှရရှိဖို့အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေအရ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနကို ယခုအစိုးရလက်ထက်မှာ စတင်ဖွဲ့စည်းခဲ့လို့ ဝန်ကြီးဌာနရဲ့ သက်တမ်းဟာလည်း အခုဆိုရင် နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပါတယ်။

**မေး။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်(Vision) နဲ့ ဆောင်ရွက်ခဲ့မှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ကတော့ တိုင်းရင်းသားတွေရဲ့ စာပေနှင့် ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်မယ်။ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်မယ်။ ဒီလို ဆောင်ရွက်ခြင်းဟာ တိုင်းရင်းသားတွေ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာပြီး တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ဖို့ဖြစ်ပါတယ်။ အခွင့်အရေးဆိုတာကလည်း ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်ပဲဖြစ်ပါတယ်။ အခွင့်အရေးကို ရယူမယ်ဆိုရင် တာဝန်လည်း တွဲပါလာမယ်ဆိုတာကို သိရှိဖို့လည်း လိုမှာဖြစ်ပါတယ် ။ အခွင့်အရေးနဲ့ တာဝန်ကို ဒွန်တွဲပြီး တူညီတဲ့တန်ဖိုးထားမှု မိမိတို့ရဲ့ လူ့အသိုက်အဝန်းဟာ တိုးတက်နိုင်မှာဖြစ်ပါတယ်။

**မေး။ ဝန်ကြီးဌာနရဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ပြဋ္ဌာန်းဥပဒေမှာပါရှိတဲ့ တိုင်းရင်းသားတွေရဲ့ နေ့ထူးနေ့မြတ် အထိမ်းအမှတ်အခမ်းအနားတွေကို ဥပဒေနဲ့အညီ ကျင်းပနိုင်ဖို့ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားတွေရဲ့ အခမ်းအနားတွေအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတွေကလည်း ထောက်ပံ့မှုတွေ ပေးလျက်ရှိပါတယ်။

မေး။ တိုင်းရင်းသားတွေရဲ့ ပညာရေးကဏ္ဍ တိုးတက်ရေး ဆောင်ရွက်မှုတွေကို သိပါရစေ။

ဖြေ။ ယခင်က တိုင်းရင်းသားတွေဟာ ဝေးလံခေါင်းပါးတဲ့ဒေသတွေမှာ နေထိုင်ကြတာမို့ ပညာသင်ကြားဖို့ အခွင့်အလမ်းနည်းပါးခဲ့တဲ့အတွက် ပညာရေးမှာချို့တဲ့ခဲ့ပြီး လူတစ်စု၊ တစ်ဖွဲ့ရဲ့ အသုံးချမှုတွေကို ခံခဲ့ကြရပါတယ်။ အခုအချိန်မှာ ပညာသင်ဖို့ အခွင့်အလမ်းတွေ ပိုမိုရရှိလာပြီဖြစ်ပါတယ်။ မိမိတို့ တိုင်းရင်းသားဘာသာစကားတွေကို ပညာရေးမူဝါဒနဲ့အညီ သင်ကြားနိုင်ပြီဖြစ်ပါတယ်။ တိုင်းရင်းသားတွေကလည်း မိမိဘာသာစကားအပြင် ပြည်ထောင်စုမှာ ဝင်ဆံ့နိုင်ဖို့ ပြည်ထောင်စုသုံးဘာသာစကား၊ နိုင်ငံတကာမှာ ဝင်ဆံ့နိုင်ဖို့ နိုင်ငံတကာသုံးဘာသာစကားတွေကိုလည်း တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုတတ်မြောက်ဖို့အတွက် အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားကလေးငယ်တွေ သင်ကြားသင်ယူမှု အဆင်ပြေချောမွေ့စေဖို့နဲ့ သင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုမြင့်မားလာစေဖို့အတွက် သင်ကြားမှုဘာသာရပ်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ လိုအပ်တာတွေ ကူညီရှင်းလင်းသင်ကြားပေးဖို့ နေ့စား လပေး (Teaching Assistant- TA) တွေ ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့အတွက် တိုင်းရင်းသားလူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ နောင်မှာလည်း လိုအပ်တဲ့နေရာတွေမှာ ဆက်လက်ခန့်ထားနိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ထပ်ပြီးညှိနှိုင်းဆောင်ရွက်သွားမှာပါ။

**မေး။ အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး တိုင်းရင်းသားတွေအတွက် ဆောင်ရွက်ခဲ့မှုတွေကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးတဲ့စီမံချက်တွေ၊ ကြက်ငှက်တုပ်ကွေး အသိပညာပေးမှုတွေစတဲ့ ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေကို တိုင်းရင်းသားဘာသာစကားနဲ့ ဘာသာပြန်ဆိုပေးခဲ့ပြီး တိုင်းရင်းသားဒေသတွေမှာ ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်စာအုပ်ကို တိုင်းရင်းသားဘာသာစကားတွေနဲ့ ဘာသာပြန်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ပါတယ်။

ဒ့ါအပြင် တိုင်းရင်းသားကျေးရွာတွေက လျှပ်စစ်မီးရရှိနိုင်ရေး တင်ပြလာမှုတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းခဲ့လို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနက အမျိုးသားလျှပ်စစ်စီမံကိန်းနဲ့ ၁၀ မိုင်ကျော် ကွာဝေးတဲ့ရွာတွေကို ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»





ပူတာအို လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နှစ်(၆၀)ပြည့် လီဆူရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

**မေး။ ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရုံးအဆောက်အအုံအသစ်တွေ တည်ဆောက်နေတာနဲ့ ပတ်သက်ပြီး ရှင်းပြစေလိုပါတယ်။**

ဖြေ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေနဲ့ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ပေ ၈၀ × ၆၀ အရွယ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံတွေ ဆောက်လုပ်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံပြီး ဆောင်ရွက်ခဲ့ပါတယ်။ မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဆောက်လုပ်တဲ့ အဆောက်အအုံသစ်ကို (၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရုံးအဆောက်အအုံသစ်တွေကိုလည်း မကြာမီဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

**မေး။ တိုင်းရင်းသားတွေနဲ့ ပတ်သက်လို့ အခြားဆောင်ရွက်ပေးခဲ့တာတွေရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ တိုင်းရင်းသားတွေရဲ့ လူမှုဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးရေးနဲ့ ငြိမ်းချမ်းရေးဟာ ဒွန်တွဲနေပါတယ်။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတုန်းက နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဖိုရမ်မှာ တိုင်းရင်းသားလူမျိုးတွေရဲ့ စီးပွားရေးဆိုင်ရာကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍနဲ့ တိုင်းရင်းသားသယံဇာတတွေမှ ရရှိတဲ့ အကျိုးအမြတ်တွေ ခွဲဝေအသုံးချမှုကဏ္ဍ



တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဖြစ်ကြတဲ့ တိုင်းရင်းသားတွေဟာ မိမိလူမျိုးတွေကို တန်ဖိုးထား ချစ်ခင်မြတ်နိုးကြသလို အခြားသော တိုင်းရင်းသား ညီအစ်ကိုတွေကိုလည်း မိမိတို့၏ ဆွေမျိုးရင်းချာအဖြစ် သဘောထားကာ အပြန်အလှန်လေးစားပြီး ညီညွတ်မျှတစွာ အတူယှဉ်တွဲ နေထိုင်သွားမယ်ဆိုရင် မိမိတို့လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

ဒီနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ တွေကိုယ်တိုင် ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးတွေမှာ လာရောက်လျှောက်ထားနိုင်ပါတယ်။ လျှောက်ထားချက်အပေါ် စိစစ်၍ မှန်ကန်ပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်နဲ့ ပြင်ဆင်ပေးနေတယ်လို့ သိရပါတယ်။

ဒါ့အပြင် အချို့တိုင်းရင်းသားလူမျိုးတွေက ၎င်းတို့၏ အမည်တွေကို သက်ဆိုင်ရာ နောက်ကျမှုတွေရှိနေကြောင်း သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများ၏ တင်ပြလာမှုတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ညှိနှိုင်းပြီး အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း(NEP) ဓာတ်အားလိုင်းနဲ့ ၁၀ မိုင်ကျော် ကွာဝေးတဲ့ ကျေးရွာတွေမှာ နေရောင်ခြည်သုံးဓာတ်အားစနစ် (Solar System) ရရှိနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာ ၄၃ ရွာမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့တွေမှာ ရုံးတွေကို ဖွင့်လှစ်ခဲ့ပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွေအတွက် ပေ ၈၀×၆၀ အရွယ် နှစ်ထပ် သံကူကွန်ကရစ် ရုံးအဆောက်



ဦးမင်းအေးကို



ဦးဝင်းနိုင်



ဒေါက်တာအယ်လ်တူးမိန်းဂေါင်



ဆလိုင်းဟာကီး



ဆိုင်းထွန်းမင်းလတ်

တို့ကို ဆွေးနွေးနိုင်ခဲ့ပြီး ရလဒ် ၂၈ ချက်ကိုလည်း ထုတ်ဖော်နိုင်ခဲ့ပါတယ်။ အဲဒီရလဒ်တွေအရ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ် ငန်းရှင်များအသင်းချုပ်ရုံး(UMFCCI)မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**မေး။ တိုင်းရင်းသား အခွင့်အရေးတွေနဲ့ ပတ်သက်လို့ တိုင်းရင်းသားတွေအကြား အပြန်အလှန် ဘယ်လိုပြုမူဆောင်ရွက်သွားသင့်တယ်ဆိုတာကို သုံးသပ်ပြောကြားပေးပါ။**

ဖြေ။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးတွေဟာ တောင်တန်း၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းစတဲ့ သဘာဝပထဝီအနေအထား ကွဲပြားတဲ့ ဒေသအသီးသီးမှာ နေထိုင်ကြပါတယ်။ ပထဝီအနေအထားကွဲပြားမှုကြောင့် တိုင်းရင်းသားလူမျိုးတွေရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှုတွေ ကွဲပြားနေကြသော်လည်း တိုင်းရင်းသားတွေအားလုံးဟာ လူသားများဖြစ်ကြပါတယ်။ ဒါကြောင့် လူသားအချင်းချင်း ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတွေနဲ့လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်မှု အောင်မြင်စေဖို့အတွက် ပြည်ထောင်စုတိုင်းရင်းသားတွေအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးမင်းအေးကို(ဒုတိယအမြဲတမ်းအတွင်းဝန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**

**မေး။ တိုင်းရင်းသားအရေး ဆောင်ရွက်ချက်တွေနဲ့ပတ်သက်လို့ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့မှုတွေရှိပါသလား။ ရှိတယ်ဆိုရင် သိပါရစေ။**

ဖြေ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ညှိနှိုင်းမှုအရ တိုင်းရင်းသားလူမျိုးတွေရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမှာ အကြောင်းကြောင်းကြောင့် လူမျိုးအမည်မှားယွင်းမှုရှိပါက လူမျိုးအမည်အမှန် ပြင်ဆင်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နဲ့အညီ ကာယကံရှင် တိုင်းရင်းသားလူမျိုးရဲ့ ဘာသာစကားအရ အမည်မှာပါရှိတဲ့ ရှေ့ဆောင်စကားလုံးတွေ (ဥပမာ စော၊ စိုင်း၊ မင်း၊ နော်၊ နန်း၊ မိ) စတာတွေကို ရေးသွင်းလျှောက်ထားပါကလည်း ၎င်းတို့ ဖော်ပြလျှောက်ထားချက်အတိုင်း ကိုယ်ရေးမှတ်တမ်းတွေမှာ ရေးသွင်းဖော်ပြပေးလျက်ရှိပါတယ်။ နိုင်ငံသားကိုယ်ရေးမှတ်တမ်းနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားတွေမှာ သက်ဆိုင်ရာမှတ်ပုံတင်သူ၏ လိင်ကွဲပြားမှုကို သိရှိနိုင်ရန် ကာယကံရှင်မှ တင်ပြလျှောက်ထားချက်အတိုင်း (ဥပမာ-စောလှမောင်၊ စိုင်းလှမောင်၊ ဆလိုင်းလှမောင်၊ မင်းလှမောင်၊ နော်လှလှရီ၊ နန်းလှလှရီ၊ မိလှလှရီ ) စသည်ဖြင့် ရေးသွင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားရရှိဖို့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လို စီစဉ်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ တိုင်းရင်းသားဒေသအချို့မှာ လျှပ်စစ်ဓာတ်အားမရရှိတဲ့အတွက် လူမှုစီးပွားရေးဘဝ နေရောင်ခြည်သုံးဓာတ်အားစနစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးမယ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်ကြားထားပါတယ်။

**မေး။ ဝန်ကြီးဌာနရဲ့ ဖွဲ့စည်းမှုနဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဖြေ။ ဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနဲ့ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန နှစ်ခုရှိပါတယ်။ ဝန်ထမ်းခန့်ထားမှုအနေနဲ့ အရာထမ်း ၆၂ ဦး၊ အမှုထမ်း ၂၅၂ ဦး စုစုပေါင်း ၃၁၄ ဦးခန့်ထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနနှစ်ခု၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးတွေကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ ရုံးတွေကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ အအုံ ဆောက်လုပ်ဖို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကယား၊ ကရင်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ရုံးအဆောက်အအုံအသစ်တွေ တည်ဆောက်ရေးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ ရုံးအဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းကို လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်ခဲ့ပါတယ်။

**ဦးဝင်းနိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန)**

**မေး။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနရဲ့ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နဲ့ နှစ်နှစ်တာကာလအတွင်း လုပ်ဆောင်ချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ တိုင်းရင်းသားတွေရဲ့ စာပေနဲ့ယဉ်ကျေးမှုတွေကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားလူမျိုးတွေရဲ့ လူမှုဘဝ မြင့်မား

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

တိုးတက်စေဖို့ မျှော်မှန်းပါတယ်။ ရည်ရွယ်ချက်တွေကတော့ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရေး၊ တိုင်းရင်းသားလူမျိုးတွေရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနဲ့ သမိုင်းအမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားမှုနဲ့ ရိုင်းပင်းကူညီမှုတို့ တိုးတက်ဖြစ်ထွန်းစေရေး၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစတာတွေ ပါဝင်တဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

အစိုးရသက်တမ်း နှစ်နှစ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုတွေနဲ့ သက်ဆိုင်တဲ့ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ်၊ ဓလေ့ထုံးတမ်းတွေနဲ့စပ်လျဉ်းပြီး သမိုင်းကြောင်းဆိုင်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုအစရှိတဲ့ စာအုပ်စာတမ်းတွေ၊ ဗီဒီယိုမှတ်တမ်းတွေ၊ တေးသီချင်းတွေ၊ သတင်းမှတ်တမ်းနဲ့ ဆောင်းပါးတွေကို စုစည်းပြီး ဌာနတွင်းစာကြည့်တိုက်အဖြစ် ထားရှိခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာဓလေ့ပုံပြင်စာအုပ် "မြန်မာစကားမှသည် တိုင်းရင်းသားဘာသာစကားသို့"ခေါင်းစဉ်ဖြင့် တိုင်းရင်းသားလူမျိုး ရှစ်မျိုး စကားပြောစာအုပ်တွေကို ဌာနအတွင်း ထုတ်ဝေခဲ့ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနရုံးတွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မွန်ပြည်နယ်၌လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှာ ဖွင့်လှစ်ပြီး ရုံးချုပ်မှ အရာထမ်း၊ အမှုထမ်းတွေကို ယာယီပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်း၊ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားဘာသာစကား ၄၄ မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ဝေပြီးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်တွေ၊ UNICEF က ထုတ်ဝေတဲ့ နှိုးဆော်ပညာပေး ပိုစတာတွေကို တိုင်းရင်းသားဘာသာနဲ့ ပြန်ဆိုခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တွေ ပူးပေါင်းပြီး တိုင်းရင်းသားဘာသာစကား ၅၀ ခန့်ဖြင့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်တွေကို ဘာသာပြန်ဆိုပြီး ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။



(၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။

တိုင်းရင်းသားလူမျိုးတွေကြားထဲမှာ ဖြစ်ပွားနေတဲ့ အငြင်းပွားမှုတွေ ပတ်သက်ပြီးတော့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အငြင်းပွားမှု ဖြေရှင်းရေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်

အဓိကလူမျိုး ရှစ်မျိုး၊ အခြားမျိုးနွယ်စု ၃၂ စုနဲ့ ပတ်သက်တဲ့ နောက်ခံသမိုင်း၊ တည်နေရာ၊ ထင်ရှားတဲ့နေရာတွေ၊ ရိုးရာပွဲတော်တွေ၊ အကတွေ၊ သဘာဝသယံဇာတ တွင်းထွက်တွေ၊ ရိုးရာအစားသောက်တွေ အစရှိတဲ့ အချက်အလက်တွေပါဝင်တဲ့ လက်ကမ်းစာစောင်တွေကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ လူမျိုးနွယ်စုတွေရဲ့ အကြောင်းကို ထုတ်ဝေနိုင်ဖို့ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအဓိကလူမျိုး ရှစ်မျိုးရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေ၊ အသုံးအဆောင်တွေနဲ့ ရိုးရာတူရိယာပစ္စည်းတွေကို လူရုပ်တုတွေနဲ့လည်းကောင်း၊ လူမျိုးစုတွေရဲ့ ဒေသဆိုင်ရာ ရှုခင်းနဲ့ နောက်ခံပန်းချီကားတွေကို လည်းကောင်း ဝန်ကြီးဌာနပြခန်းမှာ ခင်းကျင်းပြသထားပြီး ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဧည့်ကြိုဆောင်လှေကားနံရံနဲ့ အစည်းအဝေးခန်းမအဝင်မှာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနဲ့ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တိုင်းရင်းသားဝန်ထမ်းတွေရဲ့ ရိုးရာဝတ်စုံတွေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးတွေရဲ့ အထင်ကရ ဒေသရှုခင်းနောက်ခံများဖြင့် "သွေးချင်းတို့ တည်ရာမြေ" ဓာတ်ပုံများ တပ်ဆင်ခြင်းဆောင်ရွက်ခဲ့ပါတယ်။

ဒေသခံတိုင်းရင်းသား စာပေဘာသာစကား သင်ကြားနေတဲ့ ပြင်ပပုဂ္ဂိုလ် ဆရာဆရာမများ Teaching Assistant ခန့်အပ်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမ ၅၁၆၁ ဦးကို နေ့စားလပေး ဆရာ ဆရာမတွေအဖြစ် ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှိ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းတွေက ပြည်ထဲရေးဌာနသို့ စာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့အစည်းများ ဖွဲ့စည်းရန်အတွက် လျှောက်ထားရာမှာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနသို့ ထောက်ခံချက်များတောင်းခံခဲ့ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများထံ အသိပေးထောက်ခံချက်တွေ တောင်းခံပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အခြေခံပညာသင်ကျောင်းများမှာ တိုင်းရင်းသား စာပေသင်ကြားရေးသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

**ဒေါက်တာအယ်လ်တူးမိန်းဂေါင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းသားအခွင့်အရေးများ**
**ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန)**

**မေး။ ဦးစီးဌာနရဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ဦးစီးဌာနရဲ့ ရည်မှန်းချက်က ဘာလဲဆိုတော့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေနဲ့ ရပိုင်ခွင့်တွေကို အပြည့်အဝရရှိဖို့ ဆောင်ရွက်မှာပါ။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အများပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ မဆန့်ကျင်ပဲ ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တိုင်းရင်းသားလူမျိုးတွေကြားထဲမှာ ဖြစ်ပွားနေတဲ့ အငြင်းပွားမှုတွေနဲ့ပတ်သက်ပြီးတော့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အငြင်းပွားမှု ဖြေရှင်းရေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

**မေး။ နှစ်နှစ်တာကာလအတွင်း ဦးစီးဌာနအနေနဲ့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် ဘာတွေ လုပ်ဆောင်ခဲ့လဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ လက်ရှိမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးတွေ ဖွင့်ထားခဲ့ပါပြီ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထဲမှာ ရုံးငါးရုံး အဆောက်အအုံကို အပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဝန်ထမ်းတွေလည်း စေလွှတ်တာဝန်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဝန်ထမ်းတွေအနေနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ထိတွေ့မှုတွေ စတင်ပြုလုပ်နေပါပြီ။ တစ်ဆက်ထဲမှာပဲ တိုင်းရင်းသားတွေရဲ့ အဖွဲ့အစည်းအသစ်တွေနဲ့ လက်တွဲဆောင်ရွက်နိုင်ဖို့ဆိုတဲ့ လုပ်ငန်းစဉ်အောက်မှာ စနစ်တကျစီစဉ်ဆောင်ရွက်ပေးနိုင်ဖို့ လုပ်နေပါတယ်။

တိုင်းရင်းသားတွေရဲ့ လိုအပ်ချက်တွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ တိုင်းရင်းသားအခွင့်အရေးနဲ့ ပတ်သက်တဲ့ နည်းဥပဒေ မကြာခင် ရေးဆွဲပြဋ္ဌာန်းပြီး ပေါ်ထွက်လာတဲ့အခါ နည်းဥပဒေကို ကျောထောက်နောက်ခံပြုပြီး တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ်။ တိုင်းရင်းသားအကျိုးတွေကို ပိုမိုဆောင်ရွက်နိုင်မယ်။ တိုင်းရင်းသားအချင်းချင်း အငြင်းပွားတဲ့ကိစ္စတွေမှာလည်း ပါဝင်ဆောင်ရွက်သွားနိုင်မယ့် အနေအထား ဖြစ်ပေါ်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

တိုင်းရင်းသားတွေရဲ့ အခွင့်အရေးဆိုတာ အဓိကအားဖြင့်တော့ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဥပဒေ အခန်း (၃)၊ ပုဒ်မ(၄)မှာ အချက် ၁၀ ချက်



တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးပွဲ ကျင်းပစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ဂ ] မှ

ပြဋ္ဌာန်းထားတာရှိပါတယ်။ အဓိကကတော့ တိုင်းရင်းသားတွေရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့ဆိုတဲ့အပိုင်း၊ နိုင်ငံတော်ပညာရေးမူဝါဒတွေကို မထိခိုက်ဘဲ သူတို့ရဲ့စာပေတွေကို သင်ကြားသင်ယူနိုင်ဖို့ဆိုတဲ့အပိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါဝင်ခွင့်ပြုဖို့ဆိုတဲ့ရည်ရွယ်ချက်တွေ၊ တိုင်းရင်းသားတွေရဲ့ သမိုင်းဖြစ်စဉ်တွေကို ထုတ်ဖော်ခွင့်နဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းခွင့်ဆိုတာတွေ ပါဝင်ပါတယ်။ အားလုံးပေါင်း ၁၀ ချက်ပါပါတယ်။ ဒ့ါအပြင် သယံဇာတတူးဖော်တဲ့ကိစ္စမျိုးတွေ၊ စီမံကိန်းကြီးတွေ ပြုလုပ်တဲ့အခါ တိုင်းရင်းသားတွေရဲ့ သဘောတူညီမှုရယူပြီး ဆောင်ရွက်ရမယ်ဆိုတဲ့ အပိုင်းတွေလည်း ပါပါတယ်။

ဒါတွေက တိုင်းရင်းသားအားလုံးရဲ့ အခွင့်အရေးပါ။ ဒီလိုအခွင့်အရေး ဆောင်ရွက်တဲ့အခါမှာ လက်ရှိတည်ဆဲဥပဒေတွေနဲ့ နိုင်ငံတော်လုံခြုံရေးကို မထိခိုက်ဖို့၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိခိုက်ဖို့ အပိုင်းတွေလည်း ရှိပါတယ်။ ဒီအခွင့်အရေးတွေကို စနစ်တကျနဲ့ ရရှိဖို့၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ချိုးဖောက်ခံရပြီဆိုရင် စနစ်တကျနဲ့ တင်ပြပြီး ဖြေရှင်းဆောင်ရွက်နိုင်ဖို့ကို မိမိတို့ဦးစီးဌာနက ပါဝင်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**ဆလိုင်းဟာကီး(ချင်းတိုင်းရင်းသား)**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်လာတာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသားအများကြီးရှိထားတဲ့ နိုင်ငံဖြစ်တယ်။ တိုင်းရင်းသားအားလုံးအတွက် အလုပ်လုပ်မယ့် ဝန်ကြီးဌာနတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံမှာ ရှိသင့်တယ်လို့ ကျွန်တော်မြင်တယ်။

တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကတော့ ရှိသင့်ပါတယ်။ ဒီဥပဒေထွက်ပေါ်လာခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းသားဒေသအသီးသီးမှာ ခံစားခွင့်၊ ရပိုင်ခွင့်တွေကို လွတ်လွတ်လပ်လပ် အားလုံးရရှိခံစားနိုင်ကြမယ်လို့ ကျွန်တော်ထင်တယ်။

စာပေကတော့ လူမျိုးအားလုံးရဲ့ အသက်ဖြစ်တယ်။ စာပေက လူမျိုးတိုင်းအတွက် လိုအပ်တယ်။ စာပေမရှိရင် ကြာရှည်တည်တံ့မှုကို ကျွန်တော်တို့ ထိန်းသိမ်းနိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသား အများကြီးရှိတယ်။ တိုင်းရင်းသားမျိုးနွယ်စု အကြီးတွေကနေ တိုင်းရင်းသားမျိုးနွယ်စု အသေးတွေရှိတယ်။ ဒါတွေအားလုံးကို စုံစုံလင်လင် ထိန်းသိမ်းချင်တယ်ဆိုရင် စာပေကို ဘာပဲဖြစ်ဖြစ် ထိန်းသိမ်းပေးရမှာဖြစ်တယ်။ အဲဒီအတွက် စာပေသင်ကြားပေးခြင်းက အဓိကကျတယ်။ ဒါကြောင့် တိုင်းရင်းသားတွေရဲ့ စာပေကို မြှင့်တင်ပေးဖို့အတွက် ဒီဝန်ကြီးဌာနက လုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့အားလုံး အနေနဲ့ ကြိုဆိုရမယ့်ကဏ္ဍပဲဖြစ်တယ်။

လက်ကမ်းစာစောင်တွေကို အများကြီး တိုင်းရင်းသားစာပေတွေနဲ့ ထုတ်စေချင်တယ်။ ဒီခေတ်မှာ ကိုယ့်တိုင်းရင်းသားစာပေကို မတတ်တဲ့ တိုင်းရင်းသားလူငယ်တွေ အများကြီးရှိနေပြီ။ ဒီလူငယ်တွေက ကိုယ့်တိုင်းရင်းသားဘာသာစကားကို ပြန်လည်ရင်းနှီးဖို့က ဒီလက်ကမ်းစာစောင်တွေက အများကြီး အထောက်အကူဖြစ်စေမှာဖြစ်တယ်။ ဗမာစကား၊ ဗမာစာ မတတ်တဲ့ ကျွန်တော်တို့ရဲ့ သက်ကြီးရွယ်အို၊ ဘိုးဘွားတွေကလည်း တိုင်းရင်းသားဘာသာစကားနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပိုစတာတွေ၊ အသိပညာပေးပိုစတာတွေကို ကြည့်ခြင်းအားဖြင့် သူတို့ ဘယ်လိုနေထိုင်ရမယ်ဆိုတာ ဆင်ခြင်လို့ရနိုင်မယ်။

ကိုယ့်တိုင်းရင်းသား ဘာသာစကားနဲ့ ပိုစတာတွေ၊ ပညာရေးကဏ္ဍဖြစ်ဖြစ်၊ ကျန်းမာရေးကဏ္ဍဖြစ်ဖြစ် ထုတ်ပေးနိုင်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေလာမယ်။ ကိုယ့်တိုင်းရင်းသားဘာသာစကားကို မဖတ်တတ်တဲ့ကလေးတွေကလည်း အဲဒါတွေကို ကြည့်ခြင်းအားဖြင့် အလွယ်တကူ ဖတ်တတ်လာမယ်။ ဗမာစကားနားမလည်တဲ့ သက်ကြီးရွယ်အိုတွေကလည်း အဲဒါတွေကြည့်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြောင်းလဲလာနိုင်မယ်လို့ ထင်တယ်။ အဲဒါကြောင့် ဒီဗီနိုင်းတို့၊ ပိုစတာတို့ဆိုတာ

> တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတွေနဲ့ ပတ်သက်ပြီး ပိုပြီးတော့ တိုးတက်လာမယ်။ ပိုပြီးတော့ ထွန်းကားလာမယ်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အတူတကွ လက်တွဲရင် ငြိမ်းချမ်းရေးကို ရရှိမှာဖြစ်တယ်။



**ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ပန္နက်တိုင်စိုက်ထူပေးစဉ်။**

ကိုယ့်တိုင်းရင်းသားဘာသာစကားနဲ့ ထုတ်ပြန်ပေးဖို့က ကျွန်တော့်အနေနဲ့ အားရဝမ်းသာ ကြိုဆိုရမှာပါ။

တိုင်းရင်းသား လူမျိုးအားလုံးမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အမျိုးသားနေ့တို့၊ ပြည်နယ်နေ့တို့ရှိပါတယ်။ ဒီလို အမျိုးသားနေ့ဆိုတာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေအသီးသီးနဲ့ သက်ဆိုင်တဲ့ နေ့တွေဖြစ်တယ်။ အဲဒီတိုင်းရင်းသားတွေနဲ့ သက်ဆိုင်တဲ့နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ ကျွန်တော်တို့အားလုံးက မျှော်လင့်ထားတာဖြစ်တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ရဲ့အမျိုးသားနေ့တွေကို စည်စည်ကားကား မကျင်းပနိုင်ခဲ့တဲ့ ခုနှစ်တွေလည်းရှိခဲ့တယ်။ ဒီနောက်ပိုင်းမှာတော့ ကိုယ့်အမျိုးသားနေ့တွေကို အားလုံးက ပြန်လည်ကျင်းပလာနိုင်တယ်။ နိုင်ငံတော်အကြီးအကဲတွေလည်း တက်ရောက်နိုင်ကြတဲ့အခါကျတော့ ဂုဏ်ယူပါတယ်။ ကျွန်တော်က ချင်းတိုင်းရင်းသားတစ်ယောက်အနေနဲ့ဆိုရင် ချင်းအမျိုးသားနေ့မှာ နိုင်ငံတော်အကြီးအကဲတွေ တက်ရောက်တယ်ဆိုရင် ဝမ်းသာတယ်၊ ဂုဏ်ယူတယ်။

**ဆိုင်းထွန်းမင်းလတ်(ရှမ်းတိုင်းရင်းသား)**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်လာတာကို တိုင်းရင်းသားတစ်ယောက် အနေနဲ့ ကြိုဆိုတယ်။ အရင်တုန်းက တိုင်းရင်းသားအခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ မရှိခဲ့တာတွေလည်းရှိတယ်။ အခု ဒီဝန်ကြီးဌာနအသစ် ပေါ်လာပြီဆိုတော့ တိုင်းရင်းသားတွေအနေနဲ့ လုပ်ပိုင်ခွင့်တွေ ရနိုင်မယ်လို့ ကျွန်တော်ထင်တယ်။

တိုင်းရင်းသားကာကွယ်စောင့်ရှောက်ရေးဥပဒေကို ၂၀၁၅ တုန်းက ပြဋ္ဌာန်းတယ်။ နည်းဥပဒေက အခုပြဋ္ဌာန်းဖို့ရေးဆွဲနေတယ်။ တကယ်လို့ ဒီနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီဆိုရင် နိုင်ငံတော်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိုမဆန့်ကျင်တဲ့ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ဘာသာတွေကိုပိုပြီးတော့ လွတ်လပ်စွာ လုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။

လက်ကမ်းစာစောင်တွေနဲ့ ပတ်သက်ပြီးတော့ တချို့နယ်ဝေးဘက်မှာတော့ မရောက်ဘူးပေ့ါ၊ နီးစပ်ရာတွေလောက်ပဲ၊ ဒါပေမယ့် ကိုယ့်ရဲ့ဘာသာစကားနဲ့ ဖော်ပြတယ်ဆိုတာ တကယ်ကောင်းတဲ့အချက်ပါပဲ။ ဘာလို့လဲဆိုတော့ ကိုယ်က တိုင်းရင်းသားတစ်ယောက်၊ ကိုယ့်ရဲ့စကားနဲ့ ဖော်ပြတယ်ဆိုရင် ပိုပြီးတော့ ထိရောက်တာပေ့ါ။

ရှမ်းပြည်နယ်က ကျယ်တယ်။ တိုင်းရင်းသားပေါင်းစုံနေတယ်။ ဆရာ ဆရာမတွေ ခန့်ထားတဲ့နေရာမှာ နည်းနည်းတော့ အားနည်းတယ်လို့ ပြောချင်တယ်။ တချို့ခန့်ထားတယ်ဆိုတာက စိစစ်ပြီးတော့ ခန့်ထားတာမဟုတ်ဘူး။ တချို့ စာပေသင်တဲ့ဆရာမက ကိုယ်ကိုယ်တိုင်လည်း တိတိကျကျ ထဲထဲဝင်ဝင် မသိဘူး။ ဖြစ်စေချင်တာက အခြေခံပညာကျောင်းမှာ ခန့်မယ့် တိုင်းရင်းသား ဆရာ ဆရာမတွေကို ယဉ်ကျေးမှုကလာတဲ့ ဆရာ ဆရာမတွေကို ခန့်ပေးစေချင်တာပါ။ ထဲထဲဝင်ဝင်သိမှ ကလေးတွေကို သင်တဲ့အခါ ပိုပြီးတော့ ထိရောက်တယ်လို့ပြောချင်ပါတယ်။ စာပေဆိုတာ လူမျိုးတစ်မျိုးရဲ့ အသက်သွေးကြောလို့ ပြောရမှာပါ။ စာပေပျောက်ရင် လူမျိုးပါပျောက်တယ်လို့ ဆိုရိုးလည်းရှိပါတယ်။ ဒါကြောင့် စာပေက အရေးကြီးပါတယ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်လာတဲ့အတွက် ကောင်းပါတယ်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတွေနဲ့ ပတ်သက်ပြီး ပိုပြီးတော့ တိုးတက်လာမယ်။ ပိုပြီးတော့ ထွန်းကားလာမယ်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနဲ့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အတူတကွ လက်တွဲရင် ငြိမ်းချမ်းရေးကိုရရှိမှာဖြစ်တယ်။

တိုင်းရင်းသားများ၏ အခွင့်အရေးဆိုသည်မှာ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ တိုင်းရင်းသားများ၏ ရပိုင်ခွင့်ပင်ဖြစ်သည်။ အခွင့်အရေးကို ရယူမည်ဆိုပါက တာဝန်လည်း တွဲပါလာမည်ဖြစ်သည့်အတွက် အခွင့်အရေးနှင့် တာဝန်ကိုဒွန်တွဲပြီး တူညီသော တန်ဖိုးထားမှ မိမိတို့၏ လူ့အသိုက်အဝန်းသည် တိုးတက်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့အားလုံး အခွင့်အရေးနှင့် တာဝန်ကို သိရှိပြီး မိမိတို့အသိုက်အဝန်း ပြည်ထောင်စုကြီး ငြိမ်းချမ်းတိုးတက်ရန် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အရေးကြီးလှပါသည်။ ။



**တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။**

# မြောင်မြို့တွင် ဗိုလ်ချုပ်ကြေးရုပ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြောင် ဧပြီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် ဗိုလ်ချုပ်ကြေးရုပ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၉ ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ထီးလှိုင်ရှင်ခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းက ဗိုလ်ချုပ်ကြေးရုပ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘီက ဗိုလ်ချုပ်ကြေးရုပ် သွန်းလောင်းခြင်းလုပ်ငန်းအတွက် ကုန်ကျငွေနှင့် လိုအပ်ငွေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်အတွင်းနှင့် အဝေးရောက် မြောင်နယ်သူမြောင်နယ်သား ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်လျက်ရှိသော ဗိုလ်ချုပ်ကြေးရုပ် အမြင့်မှာ ရှစ်ပေရှိပြီး ကြေးအချိန် ပိဿာ ၂၃၀ ဖြင့် သွန်းလောင်းပြုလုပ်ထားကာ စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၁၅၀ ဖြစ်၍ အောက်ခံ ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် ဖောင်ဒေးရှင်းမှာ ငွေကျပ် ၁၀၅ သိန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ကြေးသွန်းလောင်းခြင်းကို မန္တလေး တမ္ပဝတီရပ်ကွက် ပြည့်ဝအလုပ်ရုံ၌ ကြေးသွန်းလောင်းဆောင်ရွက်၍ မေ ၁ ရက်တွင် ဗိုလ်ချုပ်ကြေးရုပ်ကို သွားရောက်သယ်ဆောင်ကာ ဇွန် ၁၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်ကိုကို**





# လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ငှက်မနားကိရိယာများ တပ်ဆင်

**မြင်းခြံ ဧပြီ ၁၁**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ငှက်မနားကိရိယာများ တပ်ဆင်ခြင်းကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငှက်မနားကိရိယာများကို (၃၃/၁၁) ကေဗွီလိုင်းများတွင် တပ်ဆင်ထားခြင်းဖြစ်သည်။ ထိုငှက်မနားကိရိယာတွင် ဆံုလည်နှင့် ဒလက်လေးခုပါဝင်ပြီး ဒလက်များတွင် မှန်ချပ်လေးများပါသဖြင့် လာရောက်နားသော ငှက်များသည် မှန်ချပ်မှ ရောင်ပြန်ကြောင့် မျက်စိစူးကာ မနားတော့ကြောင်း သိရသည်။ မြင်းခြံမြို့နယ်အတွင်းရှိ (၃၃/၁၁)ကေဗွီလိုင်းများတွင် ငှက်မနားကိရိယာများ တပ်ဆင်ခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းတို့ ကြီးကြပ်၍ ဝန်ထမ်းများက တပ်ဆင်ခဲ့ကြောင်း သိရသည်။

ငှက်မနားကိရိယာတပ်ဆင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူများ စိတ်ချမ်းသာအဆင်ပြေစေနိုင်ရန်ဖြစ်ကြောင်း၊ ထိုငှက်မနားကိရိယာများကို ဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲပြီး တပ်ဆင်ပေးကြောင်းကိုလည်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်က ရှင်းလင်းပြောကြားသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ဂရုစိုက်၍ လိုက်နာပါ

## ရှောင်ရန်များ

၁။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

၂။ အရက်သေစာသောက်သုံးခြင်းသည် ပိုမိုပြင်းထန်စွာ ဝေဒနာခံစားရနိုင်သဖြင့် အထူးသတိပြုပါ။

# ပန်ဝါမြို့တွင် မီးသတ်စခန်းခွဲ တည်ဆောက်မည်

**ပန်ဝါ ဧပြီ ၁၁**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပန်ဝါမြို့တွင် မီးသတ်စခန်းခွဲကို ယခုနှစ်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ပန်ဝါမြို့၌ မီးသတ်စခန်းထားရှိနိုင်ရေးအတွက် မြေအနေအထားနှင့် တည်ဆောက်မှုပုံစံကို ကချင်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန် (ခ) ခန်လင်သည် မတ် ၁၈ ရက်တွင် ပန်ဝါမြို့သို့ လှည့်လည်ကြည့်ရှုခဲ့ပြီး ပန်ဝါမြို့ရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းနှင့် မီးသတ်ကား ထားမယ်ဆိုတော့ ဝမ်းသာပါတယ်၊ ကြိုဆိုပါတယ်၊ ဒီဒေသက တောင်ပေါ်ဒေသဖြစ်တဲ့အတွက် တောင်တက် တောင်ဆင်းတွေများတယ်၊ ဒါကြောင့် မီးသတ်ကားတွေကို ဒေသနဲ့ကိုက်ညီတဲ့ မီးသတ်ကားတွေ အသုံးပြုစေလိုတယ်"ဟု ချီဖွေမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်ဆောင်က ပြောသည်။

ပူပြင်းခြောက်သွေ့သော ရာသီမှာ အဖြစ်များတဲ့ သစ်တောမီးတွေ



လောင်တတ်လို့ ပန်ဝါမြို့မှာ မီးသတ်စခန်းနှင့် မီးသတ်ကား မဖြစ်မနေ လိုအပ်တဲ့အတွက် စီမံဆောင်ရွက်ထားတယ်လို့ မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ နိုင်ငံတစ်လျှောက်မြို့နဲ့ အလှမ်းဝေးနေတဲ့ တရုတ်ပြည်နယ်စပ် အထူးသဖြင့် ဒီလိုရာသီမှာ အဖြစ်များတဲ့ သစ်တောမီးတွေ လောင်တတ်လို့ ပန်ဝါမြို့မှာ မီးသတ်စခန်းကို မဖြစ်မနေ ထားရတော့တာ၊ အခု အဆောက်အအုံဆောက်နိုင်ဖို့ အကုန်စီမံဆောင်ရွက်ထားပြီးပါပြီ၊ သန္ဓေတပ်ဖွဲ့ဝင်တွေနဲ့ မီးငြိမ်းသတ်ယာဉ်တစ်စီးတော့ ဟိုမှာရောက်နေပြီ"ဟု မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သူက ပြောသည်။

ကချင်ပြည်နယ်အတွင်းတွင် ပြည်နယ် မီးသတ်စခန်းတစ်ခု၊ ခရိုင်မီးသတ်စခန်းလေးခု၊ မြို့နယ်မီးသတ်စခန်း ၁၈ ခုနှင့် နယ်မြေမီးသတ်စခန်း ၄၄ ခုရှိပြီး စုစုပေါင်း မီးသတ်စခန်းခွဲများ ၆၇ ခုရှိကြောင်း သိရပြီး အချို့မီးသတ်စခန်းခွဲများမှာ မြေနေရာတရားဝင် မရရှိသေးသည့်အတွက် စခန်းတည်ဆောက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသေးသည့် စခန်းများလည်း ပါဝင်ကြောင်း သိရသည်။

**မင်းမင်းဦး**

# (၁၁)နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် အများဆုံးဖြစ်ပွားခဲ့ရ

**မကွေး ဧပြီ ၁၁**
မကွေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် အများဆုံးဖြစ်ခဲ့ရပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၁၁ နှစ်တာကာလအတွင်း ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှု ၄၆၆ ကြိမ်၊ မီးဖိုမီးကြောင့် ၃၃၂ ကြိမ် ဖြစ်ပွားခဲ့ရကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

(၁၁)နှစ်တာကာလအတွင်း မီးလောင်မှုဖြစ်စဉ်များတွင် မီးဖိုမီးကြောင့် ၃၃၂ ကြိမ်၊ ပေါ့ဆမီး ၄၆၆ ကြိမ်၊ လျှပ်စစ်မီး ၁၄၁ကြိမ်၊ မသမာသူရှို့မီး ၁၂၅ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ အလိုအလျောက်မီး ၁၄ ကြိမ်၊ မိုးကြိုးပစ်မီးတစ်ကြိမ်တို့ ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့် အများဆုံးဖြစ်ကြောင်း တိုင်းမီးသတ်ဦးစီးဌာနက မှတ်တမ်းတင်ထားသည်။

"နှစ်တိုင်းမှာ ပေါ့ဆမီးကတော့ ၅၀ ရာခိုင်နှုန်းကျော်အမြဲရှိတယ်၊ လူတွေရဲ့ အသိတရားရော၊ သတိတရားရော မရှိကြလို့ ဖြစ်နေရတာပါ၊ လူတွေက ကိုယ့်စီးပွားရေးလုပ်ငန်းတွေ လုံးပန်းနေတယ်၊ သွားလာလှုပ်ရှားတဲ့အခါကြတော့ မီးမွှေးခဲ့တာတို့၊ မီးပလပ်တပ်ခဲ့တာတို့ စသည်အားဖြင့် လုပ်ခဲ့လို့ဖြစ်တာပါ"ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ (၁၁)နှစ်တာကာလအတွင်း မီးလောင်မှု ၁၁၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဘေးသင့်ပြည်သူ ၂၀၂၃၃ ဦး၊ ဒဏ်ရာရသူ ၂၀၂ ဦး၊ လူသေဆုံး ၁၅၆ ဦး၊ တိရစ္ဆာန်သေဆုံး ၁၁၀၇ ကောင်၊ ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၅၀၆၄ ကျော်ရှိခဲ့ကြောင်း တိုင်းမီးသတ်ဦးစီးဌာန မှတ်တမ်းများအရ သိရပြီး မီးလောင်ဆုံးရှုံးမှုများကြောင့် ပြည်သူတို့၏ လူမှုဘဝများမှာ များစွာနစ်နာခဲ့ရသည်။

"မီးဖိုပြီး ဟိုသွားဒီသွားလုပ်တာ၊ ကလေးတွေလွှတ်ထားတာ၊ မေ့လျော့တတ်တဲ့ အဘိုးကြီး၊ အဘွားကြီးတွေကို ချက်ခိုင်းတာ၊ တချို့က မသန်စွမ်းတွေ၊ ဉာဏ်ရည်ချို့တဲ့သူတွေကို ချက်ခိုင်းတာတို့ ပါတာပေါ့"ဟု ပေါ့ဆမီးလောင်ကျွမ်းမှုဖြစ်ရခြင်းအပေါ် တိုင်းမီးသတ်ဦးစီးမှူးက သုံးသပ်သည်။

လတ်တလော ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လကုန်ထိ မီးဖိုမီး ၁၆ ကြိမ်၊ လျှပ်စစ်မီး ၁၁ ကြိမ်၊ ပေါ့ဆမီး ၂၅ ကြိမ်၊ တောမီး ၁၂ ကြိမ်၊ ရှို့မီးကိုးကြိမ်၊ စုစုပေါင်းမီး ၇၃ ကြိမ် လောင်ကျွမ်းမှုဖြစ်ပွားသဖြင့် လူတစ်ဦး၊ တိရစ္ဆာန် ၄၉၃ ကောင် သေဆုံးခဲ့ပြီး အိမ်ခြေ ၂၇ အိမ် မီးလောင်ခဲ့ကာ ပြည်သူ ၁၂၁၇ ဦး မီးဘေးသင့်ခဲ့ရကြောင်း တိုင်းမီးသတ်ဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# လူမှုဖူလုံရေးစီမံကိန်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် ပြင်ပလူနာဝန်ဆောင်မှု အဆင့်မြှင့်တင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်ရှင်းလင်း

**မြိတ် မေ ၁၁**

လူမှုဖူလုံရေးစီမံကိန်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် ပြင်ပလူနာဝန်ဆောင်မှုကို ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Provider- Purchaser Split စနစ်ဖြင့် အဆင့်မြှင့်တင်ပြောင်းလဲခြင်းလုပ်ငန်းစဉ် ရှင်းလင်းပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို၊ လူမှုဖူလုံရေးရုံးချုပ် (နေပြည်တော်)ဆေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလတ်လတ်ဝေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာအောင်၊ မြိတ်မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်လဲ့လဲ့ဝေ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံအလုပ်ရှင်များနှင့် အာမခံအလုပ်သမားများ စုစုပေါင်း ၂၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးရုံးချုပ် (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက လူမှုဖူလုံရေးစီမံကိန်း စတင်ပေါ်ပေါက်လာပုံ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အဆင့်မြှင့်တင်ပြောင်းလဲရန် လိုအပ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် (နေပြည်တော်)ဆေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလတ်လတ်ဝေက လူမှုဖူလုံရေးစီမံကိန်း၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပြင်ပလူနာဝန်ဆောင်မှုအား ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Provider- Purchaser Split စနစ်သို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အာမခံအလုပ်သမားတွေကို ပိုပြီးတော့မှ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးချင်တယ်၊ စောင့်ရှောက်မှုပေးတဲ့နေရာမှာလည်း ကျွန်တော်တို့ရဲ့ လက်ရှိလူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းတွေမှာ အကောင်းဆုံးဝန်ဆောင်မှုတွေပေးနေပေမယ့် ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေရရှိဖို့ အခက်အခဲရှိနေတဲ့အတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးဖို့ဆိုတဲ့နေရာမှာ အခက်အခဲတွေရှိနေပါတယ်၊ အဓိကကတော့ အာမခံအလုပ်သမားတွေအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အလွယ်တကူရရှိစေချင်တဲ့အတွက် Provider- Purchaser Split စနစ်ကို မြို့ကြီးသုံးမြို့ဖြစ်တဲ့ မြစ်ကြီးနားမြို့၊ တောင်ကြီးမြို့၊ မြိတ်မြို့တို့မှာ Pilot စနစ်နဲ့ မေလမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ အဲဒီ Pilot စနစ်နဲ့ ဆောင်ရွက်တဲ့အခြေအနေကစပြီး ပေါ်ထွက်လာတဲ့ရလဒ်တွေပေါ် မူတည်ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျွန်တော်တို့အာမခံအလုပ်သမားတွေအတွက် ပြင်ပလူနာဝန်ဆောင်မှုကို ပုဂ္ဂလိကဆေးရုံဆေးခန်းနဲ့ပူးပေါင်းပြီး တစ်ဆင့်ပြီးတစ်ဆင့်တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ သဘောတူစာချုပ်ချုပ်ဆိုနိုင်ဖို့အတွက် လိုအပ်တဲ့လုပ်ငန်းစဉ်တွေ ဆက်လက်ဆောင်ရွက်ပြီးတာနဲ့ မေလမှာ Pilot စနစ်ကို စတင်ဖို့ စီစဉ်ထားပါတယ်။

"စာချုပ်ချုပ်မယ့် ပုဂ္ဂလိကဆေးရုံတွေမှာ မှတ်ပုံတင်ပေးထားတဲ့ အခမဲ့အလုပ်သမားတွေအနေနဲ့ ပြင်ပလူနာဝန်ဆောင်မှုကို ရယူနိုင်မှာဖြစ်ပါတယ်၊ လက်ရှိကတော့ ပြင်ပလူနာစနစ်ကိုသာ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီး စတင်စမ်းသပ်အကောင်အထည်ဖော်မှာဖြစ်ပြီး အောင်မြင်မှုရတာနဲ့တစ်ပြိုင်တည်း ဒုတိယအဆင့်အနေနဲ့ ဆေးရုံတက်ကုသခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ အာမခံအလုပ်သမားတွေ ဆေးရုံတက်ကုသမှုလိုအပ်ခြင်း၊ အထူးကုဆရာဝန်ပြသရန်လိုအပ်ခြင်းတွေ ကြုံကြိုက်လာလို့ရှိရင် အလုပ်သမားဆေးရုံကြီးတွေ၊ ပြည်သူ့ဆေးရုံကြီးတွေကို ညွှန်းပို့တဲ့စနစ်ကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်ပြီး အကျိုးဝင်အာမခံအလုပ်သမားတွေ စိုက်ထုတ်ကုန်ကျရတဲ့ ဆေးဖိုးတွေကို လူမှုဖူလုံရေးအဖွဲ့အနေနဲ့ သတ်မှတ်ချက်တွေနဲ့အညီ ပြန်လည်ပေးအပ်မှာဖြစ်ပါတယ်" ဟု လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုကိုက ပြောကြားသည်။

**မြင့်ဦး(မြိတ်)**

# လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာခန်းမဆောင်များ ဖွင့်လှစ်

**မယ်စဲ့ မေ ၁၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်၌ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအရ စီမံကိန်းထောက်ပံ့ငွေဖြင့်ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာခန်းမဆောင်များ ဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် နန့်မန်းကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ဟိုစဲ့ကျေးရွာ၌လည်းကောင်း ကျင်းပခဲ့သည်။




အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ နန့်မန်းကျေးရွာခန်းမဆောင်နှင့် ဟိုစဲ့ကျေးရွာ ခန်းမဆောင်တို့တွင် လိုအပ်သော ပလတ်စတစ်ထိုင်ခုံ အလုံး ၅၀ အတွက် ငွေကျပ် သုံးသိန်းစီ၊ သကြၤန်ကာလ စတုဒိသာ ကျွေးမွေးရန်အတွက် ငွေကျပ် သုံးသိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ ကျေးရွာ စီ/ထောက်ကော်မတီဥက္ကဋ္ဌတို့က ကျေးရွာခန်းမဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

နန့်မန်းကျေးရွာခန်းမဆောင်သည် (၃၀×၇၀×၁၂)ပေရှိပြီး လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၂၂၃ သိန်းကျော်ဖြင့်လည်းကောင်း၊ ဟိုစဲ့ကျေးရွာခန်းမဆောင်သည် (၃၀×၇၀×၁၂)ပေရှိပြီး စီမံကိန်းထောက်ပံ့ငွေကျပ် ၂၀၉ သိန်းကျော်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်

**အမ်း မေ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အမ်းမြောက်ကျေးရွာအုပ်စု ကမ်းဒိတ်ကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရွာတွင်းကွန်ကရစ်လမ်းသည် ကျေးရွာနေပြည်သူ ၃၀၃ ဦးခန့်အား လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူနေမှုအဆင့်အတန်းမြင့်မားလာကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ကရစ်လမ်း(၁၉၆၀ ပေ× ၈ ပေ ×၄ ဒသမ ၅ ပေ)အား စီမံကိန်းရန်ပုံငွေကျပ် ၁၂၅၀၀၀၀၀ နှင့် ဒေသခံပြည်သူများ ပါဝင်လှူဒါန်းငွေကျပ် ၄၀၅၅၀၀၀၊ စုစုပေါင်းငွေကျပ် ၁၆၅၅၅၀၀၀ ဖြင့် ၁၆-၁-၂၀၁၈ မှ စတင်ဆောင်ရွက်ခဲ့ပြီး ၄-၄-၂၀၁၈ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကွန်ကရစ်လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို အမ်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအေးနှင့် လူထုဗဟိုပြုစီမံကိန်း တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရလူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး တွေ့ဆုံအားပေးကာ နစ်နာမှုမရှိစေရေးတာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ

**တာ့(ခ်) မေ ၁၁**

ထိုင်းနိုင်ငံ မဲဆောက်-ဘန်ကောက်အာရှလမ်းမကြီး ကီလိုမီတာ၆၈ နှင့် ၆၉ ကြားတွင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် MoU စနစ်ဖြင့် သွားရောက်သည့် မြန်မာအလုပ်သမားများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးသည် မေ ၉ ရက် ည ၁၁ နာရီခန့်က ယာဉ်အား အရှိန်ပြင်းစွာ မောင်းနှင်ခဲ့မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် မြန်မာအလုပ်သမား ခြောက်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရသူ လူနာများအား မေ ၁၀ ရက် နံနက် ၉ နာရီက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ ထိုင်းနိုင်ငံ အမှတ်(၃)တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဝိကျတ်စီးရီးဘွန်းစွတ်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာနိုင်ကျလိန်းလစ် စင္ဝန်စက်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအရာရှိ ဦးအောင်ခင်မြင့်၊ မြဝတီခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိဦးတင့်နိုင်၊ နှစ်နိုင်ငံဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ တာ့ခ်စင်ဆေးရုံသို့ သွားရောက်ပြီး ထိခိုက်ဒဏ်ရာရလူနာများအား တွေ့ဆုံကာထောက်ပံ့ငွေပေးအပ်ခြင်းနှင့် အားပေးနှစ်သိမ့်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနေ့လာရောက်ရခြင်းဟာ မြန်မာအလုပ်သမားတွေ တင်ဆောင်လာတဲ့ကားက တိမ်းမှောက်မှုဖြစ်တယ်ဆိုတာ သိရတယ်၊ ဒီဖြစ်စဉ်မှာသေဆုံးသူတွေရှိခဲ့တယ်၊ အဲ့ဒီသေဆုံးမှုအတွက် နစ်နစ်မှုတွေ အပြည့်အဝရရှိဖို့ နောက်တစ်ခုကဒီလိုအလားတူ ဖြစ်စဉ်မျိုးမဖြစ်ပွားစေဖို့ ယာဉ်လိုင်းတွေကို ကြပ်မတ်ပေးဖို့ နောက်တစ်ခုက ဒဏ်ရာရတဲ့သူတွေရှိတယ်၊ သူတို့ကိုလည်း ဆေးဝါးကုသမှုအပြည့်အဝခံယူပြီးတော့မှ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ဖို့ အစရှိတဲ့လိုအပ်တဲ့အချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လာရောက်ခဲ့တာဖြစ်ပါတယ်၊ မိသားစုတွေနဲ့ ချိတ်ဆက်ပေးဖို့တွေနဲ့ အခြားလိုအပ်တာတွေကို သက်ဆိုင်ရာဌာနများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ပြောသည်။

တိမ်းမှောက်သွားသည့် ယာဉ်ပေါ်တွင် မြန်မာအလုပ်သမားစုစုပေါင်း ၅၁ ဦး စီးနင်းလိုက်ပါခဲ့ပြီး Golden Royal Mandalay ကုမ္ပဏီမှ စေလွှတ်သည့် အလုပ်သမားများဖြစ်ကာ အဆိုပါ ကုမ္ပဏီမှ စုစုပေါင်းမော်တော်ယာဉ်လေးစီးဖြင့် အလုပ်သမား ၁၂၀ စေလွှတ်ခဲ့ခြင်းဖြစ်သည့်အနက် တစ်စီးမှာယခုကဲ့သို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



အဆိုပါ တိမ်းမှောက်မှုကြောင့် မြန်မာအလုပ်သမားခြောက်ဦးသေဆုံးခဲ့ကာ ဒဏ်ရာရလူနာ ၁၂ ဦးရှိပြီး အဆိုပါ ၁၂ ဦးအနက် ငါးဦးမှာစိုးရိမ်ရကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# မိုးကောင်းမြို့နယ် စစ်ရှောင်စခန်းများသို့ လူမှုကာကွယ်ရေးအစီအစဉ်အရ ထောက်ပံ့ပေးအပ်

**မိုးကောင်း မေ ၁၁**

လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ မိုးကောင်းမြို့နယ် စစ်ရှောင်စခန်းသုံးခုကို နံနက် ၁၀ နာရီခန့်မှ စတင်၍ ကချင်ပြည်နယ် လူမှုကယ်ဆယ်ရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများ၊ အသက်ငါးနှစ်အောက်ကလေးများနှင့် အမျိုးသမီးဦးဆောင် မိသားစုများ ၇၀ အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၇ သိန်းခွဲ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် စစ်ရှောင်စခန်းများမှ ရှစ်နှစ်အောက်ကလေးများအတွက် အနွေးထည် ၅၁ ထည်ကိုလည်း ဝန်ကြီးချုပ်နှင့်ဇနီးကိုယ်စား ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာခက်အောင်က ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ခြင်းကို ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၏ဇနီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ဇနီး၊ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်မြမာလာစိုးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာစခန်းအသီးသီးသို့ သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေရပ်စွန့်ခွာဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# ယခုနှစ်မတ်လအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဝင်ရောက်မှု ယခင်နှစ်မတ်လထက်ပိုမိုလာခဲ့

**နေပြည်တော် မေ ၁၁**

ယခုနှစ်ပွင့်လင်းရာသီဖြစ်သော မတ်လအတွင်း မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်၊ ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)ဖြင့် နိုင်ငံခြားသားဝင်ရောက်မှုမှာ ကမ္ဘာလှည့်အနေဖြင့် ၅၁၄၆၁ ဦးနှင့် လုပ်ငန်းဖြင့် ၂၅၆၅၀ ဦးဖြစ်ပြီး ယခင်နှစ်မတ်လတွင် ကမ္ဘာလှည့်အနေဖြင့် ၄၉၆၄၆ ဦးနှင့် လုပ်ငန်းဖြင့် ၁၉၇၅၃ ဦးဖြစ်၍ ယခုနှစ်မတ်လအတွင်းဝင်ရောက်မှုသည် ယခင်နှစ်မတ်လထက် နိုင်ငံခြားသားဝင်ရောက်မှု ပိုများခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း၌ ကမ္ဘာလှည့်အနေဖြင့် ၅၄၂၅၉၉ ဦးနှင့် လုပ်ငန်းအနေဖြင့်၂၃၈၄၃၂ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာလှည့်အနေဖြင့် ၅၃၁၉၅၁ ဦးနှင့် လုပ်ငန်းအနေဖြင့် ၂၄၄၄၁၂ ဦးဝင်ရောက်ခဲ့၍ ယခုဘဏ္ဍာနှစ်အကုန်တွင် ယခင်ဘဏ္ဍာနှစ်အကုန်ဝင်ရောက်မှုထက် လူဦးရေ လေးထောင်ကျော်လျော့နည်းခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ဘုရင့်နောင်ကားလမ်းဘေးနစ်ဖက်တွင် စွန့်ပစ်ပစ္စည်းမျိုးစုံစုပုံထား၍ လမ်းသွားလမ်းလာများ ကားလမ်းပေါ် သွားလာနေရ

**ရန်ကုန် မေ ၁၁**

လှိုင်မြို့နယ် ပိတောက်ချောင်းနှင့် အုတ်ကျင်းမှတ်တိုင်အကြား ခြောက်လမ်းသွား ဘုရင့်နောင်လမ်းမကြီးဘေးနှစ်ဖက်တွင် မြို့နယ်အသီးသီးမှ စွန့်ပစ်ပစ္စည်းမျိုးစုံကို လာရောက်စွန့်ပစ်ထားသည်မှာ လအတန်ကြာပြီဖြစ်ရာ ကားလမ်းအစပ်များသို့ပင် ရောက်နေသည့်အတွက် လမ်းသွားလမ်းလာများ ကားလမ်းအစွန် ယာဉ်ကြောပေါ် တက်ရောက်သွားလာနေရသည်ကို မြင်တွေ့ရသည်ဟု ဘုရင့်နောင်ပွဲရုံသွားသည့် အဝယ်တော်ကိုစိုးက ပြောသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမဘေးများတွင် သက်ဆိုင်ရာမှ လူသွားလမ်းများ ပြုလုပ်ပေးထားသော်လည်း ဈေးတည်ခင်းရောင်းချခြင်းများကြောင့် ကားလမ်းအစွန်ယာဉ်ကြောများတွင် လမ်းသွားလမ်းလာများ သွားလာနေရသကဲ့သို့ ပိတောက်ချောင်းမှ အုတ်ကျင်းမှတ်တိုင်တို့အကြားတွင်လည်း ကားလမ်းဘေးအထိ ရောက်နေသောစွန့်ပစ်ပစ္စည်းမျိုးစုံကြောင့် ကားလမ်းပေါ် ယာဉ်အန္တရာယ်စိုးရိမ်စွာဖြင့် လမ်းသွားလမ်းလာများ သွားလာနေရသည်ကို မေ ၇ ရက် နံနက်ပိုင်းတွင် မြင်တွေ့ရသည်။

ယင်းသို့လာရောက်စွန့်ပစ်သော ပစ္စည်းများတွင် မြောင်းချေးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့မှ ထွက်ရှိလာသော မြေစိုင်ခဲများ၊ အဆောက်အအုံများမှ ဖျက်သိမ်းသောပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများမှထွက်ရှိသောစွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းမျိုးစုံကို မြင်တွေ့ရသည်။ နေ့ပိုင်းတွင်ကားများဖြင့် လာရောက်စွန့်ပစ်သည့် မြင်ကွင်းအချို့ကို လူမှုကွန်ရက်တွင် ဖော်ပြလာသည်ကို မြင်တွေ့ရသည်။

ယင်းသို့သော စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာမှ သတ်မှတ်ပေးထားသည့်နေရာတွင်သာ စွန့်ပစ်ရမည်ဖြစ်သော်လည်း ယင်းသို့ပိတောက်ချောင်းအလွန်တွင် လမ်းသားမျက်နှာပြင်ထက်မြင့်နေသော တောင်ကမူတန်းများအဖြစ် မြင်တွေ့လာရသည့်အတွက် လမ်းနယ်ကျဉ်းလာခြင်း၊ မြို့ပြအလှနှင့် သန့်ရှင်းမှုပုံရိပ်ကျဆင်းစေခြင်း၊ ခြေကျင်သွားသူများ ယာဉ်အန္တရာယ်စိုးရိမ်ရခြင်းများ ဖြစ်ပေါ်စေသည်ဟု ပြောဆိုကြသည်။

၂၀၁၆ ခုနှစ်ဝန်းကျင်ကာလများတွင် ယင်းနေရာများတွင် မပုံရဥပဒေအရ အရေးယူမည်ဟု ဖော်ပြထားသော တားမြစ်စာသား အနီရောင်စာတန်းများ စိုက်ထူထားခဲ့သည်။ စည်းကမ်းမဲ့လာရောက်စွန့်ပစ်သော အပုံကြီးများကို စက်အားလူအားသုံး ဖြိုချခြင်းများရှိခဲ့သည်ကို မြင်တွေ့ရသည်။ ပျက်စီးသွားသော တားမြစ်ဆိုင်းဘုတ်တိုင်များ အသစ်ပြန်လည် စိုက်ထူခြင်းရှိခဲ့သော်လည်း တားမြစ်စာသားများ ထက်မံပျက်စီးပျောက်ကွယ်လာသည့်တစ်နှစ်ဝန်းကျင်ကာလတွင် လမ်းသားအထိ ရောက်ရှိပြီး လမ်းသားထက်မြင့်နေသော စွန့်ပစ်ပစ္စည်းမျိုးစုံ တောင်ကမူတန်းကို မြို့တော်အလှ မြင်ကွင်းဆိုးစေသည့်ပုံရိပ်သဖွယ် မြင်တွေ့နေရသည်။

ယင်းကဲ့သို့ လာရောက်စွန့်ပစ်စုပုံနေကြသည့် ဖြစ်စဉ်များအပေါ် လိုအပ်ချက်အရ ခွင့်ပြုနေရခြင်းများရှိလျှင်လည်း စည်းကမ်းတကျ လမ်းမပေါ်လမ်းသွားလမ်းလာများ တက်ရောက်လျှောက်နေရသည်အထိ စွန့်ပစ်နေရခြင်းမျိုးကို တားမြစ်ပေးစေလိုသည်ဟု ယင်းနေရာကို နေ့စဉ်နီးပါးဖြတ်သန်းသွားလာ၍ မြင်တွေ့နေသူကို တစ်ဦးက ပြောသည်။

**မောင်စေအောင်**



# လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်းဘွဲ့ ဧပြီ ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ ခွဲခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်မှူး ဦးဇော်မင်းက ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၁၂၀၆ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂၀၆ သိန်းကို လူမှုရေးဝန်ကြီးဒေါက်တာတင်ဝင်းကျော်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲသို့ လူမှုရေးဝန်ကြီး၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး များနှင့်မသန်စွမ်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် ဧပြီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပရာ



မွန်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်းနှင့် မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ကော်မတီမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းဌာနများ၊ ရပ်ရွာအခြေပြုနှင့် အိမ်အခြေပြုလုပ်ငန်းများ မှတ်ပုံတင်ကြေးနှင့် တည်ထောင်ခွင့်ပြုမိန့်အတွက် အခကြေးငွေများသတ်မှတ်ခြင်းကို မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၁. ၇. ၂၀၁၇ ရက်နေ့ အစည်းအဝေး၌ အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေများကိုလည်း ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းစဉ်များနှင့်ပက်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကလေးမြို့၌ မော်တော်ယာဉ်ဂိတ်လိုင်းများအား ဝန်ဆောင်မှုဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကလေး ဧပြီ ၁၁**

မြန်မာ့နှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကာလ ခရီးသွားမိဘပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ကားကြီးဝင်းပင်မယာဉ်ရပ်နားစခန်းတွင် ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီက မော်တော်ယာဉ်ဂိတ်လိုင်းများရှိ ခရီးသွားမိဘပြည်သူများအား ဝန်ဆောင်မှုဆိုင်ရာအသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက သင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း ခရီးသွားမိဘပြည်သူများ မော်တော်ယာဉ်စီးနင်းခွင့် ကားလက်မှတ်ဝယ်ယူရန်နှင့် ယာဉ်စီးနင်းလိုက်ပါရာတွင် ယာဉ်စီးနင်းခအား သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသောခုံနံပါတ်နှင့် စီးနင်းရာတွင် နေရာလွဲမှားနေခြင်း၊ သတ်မှတ်အရေအတွက်ထက် ခရီးသည်များ ပိုမိုတင်ဆောင်ခြင်း၊ ခရီးစဉ်အားသတ်မှတ်အချိန်အတိုင်း ထွက်ခွာမှုမရှိခြင်း၊ ခရီးသည်အား သတ်မှတ်နေရာသို့ရောက်အောင် ပို့ဆောင်ပေးမှုမရှိခြင်း၊ အာမခံကတိကဝတ်အတိုင်း ဆောင်ရွက်မပေးခြင်း၊လက်မှတ်ဝယ်ယူရာတွင် ကြော်ငြာထားသည့် နေ့ရက်၌ အမှန်တကယ်ဝယ်ယူရရှိမှုမရှိပါက မိမိတို့ဌာနသို့ အသိပေးတိုင်ကြားနိုင်ပါကြောင်းနှင့် စားသုံးသူဆိုသည်မှာ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသုံးခြင်း(သို့မဟုတ်)သုံးစွဲခြင်းပြု



သူကို ဆိုလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၊ ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်ခြင်းနည်းပညာများ ရယူနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးရိက္ခာ ဖူလုံစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့် ကျေးလက်ဒေသအထောက်အကူပြု ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ငါးလုပ်ငန်းစခန်းများနှင့် တစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံများ ဖွင့်လှစ်ထားရှိပါသည်။

၂။ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ငါးမျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် စနစ်တကျမွေးမြူထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းစခန်းများတွင် ငါးသားဖောက်ခြင်းနှင့် အခြေခံငါးမွေးမြူရေးသင်တန်းများအား စာတွေ့၊ လက်တွေ့ ကွင်းဆင်းသင်ကြားပေးခြင်း၊ JICA စီမံကိန်းမှ အပူပိုင်းဇုန်ဒေသများရှိ စီမံကိန်းကျေးရွာများတွင်လည်းကောင်း၊ MY Culture စီမံကိန်းမှ ဧရာဝတီတိုင်းဒေသကြီးနှင့် အပူပိုင်းဇုန်ဒေသများရှိ စီမံကိန်းကျေးရွာများတွင်လည်းကောင်း ငါးမွေးမြူရေးနည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၃။ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ငါးမွေးမြူသူများအား ငါးမွေးမြူခြင်းဆိုင်ရာ အခြေခံဗဟုသုတများနှင့် ငါးသားဖောက်ခြင်းလက်တွေ့ နည်းပညာရပ်များကို သိရှိစေရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးသားဖောက်ခြင်းသင်တန်းသို့ တက်ရောက်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများနှင့် မွေးမြူရေးဌာနခွဲ(နေပြည်တော်) ဖုန်း-၀၆၇-၄၁၈၅၃၈၊ ၄၀၈၄၇၆ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၁၁**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte, Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် AD-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship "DHIRUBHAI DEEPWATER KG 2" ဖြင့် တွင်းတည်နေရာများဖြစ်သော Aung Siddhi-1 Pilot Hole တွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၇ ဒသမ ၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၀၀ ဒသမ ၉၃၄ စက္ကန့်နှင့် Aung Siddhi-1 တွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၈ ဒသမ ၅၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၀၀ ဒသမ ၉၃၀ စက္ကန့်တို့တွင် ဧပြီ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တွင်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် တွင်းတူးဖော်မည့် တည်နေရာ ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

**ကြေးမုံ**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ နန္ဒာမင်းလွင်ရေးသားသည့် **"စည်းခုံတော်သမိုင်းနှင့် စစ်ကိုင်းတွင်မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ"** စာအုပ်ကို စာအုပ်အသင်း၏ ၂၀၁၈ ခုနှစ် ဧပြီလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်းအမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်လေကြောင်းရဲတပ်ဖွဲ့ခွဲမှ သောက်သုံးရေနှင့်အချိုရည်ဘူးများ လှူဒါန်း

**ရန်ကုန် ဧပြီ ၁၁**

လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အုပ်စိုးထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက သောက်သုံးရေရှားပါးမှုနှင့်ကြုံတွေ့နေရသည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သခွတ်ပင်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာနှင့် စစုကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေနှင့် အချိုရည်ဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာရှိ ပြည်သူများသို့ သုံးရေဂါလန် ၁၂၀၀၊ သောက်ရေသန့်လီတာဝင် ၂၀(၁၇၅၀)ဘူး၊ တစ်လီတာဝင် ၅၂၄ ဘူး၊ အချိုရည် ၅၀၄ ဘူးတို့ကို လှူဒါန်းခဲ့ပြီး စစုကျေးရွာ စက်ရွာကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**